# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၁၂) ရက် ၊ ကြာသပတေးနေ့ ၊ (1-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၉၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး( ၂ / ၂၀၂၄ )ကျင်းပ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၄) ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၂/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ယာယီသမ္မတ ဦးမြင့်ဆွေသည် လက်ရှိကျန်းမာရေးအခြေအနေအရ ဆေးခွင့်ယူ၍ ဆေးကုသမှုခံယူနေသဖြင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ယာယီသမ္မတတာဝန်ဝတ္တရားများကို လွှဲပြောင်းအပ်နှံခဲ့သောကြောင့် အစည်းအဝေးသို့ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**


**သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ရွှေဖီဦး**




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်
အယ်ဒီတာ့အာဘော်

# အနာဂတ်ဆေးပညာသင်ကြားမှု တိုးတက်မြင့်မားစေရေး

ကမ္ဘာ့နိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံ၏ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်အပေါ် မူတည်၍ နိုင်ငံ၏ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ပင် မြန်မာနိုင်ငံသည်လည်း တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍမြင့်တင်နိုင်ရန်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန်၊ အနာဂတ်ဆေးပညာသင်ကြားရေးတိုးတက်မြင့်မားစေရန်အတွက် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ခေတ်တွင် အရည်အသွေးပြည့်မီသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ သင်ကြားမွေးထုတ်ရာတွင် အကောင်းဆုံးနည်းလမ်းမှာ ရလဒ်အခြေပြု ဆေးပညာသင်ကြားရေးစနစ်ဖြစ်ကြောင်း နိုင်ငံတကာက တညီတညွတ်တည်း စံတစ်ခုအဖြစ် လက်ခံကျင့်သုံးလျက်ရှိသည်။ ရလဒ်အခြေပြုဆေးပညာသင်ကြားရေးစနစ်ဆိုသည်မှာ ပြည်သူလူထုကို ပြည့်စုံလုံလောက်သောကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် ကျန်းမာရေးစွမ်းအားစုများတွင်ရှိရမည့် လိုအပ်သောစွမ်းရည်များကိုဖော်ထုတ်လျက် ၎င်းစွမ်းရည်များပြည့်မီစေရေး ဦးတည်လေ့ကျင့်ပေးခြင်းပင်ဖြစ်သည်။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရန်အတွက် တက္ကသိုလ် ၁၇ ခု၊ သူနာပြုသားဖွား၊ နီးနွယ်သင်တန်းကျောင်း ၅၃ ကျောင်းထိ တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ သင်ကြားရေးပိုင်းတွင် လိုအပ်သော ခေတ်မီနည်းပညာမြင့်၊ အရည်အသွေးမြင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ၊ အခြေခံအဆောက်အအုံများနှင့် သင်ကြားရေးဆေးရုံများ အဆင့်မြှင့်တင်ခြင်းတို့ကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော်တွင် ဇူလိုင် ၂၉ ရက်နှင့် ဇူလိုင် ၃၀ ရက်က ကျင်းပခဲ့သည့် ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲတွင် KG+12 ပညာရေးစနစ်သစ်အရ ဘွဲ့ကြိုသင်တန်းအသီးသီး၏ သင်ရိုးညွှန်းတမ်းများ ပြန်လည်သုံးသပ်ပြင်ဆင်ရေးနှင့် ဘွဲ့လွန်ဆေးပညာသင်ကြားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ခေတ်ကာလပြောင်းလဲတိုးတက်မှုနှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်ရေး ဆွေးနွေးခဲ့ကြသည်။

ပြောင်းလဲတိုးတက်လာသော ဆေးပညာသင်ကြားရေးစနစ်များကို နိုင်ငံတကာနှင့်နည်းတူ မြန်မာနိုင်ငံတွင်လည်း မြှင့်တင်ပြောင်းလဲကျင့်သုံးနိုင်စေရန်အတွက် ဆေးပညာနှီးနှောဖလှယ်ပွဲများကျင်းပ၍ တိုင်ပင်ဆွေးနွေးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည်။ ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲများကို ၁၉၆၄ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၇၀ ပြည့်နှစ်တွင် ဒုတိယအကြိမ်၊ ၁၉၇၂ ခုနှစ်တွင် တတိယအကြိမ်၊ ၁၉၇၈ ခုနှစ်တွင် စတုတ္ထအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ပဥ္စမအကြိမ်၊ ၂၀၀၃ ခုနှစ်တွင် ဆဋ္ဌမအကြိမ်၊ ၂၀၀၈ ခုနှစ်တွင် သတ္တမအကြိမ်၊ ၂၀၀၉ ခုနှစ်တွင် အဋ္ဌမအကြိမ်၊ ၂၀၁၁ ခုနှစ်တွင် နဝမအကြိမ်၊ ၂၀၁၆ ခုနှစ်တွင် ဒသမအကြိမ်နှင့် ယခု ၂၀၂၄ ခုနှစ်တွင် ဧကာဒသမအကြိမ်အဖြစ် ကျင်းပခဲ့သည်။

သို့ဖြစ်ရာ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍမြင့်တင်နိုင်ရန် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို လုံလောက်စွာလေ့ကျင့်မွေးထုတ်နိုင်ရေးသာမက အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာ၏ ဆေးပညာသင်ကြားရေးအဆင့်အတန်း၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေး အနာဂတ်ဆေးပညာသင်ကြားမှုတိုးတက်မြင့်မားရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံ ဧက ၉၉၀၀၀၀ ကျော်ပါဝင်သည့် အထူးဇုန်များ ယခုဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်နေ



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီးတွင် ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးအတွက် မြေပဲ၊ နှမ်းနှင့် နေကြာ အဓိကစိုက်ပျိုးသော ဆီထွက်သီးနှံ ဧက ၉၉၀၀၀၀ ကျော်ပါဝင်သည့် အထူးဇုန်များကို ယခုဘဏ္ဍာနှစ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဆီထွက်သီးနှံအထူးဇုန်(၁) တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

ထိုသို့ ဆီထွက်သီးနှံအထူးဇုန်များကို အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် ဆီထွက်သီးနှံအထူးဇုန်(၁)အနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ငါးခရိုင်မှ မြို့နယ် ၁၂ မြို့နယ်တွင်လည်းကောင်း၊ ဆီထွက်သီးနှံအထူးဇုန်(၂) အနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်သုံးခရိုင်မှ မြို့နယ်ခုနစ်မြို့နယ်တွင်လည်းကောင်း အသီးသီး အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"အထူးဇုန်(၁) မှာဆိုရင်တော့ ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်၊ ကျောက်ဆည်ခရိုင်၊ အမရပူရခရိုင်နဲ့ အောင်မြေသာစံခရိုင်အတွင်း မြို့နယ် ၁၂ မြို့နယ်မှာ မြေပဲ၊ နှမ်း၊ နေကြာ ဧက ၅၄၀၀၀၀ ကျော် စိုက်ပျိုးမှာဖြစ်ပါတယ်။ အထူးဇုန်(၂)အနေနဲ့ကတော့ ညောင်ဦးခရိုင်၊ မြင်းခြံခရိုင်၊ တံတားဦးခရိုင်အတွင်း မြို့နယ်ခုနစ်မြို့နယ်မှာ မြေပဲ၊ နှမ်း၊ နေကြာဧက ၄၅၀၀၀၀ ကျော် စိုက်ပျိုးမှာဖြစ်ပါတယ်။ ဒီလိုအထူးဇုန်တွေ ဆောင်ရွက်တာဟာ အထွက်နှုန်းတိုးတက်စေဖို့အတွက် လိုအပ်တဲ့ နည်းပညာပေးနိုင်ဖို့၊ လိုအပ်တဲ့သွင်းအားစုတွေ ဝယ်ယူနိုင်ဖို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထုတ်ချေးနိုင်ဖို့၊ ထွက်ရှိလာတဲ့သီးနှံတွေ အထွက်နှုန်းမြင့်တက်လာပြီး ပြည်တွင်းစားသုံးဆီ ဖူလုံစေရုံသာမက ပြည်ပထိ တင်ပို့နိုင်ဖို့ဖြစ်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ယခုဘဏ္ဍာနှစ် မိုးကာလအတွင်း ဆီထွက်သီးနှံအထူးဇုန်(၁)တွင် မြေပဲဧက ၅၀၀၀၀ ကျော်၊ နှမ်းဧက ၂၇၀၀၀၀ ကျော်၊ နေကြာဧက ၂၀၀၀၀ ကျော်နှင့် ဆီထွက်သီးနှံအထူးဇုန်(၂)တွင် မြေပဲဧက ၃၀၀၀၀၀ ကျော်၊ နှမ်းဧက ၁၀၀၀၀၀ ကျော်၊ နေကြာဧက ၄၀၀၀၀ ကျော်တို့ကို တောင်သူများက စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

ASH

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ချောင်းဦး ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၁၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ချောင်းဦးမြို့နယ်အတွင်း မတ်ပဲဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးနေကြောင်း သိရသည်။

ချောင်းဦးမြို့နယ်၌ မတ်ပဲစိုက်ပျိုးရာတွင် တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၂၀၀၀၀၀ ကျော် ကုန်ကျပြီး တစ်ဧကလျှင် မတ်ပဲ ၁၄ တင်းကျော်ထွက်ရှိကြောင်း သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမုတ် ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ငါးမုတ်ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ငါးမုတ်ပိဿာချိန် ၆၁၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ငါးမုတ်ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးမုတ်များကို ပြည်တွင်းဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လပထမပတ်က စပြီး ငါးမုတ်တွေတင်ပို့အားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးမုတ်ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ငါးမုတ်တွေကို ရန်ကုန်ဘက်က အဝယ်လိုက်လာလို့ တင်ပို့အားကောင်းခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အားကောင်းလာတော့ ရေလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်။ ဒီဘက်ဒေသက ထွက်တဲ့ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဘက်ကို ကုန်ပစ္စည်းတွေတင်ပို့ရောင်းချရတာ အစစအရာရာအဆင်ပြေပါတယ်"ဟု လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးမုတ်များအပါအဝင် ရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျစစ်ဆေးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိတွင် ငါးမုတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၁၀၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရပ်စောက်မြို့နယ် ကျောက်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

**ရပ်စောက် ဇူလိုင် ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တောကျေးရွာအုပ်စု ကျောက်တောကျေးရွာ၌ ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် ကျေးရွာတွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၃၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျောက်တောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၇၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၃၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ရိုးသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၈၄ လမ်းနှင့် ၄၂ လမ်းထောင့် မိုးသူအင်ဂျင်ပိုင်ရောင်းဝယ်ရေးမိသားစု မိဘများဖြစ်သော ဦးစိန်-ဒေါ်တုတ်တုတ်တို့အားရည်စူး၍ ကျောက်ကပ်ဆေးနေသောသံဃာ၊ သီလရှင် ၁၅ ပါးအတွက် အလှူငွေကျပ် ၅၂၅၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ရေဦးခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေစပါး ၂၅၉၈၆ ကေရိတ်သိမ်းပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေစပါး ၂၅၉၈၆ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် စိုက်ပျိုးထားသောနွေစပါးများကို ယခုနှစ် ဇွန်လမှ စတင်၍ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၅၉၈၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၂ ဒသမ ၂၈ တင်းထွက်ရှိကြောင်း သိရသည်။

"နွေသီးနှံစိုက်ပျိုးရာသီက ရေဦးခရိုင်မှာ နွေစပါး ၃၃၁၆၈ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ၂၅၉၈၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးဖို့၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပေးခဲ့တယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် မြို့နယ်အလိုက် နွေစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၆၉၁၁ ဧက၊ တန့်ဆည်မြို့နယ်တွင် ဧက ၄၉၂၀ နှင့်ဒီပဲယင်းမြို့နယ်တွင် ၁၄၁၅၅ ဧက စုစုပေါင်း ၂၅၉၈၆ ဧကတို့ဖြစ်ကြောင်း၊ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် နွေစပါး၃၃၁၆၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နွေစပါးများအခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ရေဦးခရိုင်တွင် စပါးစိုက်ပျိုးတောင်သူများအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်

**မြိတ် ဇူလိုင် ၃၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျောက်ဖျာကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များရွေးချယ်ဖွဲ့စည်းခြင်းကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ကျောက်ဖျာကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်းလက်စွဲစာစောင်ပါ သတ်မှတ်ချက်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# မြောင်းမြမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၉၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၉၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းကပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ မိုးသီးနှံအဖြစ် ပီလောပီနံ ၁၂၈၁ ဧကကို မေလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပီလောပီနံ ၉၈၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ပီလောပီနံများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများနှင့်ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က မိုးသီးနှံတွေလျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့နဲ့ သီးနှံတွေအားလုံးအတွက် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကိုအချိုးကျအသုံးပြုတတ်စေဖို့စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားရောဂါမကျရောက်စေဖို့ ဝန်ထမ်းတွေက ကြိုတင်ကွင်းဆင်း နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေကလဲ ပီလောပီနံကို စိုက်ဖူးတဲ့အတွေ့အကြုံတွေရှိပါတယ်။ ပီလောပီနံကို မိုးသီးနှံစိုက်ပျိုးရာသီမှာဧက ၁၂၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ အခုအခါ ပီလောပီနံစိုက်ဧက ၁၀၀၀ နီးပါး စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဒေသခံတွေစီးပွားရေးအခွင့်အလမ်းတွေ ကောင်းလာစေဖို့နဲ့ဒေသစိုက်ပျိုးထုတ်ကုန်တစ်ခု တိုးလာစေဖို့အတွက် ပီလောပီနံတွေကိုစိုက်ပျိုးတာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ဒေသခံတောင်သူများစိုက်ပျိုးသည့် ပီလောပီနံအမျိုးအစားသည် စတင်စိုက်ပျိုးသည့်အချိန်မှ သုံးလ သို့မဟုတ် လေးလခန့်အကြာတွင် ပြန်လည်တူးဖော်ရောင်းချနိုင်ကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချပြီး ယခင်နှစ်မိုးရာသီက စိုက်ခဲ့သည့် ပီလောပီနံပိဿာချိန် ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ဈေးရရှိခဲ့ပြီးဒေသခံတောင်သူများ အရောင်းအဝယ်ပိုမိုကောင်းမွန်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# တောင်ဖီလာဆရာတော်နှင့်ဝေဿန္တရာပျို့ (၃)

**ပိုလ်ရှိတ်(ရတနာပူရ)**

**မင်းရဲကျော်စွာအဆောင်အရွက်ပေးအမိန့်**

သာလွန်မင်းတရားလက်ထက်တွင် ညီတော် အိမ်ရှေ့မင်း မင်းရဲကျော်စွာကို အဆောင်အရွက်များ ပေးခဲ့သည်။ သာလွန်မင်းက မင်းရဲကျော်စွာကို အဆောင်အရွက်ပေးကြောင်းဖော်ပြထားသည့်အမိန့်တော်တစ်ရပ်ကို တွေ့ရသည်။ ထိုအမိန့်တော်အရ သာလွန်မင်းက မင်းရဲကျော်စွာကို အဆောင်အရွက် ပေးကြောင်းသိရခဲ့ရသလို ထိုအမိန့်သည် ညောင်ရမ်းခေတ်အိမ်ရှေ့မင်းတစ်ပါးကို ရှင်ဘုရင်တစ်ပါးကပေးသည့် အဆောင်အရွက်ကို သိနိုင်သည်။ ရှားရှားပါးပါး ထိုအမိန့်တော်ကိုဖော်ပြပါမည်။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ညီတော် မင်းရဲကျော်စွာကို အိမ်စကြော ၄ ပွင့်၊ အမွှမ်းချင်ပိတ်၊ အပြော်ထုတုရင်ပျားတပ်၊ အနီး၊ ဝင်းမြင်ကပ်အထက်ကွပ်ပြစ်စီ၊ ပတ်လည်ကောင်းဟံတန်းနှင့် စောင့်နေစေ။ ကင်းတားမြင်း ၄ စု၊ လက်ဝဲရာဇသွေ့ာက်၊ နန္ဒသီဟသွေ့ာက်၊ လက်ယာရဲသူသွေ့ာက်၊ လက်ယာကာမဏိသွေ့ာက်၊ ဆင်တော်သည် သိခ်ရဲသူသွေ့ာက်တို့ကိုအပ်ရမည်။ လှေ်ကားစင်းလုံးငှက်ပြည့်(လက်ပြည့်)ခင်တရင်၊ အနီတစု၊ ရွှေနှစ်စု၊ အမိုးနီတွင် ရွှေကြာနှစ်ပွင့်၊ ကြာရိုဝ်း၊ ကြာရွက်ဇဝါရေး၊ အမွှမ်းအပျောက်ထု၊ ဟင်းရန်ဘူး၊ မျက်နှာကြက်၊ ကြာယပ်အောင်းဖြူငါးပွင့်၊ ငွေကျိုင်းရွှေကတော့၊ တက်မရွှေပိန်း၊ လှေ်ကားတက်ချင်ပုရွှေအရွက်နီလှေ်လူဗောင်းချွန်၊ လှေ်ကားဦးပဲ့လုင်တိုင်၊ ကြေးစည်တိုင်၊ လှေ်ကားမျက်စိနှစ်ဘက်ဝပ်၍စီးစေ။ ဝေါကြီးကျိုင်းရွှေချက် ၄၊ ထားလိုက် စားတော်ကွမ်းရေကိုင်၊ အဆောင်နီ၊ ဆင်ပေါက် ၅ စီး၊ ယဉ်သာ ၅ စီး၊ ရွှေဒိုင်း ၁၀၊ ရွှေ ဓား ၁၀၊ ရွှေလှံ ၁၀၊ ရွှေလွှား ၁၀၊ ကုလားပျိုဝ်သွေ့ာက် ၁၀၊ စည်နီ ၅ လုံး၊ ငွေနှဲငွေခရာ၊ ပုံသာ သနားတော်မူသည်။ ခေါ်၍လွှတ်တွင်ပြန်၊ သက္ကရာဇ် ၁၀၀၀ ပြည့် နယုန်လဆန်း ၇ ရက်နေ့ နာခံတော် စမြောင်မှူးလွှတ်တွင် ပြန်သည့်အမိန့်တော်"

**မင်းရဲကျော်စွာနတ်ရွာစံခြင်း**

မင်းရဲကျော်စွာသည် သာလွန်မင်းလက်ထက်တွင် အိမ်ရှေ့စံအဖြစ်နေခဲ့ရသော်လည်း ရှင်ဘုရင် မဖြစ်ခဲ့ပေ။ နောင်တော်သာလွန်မင်းတရား အရင်နတ်ရွာစံခဲ့သောကြောင့် ရှင်ဘုရင်အဖြစ်သို့မရောက်ခဲ့ခြင်းဖြစ်သည်။ မင်းရဲကျော်စွာနတ်ရွာစံသောနေ့ကို မှံရွှေးရာဇဝင်ကျော်၌ "သက္ကရာဇ် ၁၀၀၉ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့ ည ၄ ချက်တီးကျော် ငါးမောင်း(၁၆၄၇ ခုနှစ်၊ ဇူလိုင် ၁၈ ရက်) တွင် နတ်ရွာစံသည်ဟု ဖော်ပြထားသည်။ ရာဇဝင်ကြီးအစောင်စောင်တွင် မင်းရဲကျော်စွာနတ်ရွာစံသောနေ့ကို ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့ဖြစ်ကြောင်း ဖော်ပြထားသော်လည်း အိမ်ရှေ့မင်း မင်းရဲကျော်စွာလွန်တော်မူရာ သဂြိုဟ်စာတမ်း၌ တနင်္လာနေ့ဟု နေ့ကိုဖော်ပြထားသည်။ တနင်္ဂနွေနှင့် တနင်္လာလွဲနေသည်ဟု ထင်စရာရှိသည်။ အမှန်က မလွဲပါ။ မင်းရဲကျော်စွာသည် ညဉ့်အချိန်တွင် နတ်ရွာစံခဲ့သောကြောင့် ရာဇဝင်ကြီးဆရာများက တနင်္ဂနွေဘက်ကိုယူ၍ ရေးခြင်းဖြစ်ပြီး သဂြိုဟ်စာတမ်းက တနင်္လာနေ့ဘက်ကိုယူ၍ ရေးခြင်းဖြစ်သည်။

ဤတွင် မင်းရဲကျော်စွာနှင့်ဆိုင်သော မှတ်သားစရာတစ်ခုကို တွေ့ရသည်။ မင်းရဲကျော်စွာ၏ မွေးဖွားနှစ်ကို ရာဇဝင်ကြီးအစောင်စောင်၌ဖော်ပြမထားပေ။ သဂြိုဟ်စာတမ်း၌ "ညီတော်မင်းရဲကျော်စွာ နံ ၆ ကြာ၊ သက်တော် ၅၆ လွန်တော်မူသည်"ဟူ၍ ဖော်ပြထားသည်။ မင်းရဲကျော်စွာသည် ၁၀၀၉ ခုနှစ် သက်တော် ၅၆ တွင် နတ်ရွာစံသည်ဟုဆိုသောကြောင့် ၁၀၀၉ မှ ၅၆ ကိုနုတ်လျှင် မင်းရဲကျော်စွာ၏ မွေးဖွားနှစ်သည် ၉၅၃ ခုနှစ်ဖြစ်ကြောင်း သိရပေသည်။ အိမ်ရှေ့မင်း မင်းရဲကျော်စွာ နတ်ရွာစံသည်နှင့်ပတ်သက်၍ သာလွန်မင်းတရားကြီးထုတ်ပြန်ခဲ့သော သဂြိုဟ်အစီအရင်အမိန့်တော်တစ်ရပ်ကိုလည်းတွေ့ရသည်။ ထို့အတူ အိမ်ရှေ့မင်းလွန်တော်မူရာ သဂြိုဟ်သော စာတမ်း " ဟူသော မင်းရဲကျော်စွာကို သဂြိုဟ်သည့်အကြောင်း မှတ်တမ်းတင်ထားသည့် သဂြိုဟ်စာတမ်းကိုလည်း တွေ့ရသည်။ မှတ်တမ်းနှစ်ခုစလုံးသည် သမိုင်းတန်ဖိုးကြီးမားသော မှတ်တမ်းများဖြစ်သည်။ ညောင်ရမ်းခေတ်က အိမ်ရှေ့မင်းတစ်ပါး၏ သဂြိုဟ်သည့် အစီအစဉ်ကို ပြည့်စုံစွာလေ့လာနိုင်သည်။ နန်းဓလေ့ဒုမင်္ဂလာအစီအစဉ်ကို လေ့လာနိုင်သော မှတ်တမ်းများဖြစ်သည်။

**တိပိဋကလင်္ကာရဘွဲ့တံဆိပ်တော်**

တောင်ဖီလာဆရာတော်သည် စကုစားမင်းရဲကျော်စွာ ဆောက်လုပ်လှူဒါန်းသည့် စစ်ကိုင်းမြစ်နား လေးထပ်ကျောင်း၌ သီတင်းသုံးနေထိုင်စဉ် အနောက်ဘက်လွှန်မင်းတရားကြီးက တိပိဋကလင်္ကာရတံဆိပ်ဆက်ကပ်လှူဒါန်းခဲ့သည်။ ဤမှတ်တမ်းမှာ စစ်ကိုင်းသာသနာဝင်ကျမ်းအလိုအရဖြစ်သည်။ ဟင်္သာတ သပြေပင်ဆရာတော်ကြီးပြုစုသော သာသနဝံသဒီပနီကျမ်းနှင့် သာသနာလင်္ကာရစာတမ်းတို့၌ တိပိဋကလင်္ကာရတံဆိပ်ကို သာလွန်မင်းတရားကြီးက ဆက်ကပ်ကြောင်း ဖော်ပြထားသည်။

**သာလွန်မင်းလက်ထက်**

သက္ကရာဇ် ၉၉၁ ခုနှစ်တွင် သာလွန်မင်းနန်းတက်တော်မူသည်။ နန်းတက်ပြီး လေးနှစ်အတွင်း သာလွန်မင်းသည် ဘိသိက်မခံသေးဘဲ တိုင်းရေးပြည်ရေးကို ရှင်းလင်းတော်မူသည်။ ထိုသို့ ပြည်ထဲရေးကို ရှင်လင်းပြီးသောအခါတွင် သက္ကရာဇ် ၉၉၅ ခုနှစ်၌ ဟံသာဝတီမြို့ အနောက်မြောက်ယွန်း အောင်မြေအရပ်၌ ဘိသိက်ခံတော်မူသည်။ ထိုသို့ ဘိသိက်ခံတော်မူစဉ် မွန်ရဟန်း၊ မှူးမတ်တို့က "မြန်မာရဟန်းများ စာပေကျမ်းဂန်တတ်မြောက်ကြသည်မှာ မဟုတ်"ဟူ၍ ဆိုကြသည်ကို သာလွန်မင်းတရားကြီးကြားတော်မူသည်။ ထို့ကြောင့် သာလွန်မင်းက အင်းဝလေးထပ်ဆရာတော်ထံ သက်တော် ၃၀ နှင့် ၄၀ ကြား ကျမ်းဂန်၊ ဗေဒင်၊ လောကဓမ္မ တို့တွင် နှံ့စပ်သောရဟန်းတော်နှစ်ပါး၊ သုံးပါးစေလွှတ်ရန်လျှောက်ထားသည်။ ထို့ကြောင့် လေးထပ်ကျောင်းဆရာတော်က တောင်ဖီလာဆရာတော်အပါအဝင် ဆရာတော်သုံးပါးစေလွှတ်သည်။ ထိုဆရာတော်သုံးပါးမှာ-

၁။ တိပိဋကလင်္ကာရတောင်ဖီလာဆရာတော်

၂။ အရှင်တိလောကာလင်္ကာရဆရာတော်

၃။အရှင်တိသာသနာလင်္ကာရဆရာတော်

တို့ဖြစ်သည်။

တောင်ဖီလာဆရာတော်ဦးဆောင်သော ဆရာတော်သုံးပါးသည် ဟံသာဝတီသို့ကြွတော်မူပြီး ရွှေမော်ဓောတဲကျောင်း၌ သီတင်းသုံးကာ စာပေပို့ချနေသည်။ ထိုအခါမှ မွန်ရဟန်းတော်နှင့် မွန်မှူးမတ်တို့က မြန်မာရဟန်းတော်များ ပညာတတ်ကြကြောင်း ချီးကျူးထောမနာပြုကြသည်။

ထိုသို့ သာသနာရေးကိစ္စပြီးပြေသောအခါတွင် တောင်ဖီလာဆရာတော်သည် သာလွန်မင်းတရားနှင့်အတူ ၉၉၆ ခုနှစ်တွင် ဟံသာဝတီမှ အင်းဝသို့ပြန်ကြွခဲ့သည်။

> ❖ တောင်ဖီလာဆရာတော်သည် ရွှေဥမင်ဆရာတော်ကို ဖူးမြော်ပြီး အပြန်တွင် စစ်ကိုင်းမြစ်နားလေးထပ်ကျောင်းတွင် သီတင်းမသုံးဘဲ စစ်ကိုင်းတောင်နှင့် မင်းဝံတောင်ကြားရှိ တောင်ဖီလာတောသို့ဝင်ကာ တောထွက်ခဲ့ခြင်းဖြစ်ကြောင်း သာသနာဝင်မှတ်တမ်းတို့၌ ဖော်ပြကြသည်။ တောထွက်ရသည့်အကြောင်းမှာလည်း ရွှေဥမင်ဆရာတော်နှင့်ဆုံစဉ် ရွှေဥမင်ဆရာတော်၏ဆုံးမသြဝါဒကို သတိသံဝေဂရပြီး တောထွက်ခဲ့ခြင်းဖြစ်သည်ဟု သာသနာဝင်ကျမ်းတချို့၌ ဖော်ပြကြသည်။ တောင်ဖီလာဆရာတော်က ရွှေဥမင်ကျောင်းသို့ဝင်ဖူးတွေ့စဉ်အခါဖြစ်သည်။ ရွှေဥမင်ဆရာတော်သည် တောထဲတွင် တစ်ပါးတည်းသီတင်းသုံးနေခဲ့သည်။ ❖

**ခြေတော်ရာနှစ်ဆူရှာခြင်း**

ယခု မင်းဘူးမြို့နယ်တွင်ရှိသော စက်တော်ရာနှစ်ဆူသည် သက္ကရာဇ် ၈၆၃ ခုနှစ်တွင် အင်းဝ၌ နန်းတက်သော ရွှေနန်းကြော့ရှင်လက်ထက်မှစ၍ တိမ်မြုပ်နေခဲ့သည်။ ရွှေနန်းကြော့ရှင်လက်ထက်တွင် သိုဟန်ဘွားအရေးကြောင့် တိုင်းရေးပြည်ရေးမငြိမ်မသက်ဖြစ်ကာ ခြေတော်ရာနှစ်ဆူမှာ တိမ်မြုပ်နေခဲ့သည်။ ထိုသို့ တိမ်မြုပ်နေသော ခြေတော်ရာကို တောင်ဖီလာဆရာတော်သည် ပြန်လည်ရှာဖွေဖော်ထုတ်ရန်အတွက် သာလွန်မင်းတရားထံ မေတ္တာစာဆက်သွင်းခဲ့သည်။ သာလွန်မင်းက ခွင့်ပြုသဖြင့် တောင်ဖီလာဆရာတော်ဦးဆောင်ပြီး နောက်ပါရဟန်းတော် ၁၂ ပါးနှင့်အတူ ရှာဖွေခဲ့သည်။ တောင်ဖီလာဆရာတော် စက်တော်ရာနှစ်ဆူရှာဖွေသည့် အကြောင်းကို မှတ်တမ်းအသီးသီးတွင် အကျယ်ရှိသဖြင့် ဤနေရာတွင် အကျယ်မချဲ့တော့ပေ။ ရွှေစက်တော်သမိုင်းစာအုပ်များကို ကြည့်ရှုကတွေ့နိုင်သည်။ တောင်ဖီလာဆရာတော် စက်တော်ရာနှစ်ဆူရှာဖွေသောနှစ်မှာ သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်ဖြစ်သည်။

**ရွှေဥမင်ဆရာတော်ကိုဖူးမြော်**

တောင်ဖီလာဆရာတော်သည် စက်တော်ရာက အပြန်တွင် ပခန်းကြီးမြို့ရှိ ရွှေဥမင်ဆရာတော်ကို ဝင်ရောက်ဖူးမြော်ခဲ့သည်။ ရွှေဥမင်ဆရာတော်သည် ပုခန်းကြီးမြို့မြောက်ဘက် ရွှေဥမင်တောရကျောင်း၌ သီတင်းသုံးသည်။ တောင်ဖီလာဆရာတော်သည် မင်းဘူးမြို့မှ ရေဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာပြီး ပခန်းငယ်ဆိပ်ကမ်းသို့ရောက်သောအခါ လှေကို ဆိုက်ကပ်ရပ်နားခဲ့သည်။ တောင်ဖီလာလှေဆိုက်ကပ်ရာ ပခန်းငယ်ဆိပ်ကမ်းမှ သုံးမိုင်ခန့်ကွာဝေးသော ရွှေဥမင်ကျောင်းသို့ကြွတော်မူပြီး ရွှေဥမင်ဆရာတော်ကြီးကို ဝင်ရောက်ဖူးမြော်ခဲ့ခြင်းဖြစ်သည်။ ရွှေဥမင်ဆရာတော်၏ဘွဲ့မှာ ဇမ္ဗုဓဇဖြစ်သည်။

**တောင်ဖီလာဆရာတော်တောထွက်ခန်း**

တောင်ဖီလာဆရာတော်သည် ရွှေဥမင်ဆရာတော်ကို ဖူးမြော်ပြီးအပြန်တွင် စစ်ကိုင်းမြစ်နားလေးထပ်ကျောင်းတွင် သီတင်းမသုံးဘဲ စစ်ကိုင်းတောင်နှင့် မင်းဝံတောင်ကြားရှိ တောင်ဖီလာတောသို့ဝင်ကာ တောထွက်ခဲ့ခြင်းဖြစ်ကြောင်း သာသနာဝင်မှတ်တမ်းတို့၌ ဖော်ပြကြသည်။ တောထွက်ရသည့်အကြောင်းမှာလည်း ရွှေဥမင်ဆရာတော်နှင့်ဆုံစဉ် ရွှေဥမင်ဆရာတော်၏ ဆုံးမသြဝါဒကို သတိသံဝေဂရပြီး တောထွက်ခဲ့ခြင်း ဖြစ်သည်ဟု သာသနာဝင်ကျမ်းတချို့၌ ဖော်ပြကြသည်။ တောင်ဖီလာဆရာတော်က ရွှေဥမင်ကျောင်းသို့ဝင်ဖူးတွေ့စဉ်အခါဖြစ်သည်။ ရွှေဥမင်ဆရာတော်သည် တောထဲတွင် တစ်ပါးတည်းသီတင်းသုံးနေခဲ့သည်။ အလုပ်အကျွေး လူသူတော်တစ်ပါးသာရှိသည်။ ထိုကဲ့သို့ နေထိုင်သီတင်းသုံးသည်ကို တောင်ဖီလာဆရာတော်က "ပရိသတ်အခြွေရံနည်းပါးလှသည်။ ကြောက်တော်မမူလော"ဟု မေးရာတွင် ရွှေဥမင်ဆရာတော်က "ကြောက်၍ပင် ပရိသတ်အနည်းနှင့်နေပါသည်" ဟု မိန့်တော်မူသည်။ ထိုအခါ တောင်ဖီလာဆရာတော်က "ငါက မကြောက်တတ်သူဖြစ်ခဲ့ပြီ"ဟု သတိသံဝေဂရသည်။ တောင်ဖီလာဆရာတော်က မင်းဧကရာဇ်လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများကို ရွှေဥမင်ဆရာတော်အား တစ်ဆင့်ပြန်၍လှူသည်။ ရွှေဥမင်ဆရာတော်က လက်ဖြင့်ခံ၍ "သာဓု သာဓု သာဓု ရွှေစည်းခုံဘုရားအားလှူပါ၏"ဟုဆိုက ချထား၏။ တောင်ဖီလာဆရာတော်လှူသမျှပစ္စည်းများကို ထိုကဲ့သို့ပင်ချထားသည်ကိုမြင်သော် တောင်ဖီလာဆရာတော်သည် "သြော် ငါက မင်းဆရာဖြစ်၍ ငါ့ပစ္စည်းရှုံ့ရှာနိုးသဖြင့်ဆိုချေသည်"ဟု နှလုံးပိုက်ကာ သတိသံဝေဂရသည်။ တောင်ဖီလာဆရာတော်ပြန်တော်မူလျှင် ရွှေဥမင်ဆရာတော်သည် "ဆရာတော်ကို ငါဆုံးမလိုက်ခြင်းဖြစ်သည်"ဟု လူသူတော်ကိုမိန့်တော်မူခဲ့သည်။ တောင်ဖီလာဆရာတော်သည် စစ်ကိုင်းသို့ပြန်ရောက်သောအခါတွင် မြစ်နားလေးထပ်ကျောင်း၌ သီတင်းသုံးတော်မမူဘဲ တောင်ဖီလာတောရချောင်သို့တောထွက်တော်မူခဲ့ကြောင်း သာသနာဝင်ကျမ်းများ၌ မိန့်ဆိုကြသည်။ ယခုဖော်ပြခဲ့သည်မှာ တောင်ဖီလာဆရာတော် တောထွက်ရခြင်းအကြောင်းဖြစ်သည်။ အခြားသော မှတ်တမ်းများစွာတို့တွင်လည်း တောင်ဖီလာဆရာတော် တောထွက်ခန်းကို ထိုကဲ့သို့ပင် ရေးသားဖော်ပြကြသည်။ ဆရာကြီး ဒဂုန်ဦးထွန်းမြင့်ကလည်း "အံ့ဖွယ်စာရေးဆရာ"ဟူသော ဆောင်းပါးဖြင့် တောင်ဖီလာဆရာတော်နှင့် ရွှေဥမင်ဆရာတော်တွေ့ဆုံခန်းကို ရေးသားထား၏။ ထိုဆောင်းပါးကို ဖတ်ရသဖြင့်လည်း ပို၍ မှတ်သားဖွယ်ရာဖြစ်နေသည်။ ထို့သို့ပင် တောင်ဖီလာဆရာတော် တောထွက်ခန်းကို မှတ်သားမိခဲ့သည်။

တစ်နေ့တွင် "သမိုင်းစာအုပ်(၁)ဒုတိယပါတော်မူနေ့"ဟူသော စာအုပ်ကလေးအသစ်ထွက်လာသည်နှင့် ဝယ်ဖတ်မိပါသည်။ ထိုစာအုပ်စာမျက်နှာ ၁၆၈ ၌ "ရှေးဆရာတော်ပုဂ္ဂိုလ်ကျော်မြတ်တို့ အဆက်အနွယ်ဆိုရာစာဟောင်း"ဟူသော အမည်ဖြင့် ရှေးပေမူမှ ကူးယူထည့်သွင်းထားသော စာတမ်းတစ်စောင်ပါ၏။ ထို စာတမ်းကျမ်းပြီး နိဂုံး၌ "သက္ကရာဇ် ၁၂၁၂ ခုပြာသိုလဆန်း ၅ ရက်နေ့(၁၈၅၁ခု ဇန်နဝါရီ ၆ရက်) ရှေးဆရာတော်တို့ လက်စွဲမှတ်ပုံကကူးသည်။ အချို့ကိုလည်း စာဆွေးမြည့်သောကြောင့် ကူးမရပါ။ သံတော်ဆင့် မင်းလှမင်းထင်သီဟသူစာ"ဟူ၍ပါ၏။ အထက်ပါအထောက်ထားအရ ထိုစာတမ်းသည် ပုဂံမင်းလက်ထက်တွင်ပြုစုခဲ့ပြီး ပြုစုသူမှာ သံတော်ဆင့်မင်းလှမင်းထင်သီဟသူ ဖြစ်ကြောင်းသိရသည်။ သံတော်ဆင့်မင်းလှမင်းထင်သီဟသူသည် ကိုယ်တိုင်ပြုစုရေးသားခြင်းမဟုတ်ဘဲ ရှေးရှိခဲ့ပြီးသော ပေ၊ ပုရပိုက်အစောင်စောင်မှ ကွဲပြားစွာမှတ်သင့်ရာရာများကို မှတ်စုသဘောထုတ်ထားခဲ့ခြင်းသာဖြစ်သည်။ ထိုစာတမ်း၌ တောင်ဖီလာ ဆရာတော်ကြီး တောထွက်ခန်းကို အခြားမှတ်တမ်းများနှင့်မတူ ကွဲပြားစွာ မှတ်တမ်းတင်ထားသည်ကိုတွေ့ရ၏။ ထိုမှတ်တမ်းအရဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ်ပေသည်။

ထိုပဥ္စင်းကျော် (တောင်ဖီလာဆရာတော်) စက်တော်ရာကအပြန် ကူးခန်းတောကျောင်းထန်းရွက်မိုးတဲ၌ ဝိနည်းငါးကျမ်းနိသျကိုရေးသော ဇမ္ဗုဓဇ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘ၀မှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၄၃၅၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ရွှေဘို ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၄၃၅၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၆၀၄၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရွှေဘိုမြို့နယ်တွင် ၁၀၀၂၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၄၇၇၂၃ ဧက၊ ဝက်လက်မြို့နယ်တွင် ၃၇၅၅ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ဧက ၁၂၈၅၀ စုစုပေါင်း ၇၄၃၅၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ မြေပဲ ၇၆၀၄၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၇၄၃၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ဧက ၁၀၃၇၀၊ ခင်ဦးမြို့နယ်တွင် ၄၆၈၂၆ ဧက၊ ဝက်လက်မြို့နယ်တွင် ၅၉၈၆ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၂၈၆၇ ဧက စုစုပေါင်း ၇၆၀၄၉ ဧကဖြစ်ကြောင်းသိရသည်။

ရွှေဘိုခရိုင်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် ၂၀၀၀၀၀ ကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

(၂၀၆)

# လောင်းလေ့နှင့် ချောင်းရေ

- ချောင်းရေထက်တွင် လောင်းလေ့မြင်သည်
မြင်သူ ချမ်းမြ သဘာ၀။

- လောင်းလေ့ထဲတွင် ချောင်းရေစင်သည်
မြင်သူ ချမ်းမြ သဘာ၀။

- လေ့နှင့်ချောင်းနှင့် ရေကြောင်းသင့်၍
ရွက်လွှင့်လေခြင်း စုန်ဆန်ခြင်းကား
ရှုခင်းလည်းသာ မြင်ကွင်းသာ၏
သို့ပါသော်လည်း လှိုင်းထန်သည်းအောင်
ကြီးစွ လေပွေ ဝင်ရောက်မွှေ၍
ချောင်းရေလည်းလှုပ် လောင်းလေ့မြုပ်သော်
သရုပ်မမှန် အဖျက်ရန်ကြောင့်
နက်ဖြန်အလှ မမြင်ရပြီ
လောက အကျည်းတန်သတည်း။ ။

မြင်းမူမောင်နိုင်မိုး

# မြို့သစ်မြို့နယ် ညောင်ပင်ဝိုင်း(တဲတိုက်)ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းဆောင်ရွက်နေမှု စစ်ဆေး

မြို့သစ် ဇူလိုင် ၃၁

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၆)နှင့်အညီ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ညောင်ပင်ဝိုင်း(တဲတိုက်)ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက တာ၀န်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ညောင်ပင်ဝိုင်း(တဲတိုက်)ကျေးရွာ၌ အကျယ်လေးလက်မ၊ အနက် ပေ ၇၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းတာ၀န်ခံကို လုပ်ငန်းများအားလုံး သတ်မှတ်အတိုင်းအတာ၊ သတ်မှတ်စံနှုန်းများအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် ညောင်ပင်ဝိုင်း(တဲတိုက်)ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၁ ဒသမ ၉ သန်းဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာ၀န်ယူ၍လည်းကောင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို Chindwin Strategy ကုမ္ပဏီက တာ၀န်ယူ၍လည်းကောင်း ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

အိပိုးပိုး



➤ စာမျက်နှာ ၄ မှအဆက်

သူမြတ်ကိုဖူးမည် နေရင်းဆိပ်ကတက်၏။ နေရင်း သံဃာတို့လိုက်၍ပို့ကြ၏။ ကောဇာတစ်ထောင်ပြည့် တပေါင်းလပြည့် အင်္ဂါနေ့(၁၆၃၉ခု၊ ဖေဖော်ဝါရီ၅ရက်) ဆွမ်းခံသွားရာ သူရူးတစ်ယောက်ကား နားနှစ်ဖက်မှာ ပန်းပန်လျက် "ကိုယ်ကိုကိုယ်ရှင်မသုတ်သင် ခင်ကြီးမဟုတ်လော၊ အမြင်ဆိုးရွားသော"ဆို၍လာ၏။ ဝမ်းစာမှီလောက်ရုံရလျှင် ကျောင်းသို့ပြန်ခဲ့၏။ ဆွမ်းစားပြီးလျှင် "ရေမြေ့ရှင် မင်းတရားမြတ်၊ ရှေးရှေးက ဂန္ဓစူရကိုဖြည့်ပြီ။ ယခုဝိပဿနာဓုရကိုဖြည့်ပြီ။ ယခုဝိပဿနာဒုရကိုဖြည့်လိုပါသည် စာသွင်း၍ ထိုနေ့ပင် တောင်ဖီလာတောသို့ဝင်၏" ဟူ၍ဖြစ်ပါသည်။

ဤမှတ်တမ်းအရ တောင်ဖီလာဆရာတော်သည် ယခင်ရှိပြီးသားမှတ်တမ်းများကဲ့သို့ ရွှေဥမင်ဆရာတော်နှင့်တွေ့ဆုံပြီး သံဝေဂရကာ တောထွက်ခြင်းမဟုတ်ဘဲ သူရူးတစ်ယောက်စကားကို သတိမူပြီးတောထွက်ခြင်းဖြစ်ကြောင်းဖော်ပြထား၏။ ဤမှတ်တမ်း၌ တောထွက်သည့်နေ့ကို သက္ကရာဇ် ၁၀၀၀ ပြည့် တပေါင်းလပြည့် အင်္ဂါနေ့(၁၆၃၉ခု၊ ဖေဖော်ဝါရီ(၅)ရက်ဟု အတိအကျပြ၏။ ထိုနေ့ကို နှစ် ၁၀၀၀ ပြက္ခဒိန်တွင် ကြည့်ရာ၌ အင်္ဂါနေ့ပင်ကျနေသည်ကိုတွေ့ရသဖြင့် တောင်ဖီလာဆရာတော် တောထွက်သည့်နေ့မှာ ပို၍တိကျသကဲ့သို့ရှိ၏။ ထို့ပြင် တောထွက်မည့်အကြောင်းကို ရေမြေရှင်အား စာသွင်း၍ တောထွက်သည်ဟုလည်းဆိုသဖြင့် ပို၍မှတ်သားဖွယ်ရာလည်းဖြစ်သည်။

ရှေးယခင် သိဖူး၊ ဖတ်ဖူး၊ မှတ်ဖူးသော တောင်ဖီလာဆရာတော်တောထွက်ခန်းနှင့်အသစ်တွေ့ သံတော်ဆင့်မင်းလှမင်းထင်သီဟသူ၏ မှတ်တမ်းမှတောထွက်ခန်းသည် ကွာခြားနေသည်ကို ရှင်းလင်းစွာတွေ့ရပြီဖြစ်ပါသည်။ မှတ်တမ်းနှစ်ခုတွင် တစ်ခုသာမှန်ရမည်ဖြစ်သည်။ သို့သော် မည်သည့်မှတ်တမ်းက မှန်သည်ဟု မပြောလိုပါ။ မှတ်တမ်းနှစ်ခုစလုံးမှာ ရှေးမှတ်တမ်းများဖြစ်ကြသဖြင့် လွယ်လွယ်ဖြင့်မှားသည်၊ မှန်သည်မပြောဝံ့သေးပါ။ ဤကိစ္စကို ဆုံးဖြတ်ရမည်မှာ သမိုင်းသုတေသီကြီးများ၏ တာ၀န်သာဖြစ်ပေသည်။

**တောင်ဖီလာဆရာတော်ပျံလွန်တော်မူခြင်း**

တောင်ဖီလာဆရာတော်သည် မင်းရဲကျော်စွာတည်ဆောက်လှူဒါန်းသော စစ်ကိုင်းမြစ်နားလေးထပ်ကျောင်း၊ စစ်ကိုင်းတောင်နှင့် မင်းဝံတောင်ကြား ကန့်လန့်တည်ရှိနေသော တောင်ဖီလာတောင်၊ လေးကျွန်းဆီမီးဘုရားအနီး၊ ဇေတဝန်ရွှေကျောင်းတို့တွင် သီတင်းသုံးတော်မူပြီး သက္ကရာဇ် ၁၀၁၂ ခု၊ သက်တော် ၇၂ နှစ်တွင် ပျံလွန်တော်မူခဲ့သည်။ ယခုဖော်ပြခဲ့သော တောင်ဖီလာဆရာတော် ပျံလွန်တော်မူသောနှစ်မှာ သာသနာလင်္ကာရစာတန်းအလိုအရဖြစ်သည်။ ဆရာကြီး ဆန်းထွန်း (မန်းတက္ကသိုလ်)အလိုအရမူ တောင်ဖီလာဆရာတော်ပျံလွန်တော်မူသောနှစ်မှာ ၁၀၁၃ ခုနှစ်ဟု ယူဆလိုသည်။ ဆရာကြီးဆန်းထွန်း(မန်းတက္ကသိုလ်) ရေးခဲ့သော "ကျော် လေးပါး"ဆောင်းပါးတွင် "သက္ကရာဇ် ၁၀၁၃ ခုနှစ်မနုသာရပါဠိကို တည်းဖြတ်၍ တာ၀န်ကျသော ကိုင်းစားမနုရာဇာသည် တောင်ဖီလာဆရာတော်ကြီးကို ပဓာနပြု၍ တည်းဖြတ်ရကြောင်း ဆိုထားသည်ကိုထောက်ကာ သက္ကရာဇ် ၁၀၁၃ ခုနှစ်ထိ တောင်ဖီလာဆရာတော် သက်တော်ထင်ရှားရှိသေးသည်။ ၁၀၁၃ ခုနှစ်အတွင်း လွန်တော်မူသည်ဟု မှတ်တမ်းယူဖွယ်ရှိလေသည်"ဟူ၍ ရေးသားထားသည်။ ထို့ကြောင့် တောင်ဖီလာဆရာတော်သည် ၁၀၁၃ ခုနှစ်အတွင်း ပျံလွန်တော်မူသည်ဟု ယာယီမှတ်ထားသင့်သည်။

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင်က ဗင်နီဇွဲလားသမ္မတထံ ဂုဏ်ပြုသဝဏ်လွှာပေးပို့

**မော်စကို ဇူလိုင် ၃၁**

ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲ၌ သမ္မတရာထူး တတိယ သက်တမ်း ရယူနိုင်ခဲ့မှုအတွက် ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ် မာဒူရိုအား ရုရှားသမ္မတပူတင်က ဇူလိုင် ၃၀ ရက်တွင် ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်က ဗင်နီဇွဲလားသမ္မတ မာဒူရိုထံ ပေးပို့ခဲ့သောဂုဏ်ပြုသဝဏ်လွှာကို ကရင်မလင်နန်းတော် သတင်းဝက်ဘ်ဆိုက်၌ ထုတ်ပြန်ထားသည်။

ရုရှားနှင့် ဗင်နီဇွဲလားနှစ်နိုင်ငံ ဆက်ဆံရေးမှာ မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးသဘောတရား သက်ဝင်နေသောဆက်ဆံရေးပုံစံဖြစ်ကြောင်း ရုရှားသမ္မတပူတင်၏ ဂုဏ်ပြုသဝဏ်လွှာ၌ ဖော်ပြထားသည်။

ဇူလိုင် ၂၈ ရက် သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ မာဒူရိုက ထောက်ခံမဲ ၅၁ ရာခိုင်နှုန်းခန့်ဖြင့် အနိုင်ရရှိထားကြောင်း ဗင်နီဇွဲလား ရွေးကောက်ပွဲကော်မရှင်က ပြောကြားထားသည်။

ဗင်နီဇွဲလားသမ္မတ မာဒူရိုသည် ယခုနှစ်မေလအတွင်း ကျင်းပခဲ့သော ရုရှားသမ္မတရွေးကောက်ပွဲ၌ သမ္မတပူတင် အနိုင်ရခဲ့ပြီးနောက် သမ္မတပူတင်ထံ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခဲ့သည့် ပထမဆုံးကမ္ဘာ့ခေါင်းဆောင်များထဲတွင်ပါဝင်သည်။

ရုရှားသမ္မတပူတင်၏ ရွေးကောက်ပွဲအနိုင်ရလဒ်သည် ကမ္ဘာကြီးအတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတက ထိုစဉ်က ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

## ဟားမတ်စ်ခေါင်းဆောင် အစ္စမေးလ်ဟာနီယာ တီဟီရန်မြို့၌ လုပ်ကြံသတ်ဖြတ်ခံရ

**တီဟီရန် ဇူလိုင် ၃၁**

ဟားမတ်စ်အုပ်စုခေါင်းဆောင် အစ္စမေးလ်ဟာနီယာကို အီရန်နိုင်ငံ တီဟီရန်မြို့၌ အစ္စရေးစစ်ဘက်က လေကြောင်းတိုက်ခိုက်မှုဖြင့် လုပ်ကြံခဲ့ကြောင်း အီရန်အစိုးရနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့က သတင်းထုတ်ပြန်ထားသည်။

ဟားမတ်စ်ခေါင်းဆောင် ဟာနီယာသည် အီရန်သမ္မတသစ် ပါဇက်ရှ်ကီရမ်၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲ တက်ရောက်ရန် ဇူလိုင် ၃၀ ရက်က အီရန်နိုင်ငံ တီဟီရန်မြို့နေအိမ်တွင် ရောက်ရှိနေစဉ် အစ္စရေး၏လုပ်ကြံမှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အီရန်နှင့် ဟားမတ်စ်အုပ်စုတို့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဟားမတ်စ်ခေါင်းဆောင် အစ္စမေးလ်ဟာနီယာ လုပ်ကြံခံရမှုအတွက် အစ္စရေးတွင်တာဝန်ရှိကြောင်း ဟားမတ်စ်အုပ်စုနှင့် အီရန်အစိုးရက စွပ်စွဲထားသော်လည်း ၎င်းစွပ်စွဲချက်နှင့်ပတ်သက်၍ အစ္စရေးနိုင်ငံက တစ်စုံတစ်ရာ တုံ့ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

သို့သော် ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက အစ္စရေးတောင်ပိုင်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စမေးလ်ဟာနီယာနှင့် အခြား ဟားမတ်စ်အုပ်စုခေါင်းဆောင်များကို ရှင်းလင်းမည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားပြီးဖြစ်သည်။

အစ္စမေးလ်ဟာနီယာ လုပ်ကြံခံရမှုအတွက် အစ္စရေးကို ပြင်းပြင်းထန်ထန် လက်တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်ခေါင်းဆောင်များနှင့် ဟားမတ်စ်အုပ်စုတို့က ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**



## ရုရှားတပ်မတော်က နည်းဗျူဟာမြောက် နျူကလီးယားတပ်ဖွဲ့များ၏ တတိယအကျော့ စစ်ရေးလေ့ကျင့်မှုစတင်



**မော်စကို ဇူလိုင် ၃၁**

ရုရှားတပ်မတော်က နည်းဗျူဟာမြောက် နျူကလီးယားတပ်ဖွဲ့များ၏ တတိယအကျော့ စစ်ရေးလေ့ကျင့်မှုကို ယနေ့တွင် စတင်ခဲ့ကြောင်း သိရသည်။

ယူကရိန်းကို စစ်ရေးအရ ကူညီနေမှုများကို ကန့်သတ်ရန် အနောက်အုပ်စုကို ဖိအားပေးရန် ရည်ရွယ်၍ အဆိုပါနည်းဗျူဟာမြောက် နျူကလီးယားလက်နက် စစ်ရေးလေ့ကျင့်မှုများကို ရုရှားနိုင်ငံက ပြုလုပ်နေခြင်းဖြစ်သည်။

ယနေ့စတင်ခဲ့သည့် နည်းဗျူဟာမြောက် နျူကလီးယားတပ်များ စစ်ဆင်ရေးလေ့ကျင့်မှုတွင် အစ်ကန်ဒါး တာတိုပစ်ဒုံးကျည်များ တပ်ဆင်ထားသည့် အလယ်ပိုင်းစစ်ဒေသနှင့် တောင်ပိုင်းစစ်ဒေသတို့မှ တပ်များပါဝင်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တတိယအကျော့ နည်းဗျူဟာမြောက် နျူကလီးယားလက်နက် စစ်ရေးလေ့ကျင့်မှုအတွင်း ရုရှားတပ်များသည် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ နေရာဖြန့်ကြက်မှုကို လေ့ကျင့်မည်ဖြစ်သည်။

ရုရှားတပ်များသည် နည်းဗျူဟာမြောက် နျူကလီးယားလက်နက် စစ်ရေးလေ့ကျင့်မှု ပထမအကျော့နှင့် ဒုတိယအကျော့တို့ကို ယခုနှစ် မေလနှင့် ဇွန်လတို့တွင် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ဇွန်လအတွင်းက ပြုလုပ်ခဲ့သည့် ဒုတိယအကျော့ စစ်ရေးလေ့ကျင့်မှုတွင် ရုရှား၏ အဓိကမဟာမိတ်တပ်များလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ပျောက်ဆုံးနေသည့် ကမ္ဘောဒီးယားရဟတ်ယာဉ်အပျက်အစီးများကို တောင်ပေါ်သစ်တောတစ်ခုအတွင်း ပြန်လည်ရှာဖွေတွေ့ရှိ

**ဖနောင်ပင် ဇူလိုင် ၃၁**

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ကျော်က ပျောက်ဆုံးခဲ့သော တပ်မတော်ရဟတ်ယာဉ်တစ်စင်း၏ အပျက်အစီးများကို ဇူလိုင် ၂၉ ရက်တွင် ပြန်လည်ရှာဖွေတွေ့ရှိထားကြောင်း ကမ္ဘောဒီးယားစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံထုတ် ဇက်-၉ အမျိုးအစား ရဟတ်ယာဉ်၏ အပျက်အစီးများကို ပါဆက်ပြည်နယ် ကာဒါမမ်တောင်ကုန်းဒေသ တောင်ပေါ်သစ်တောတစ်ခုအတွင်း ရှာဖွေရေးလေယာဉ်တစ်စင်းက ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ ရဟတ်ယာဉ်သည် ဇူလိုင် ၁၂ ရက်က လေ့ကျင့်ပျံသန်းမှုများပြုလုပ်နေစဉ် မြေပြင်စခန်းနှင့် အဆက်အသွယ် ပြတ်တောက်ခဲ့ပြီး ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံးခဲ့သော အဆိုပါ ရဟတ်ယာဉ်နှင့်အတူ ကမ္ဘောဒီးယားတပ်မတော်သား ရဟတ်ယာဉ်မှူးနှစ်ဦး လိုက်ပါသွားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရဟတ်ယာဉ် အပျက်အစီးများ တည်ရှိရာနယ်မြေသို့ တပ်မတော်ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ စေလွှတ်ထားကြောင်း ကမ္ဘောဒီးယားအစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ဇက်-၉ ရဟတ်ယာဉ် အပျက်အစီးများနှင့် မလှမ်းမကမ်းတွင် လိုက်ပါသွားသူ ရဟတ်ယာဉ်မှူးနှစ်ဦး၏ ရုပ်အလောင်းများကိုလည်း တွေ့ရှိထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခဲ့သည့် ရာဇဝတ်ဂိုဏ်း တစ်ဂိုဏ်းကို စပိန်ရဲတပ်ဖွဲ့ ဖြိုခွင်း

**မက်ဒရစ် ဇူလိုင် ၃၁**

ပြီးခဲ့သည့်နှစ်အတွင်း အမျိုးသမီး ဦးရေ ၆၀၀ ကျော်အား လိင်ပိုင်းဆိုင်ရာအရ ခေါင်းပုံဖြတ်အမြတ်ထုတ်ခဲ့သော ရာဇဝတ်ဂိုဏ်း တစ်ဂိုဏ်းကို စပိန်ရဲတပ်ဖွဲ့က စစ်ဆင်ရေးပြုလုပ်၍ ဖြိုခွင်းခဲ့ကြောင်း စပိန်အမျိုးသားရဲတပ်ဖွဲ့က ဇူလိုင် ၃၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ စစ်ဆင်ရေးအတွက် စပိန်ရဲတပ်ဖွဲ့ဝင်များသည် လူပေါင်း ၂၆ ဦးကို ဖမ်းဆီးခဲ့ပြီး အမျိုးသမီး ၃၂ ဦးကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စပိန်အမျိုးသား ရဲတပ်ဖွဲ့သည် အဆိုပါဒုစရိုက်ဂိုဏ်းကို ပြီးခဲ့သည့် ခုနှစ်လကပင် စတင်ခြေရာခံ ထောက်လှမ်းခဲ့ပြီး မက်ဒရစ်မြို့၊ မာလာဂါမြို့နှင့် တိုလီဒိုမြို့တို့၌ စစ်ဆင်ရေးများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၎င်းရာဇဝတ်ဂိုဏ်းသည် ပြီးခဲ့သည့်နှစ်အတွင်း ဗင်နီဇွဲလားနှင့် ကိုလံဘီယာအမျိုးသမီး အများစုပါဝင်သော အမျိုးသမီး ဦးရေ ၆၀၀ ကျော်ကို လိင်ပိုင်းဆိုင်ရာအရ ခေါင်းပုံဖြတ်အမြတ်ထုတ်ခဲ့ကြောင်း စပိန်ရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဒုစရိုက်ဂိုဏ်းဝင်များသည် လုပ်ခလစာမြင့်မားသော အလုပ်အကိုင်များဖြင့် အမျိုးသမီးများကို ဖြားယောင်းခေါ်ယူ၍ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုများ ကျူးလွန်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

အဆိုပါ ဒုစရိုက်ဂိုဏ်းကို ဖြိုခွင်းရေးအတွက် စစ်ဆင်ရေးပြုလုပ်ခဲ့သောအချိန်ကာလကို စပိန်ရဲတပ်ဖွဲ့က ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## United Launch Alliance ကုမ္ပဏီက အက်တလပ်စ်-၅ ဒုံးပျံ၏ နောက်ဆုံးမစ်ရှင်ကို လွှတ်တင်ခဲ့



**ဝါရှင်တန် ဇူလိုင် ၃၁**

အမေရိကန်နိုင်ငံ အခြေစိုက် United Launch Alliance ကုမ္ပဏီသည် ဇူလိုင် ၃၀ ရက်တွင် အက်တလပ်စ်-၅ ဒုံးပျံ၏ နောက်ဆုံးမစ်ရှင်ကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

USSF-51 အမည်ရှိ အဆိုပါ မစ်ရှင်တွင် အက်တလပ်စ်-၅ ဒုံးပျံသည် အမေရိကန် အာကာသ တပ်ဖွဲ့၏ ထောက်လှမ်းရေးဂြိုဟ်တု တစ်စင်းကို သယ်ဆောင်သွားသည်ဟု United Launch Alliance ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

United Launch Alliance ကုမ္ပဏီသည် အက်တလပ်စ်-၅ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၃၀ ရက်မစ်ရှင်သည် ၂၀၀၂ ခုနှစ်တွင် စတင်ပျံသန်းခဲ့သော အက်တလပ်စ်-၅ ဒုံးပျံများ၏ နောက်ဆုံးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

United Launch Alliance ကုမ္ပဏီသည် အက်တလပ်စ်-၅ ဒုံးပျံများကိုအသုံးပြု၍ မစ်ရှင် ၁၀၁ ခုထိ လွှတ်တင်ခဲ့ပြီးဖြစ်သည်။

ဇူလိုင် ၃၀ ရက် မစ်ရှင်တွင် အက်တလပ်စ်-၅ ဒုံးပျံသည် USSF-51ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ် သို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## iSpace ကုမ္ပဏီက အသေးစားလမျက်နှာပြင်လေ့လာရေးယာဉ်ကို တည်ဆောက်ပြီးစီး

**တိုကျို ဇူလိုင် ၃၁**

ဂျပန် အာကာသနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် iSpace ကုမ္ပဏီသည် ၎င်း၏အသေးစား လမျက်နှာပြင် လေ့လာရေးယာဉ်ကို တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း ဇူလိုင် ၃၀ ရက် သတင်းများအရ သိရသည်။


iSpace ကုမ္ပဏီသည် အဆိုပါ လမျက်နှာပြင်လေ့လာရေးယာဉ်ကို လူဇင်ဘတ်နိုင်ငံ၌ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် iSpace ကုမ္ပဏီသည် ဟာကူတို-အာရ် လဆင်းယာဉ်၌ ပေါင်းစပ်တပ်ဆင်ရေးအတွက် အဆိုပါလမျက်နှာပြင် လေ့လာရေးယာဉ်ကို ဂျပန်နိုင်ငံသို့ပို့ဆောင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

iSpace ကုမ္ပဏီသည် ဟာကူတို-အာရ် လဆင်းယာဉ်ကို ယခုနှစ်ကုန်ပိုင်းတွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

အဆိုပါမစ်ရှင်သည် iSpace ကုမ္ပဏီအတွက် ဒုတိယအကြိမ်မြောက် လမျက်နှာပြင်ပေါ် သို့ လဆင်းယာဉ်စေလွှတ်ရေး ကြိုးပမ်းမှုဖြစ်ကြောင်း သိရသည်။

iSpace ကုမ္ပဏီသည် ၂၀၂၃ ခုနှစ် ဧပြီလတွင် လဆင်းယာဉ် တစ်စင်း လွှတ်တင်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။



**Ref : Sputnik News**

**Trs : KKO**

## ပဉ္စမအကြိမ်မြောက် Starship အာကာသဒုံးပျံ စမ်းသပ်လွှတ်တင်မှုအတွက် Space-X အာကာသနည်းပညာကုမ္ပဏီက ပြင်ဆင်နေ

**ဝါရှင်တန် ဇူလိုင် ၃၁**

ပဉ္စမအကြိမ်မြောက် Starship အာကာသဒုံးပျံစမ်းသပ်လွှတ်တင်မှုအတွက် အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီက ပြင်ဆင်နေပြီဖြစ်ကြောင်း ဇူလိုင် ၃၀ ရက် သတင်းများအရ သိရသည်။




Space-X အာကာသနည်းပညာကုမ္ပဏီသည် ဇူလိုင် ၂၆ ရက်တွင် Starship အာကာသဒုံးပျံ၏ ဒုံးအင်ဂျင်များကို စမ်းသပ်ခဲ့ကြောင်း သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံ၏ ဒုံးအင်ဂျင်များ စမ်းသပ်မှုကို တက္ကဆက်ပြည်နယ်တောင်ပိုင်း စတားဘေ့စ် အာကာသစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီအနေဖြင့် Starship အာကာသဒုံးပျံ ပဉ္စမအကြိမ် စမ်းသပ်လွှတ်တင်မှုကို လာမည့် သီတင်းပတ် အနည်းငယ်အတွင်း ပြုလုပ်ဖွယ်ရှိကြောင်း သိရသည်။

Starship အာကာသဒုံးပျံကို လာမည့် သီတင်းပတ်အတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း Space-X အာကာသနည်းပညာကုမ္ပဏီမှ အကြီးအကဲ အီလွန်မာ့စ်က ပြောကြားသည်။

Space-X ကုမ္ပဏီသည် လကမ္ဘာနှင့်အင်္ဂါဂြိုဟ်ပေါ် သို့ လူသားများစေလွှတ်ရေးအတွက် Starship အာကာသဒုံးပျံများကို တည်ဆောက် စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## စမ်းသပ်ဆဲဆေးသစ်က လေဖြတ်ထားသူ လူနာများ၏သွေးလည်ပတ်စီးဆင်းမှုကို လျင်မြန်စွာ ပြန်ထိန်းပေးထားနိုင်

**လန်ဒန် ဇူလိုင် ၃၁**

စမ်းသပ်ဆဲဆေးဝါးသစ် တစ်မျိုးသည် လေဖြတ်ထားသူလူနာများ၏ သွေးလည်ပတ်စီးဆင်းမှုကို လျင်မြန်မာစွာ ပြန်ထိန်းပေးထားနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၃၀ ရက်တွင် ပြောကြားသည်။

သွေးခဲဖျော်ဆေးအမျိုးအစားသစ်ဖြစ်သည့် Tenecteplase အမည်ရှိ အဆိုပါဆေးသည် ဈေးကွက်အတွင်း လက်ရှိ ရှိနေသော အမျိုးအစားတူ ဆေးများထက် ပို၍ထိရောက်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

လက်တွေ့ စမ်းသပ်မှုမှပေါ်ထွက်လာသည့်ရလဒ်များအရ Tenecteplase ဆေးသည် လေဖြတ်လူနာများ၏ သွေးကြောများအတွင်းရှိသွေးခဲများကို လျင်မြန်စွာချေဖျက်နိုင်ပြီး သွေးခဲများနောက်ထပ်ပေါ်ထွက်လာနိုင်မှုကိုလည်း တားဆီးပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် Tenecteplase ဆေးသည် ဈေးကွက်အတွင်းရှိ အမျိုးအစားတူဆေးများထက် ပို၍ဈေးနှုန်းချိုသာသည်ဟု ဗြိတိန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါဆေးကို ဦးနှောက်အတွင်း သွေးဝင်ရောက်ပိတ်ဆို့ချိန်တွင် ဖြစ်ပွားတတ်သည့်လေဖြတ်မှု (Ischaemic Strokes) များအတွက် အသုံးပြုနိုင်မည့်ဆေးသစ်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဗြိတိန်ဆေးပညာရှင်များသည် Tenecteplase ဆေးဖြင့် လေဖြတ်လူနာများကို လက်တွေ့ကုသရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## သကြားဓာတ်ကိုပုံမှန်ထက်တိုး၍ စားသုံးမှုကြောင့် ဆဲလ်များ၏ဇီဝသက်တမ်းအိုမင်းမှု ပိုမြန်လာနိုင်

**နယူးယောက် ဇူလိုင် ၃၁**

သကြားဓာတ်ကို ပုံမှန်ထက်တိုး၍ စားသုံးမှုကြောင့် ဆဲလ်များ၏ ဇီဝသက်တမ်းအိုမင်းမှု ပိုမြန်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၃၀ ရက်တွင် ပြောကြားသည်။

အစားအစာများ၌ သကြားဓာတ်ကို ပုံမှန်ထက် တစ်ဂရမ်ပို၍ ထည့်သွင်းတိုင်း ဆဲလ်များ၏ဇီဝသက်တမ်းအိုမင်းမှု ပို၍မြန်လာတတ်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် ဗီတာမင်ဓာတ်၊ တွင်းထွက်ဓာတ်၊ အောက်ဆီဂျင်ဓာတ်ဖျက်ပစ္စည်းနှင့် ရောင်ရမ်းမှုတိုက်ဖျက်ရေးဓာတုဒြပ်ပေါင်းများ ပါဝင်သည့် အစားအစာများစားသုံးခြင်းဖြင့် ဆဲလ်များ၏ဇီဝသက်တမ်း နုပျိုမှုကို ထိန်းထားနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပျမ်းမျှ အသက် ၃၉ နှစ်ရှိ အမျိုးသမီး ၃၄၂ ဦးတို့၏ အစားအစာစားသောက်ပုံမှတ်တမ်းများကို လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သကြားကို ပုံမှန်ထက် တိုး၍စားသုံးမှုသည် ဆဲလ်များ၏ ဇီဝသက်တမ်းအိုမင်းလာမှုနှင့် ဆက်စပ်နေကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## မက်ဇ်အသင်း ကွင်းလယ်ကစားသမား ကာမာရာကို မိုနာကိုအသင်း ငါးနှစ်စာချုပ်ဖြင့်ခေါ်ယူ

**ပဲရစ် ဇူလိုင် ၃၁**

မိုနာကိုအသင်းသည် မက်ဇ်အသင်း ကွင်းလယ်ကစားသမား ကာမာရာကို ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းဖြင့်ခေါ်ယူ၍ ၂၀၂၉ ခုနှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

မက်ဇ်အသင်းသည် လိဂ်-၂ သို့ တန်းဆင်းခဲ့ရသည့်အတွက် အသက် ၂၀ ရှိ ကွင်းလယ်ကစားသမား ကာမာရာကို ဆက်လက်ထိန်းသိမ်းရန်ခက်ခဲခဲ့ပြီး ပရီးမီးယားလိဂ်ကလပ် ဆောက်သမ်တန်အသင်းကခေါ်ယူရန် ကနဦးကြိုးပမ်းခဲ့သော်လည်း ပြောင်းရွှေ့ကြေး ယူရို ၁၀ သန်းဖြင့်သာ ကမ်းလှမ်းခဲ့သဖြင့် သဘောတူညီမှုမရခဲ့ဘဲ မိုနာကိုအသင်းက ပြောင်းရွှေ့ကြေးတိုးမြှင့်၍ ကမ်းလှမ်းခဲ့ရာ ကစားသမားအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲကစားရမည့် မိုနာကိုအသင်းသို့ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကာမာရာသည် ၂၀၂၃ ခုနှစ်က မက်ဇ်အသင်းသို့ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၂ ပွဲကစားခဲ့ရာ သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသခဲ့သည့်အပြင် ကွင်းလယ်ပိုင်းတွင် box-to-box ကစားနိုင်သည့်အတွက် မိုနာကိုအသင်းတာဝန်ရှိသူများက ကာတာကလပ် အယ်ဆက်အသင်းသို့ ယူရိုသန်း ၂၀ ဖြင့် ပြောင်းရွှေ့ခဲ့သည့် ကွင်းလယ်ကစားသမား မိုဟာမက်ကာမာရာ နေရာနှင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသည့် ကွင်းလယ်ကစားသမား ဖိုဖန်နာနေရာတို့တွင် အစားထိုးရန် ဆုံးဖြတ်ထားသည်။

ထို့ကြောင့် မိုနာကိုအသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် တိုက်စစ်မှူး အီလန်နီခီနာကို ခေါ်ယူပြီးနောက်ပိုင်း ဒုတိယမြောက် ကစားသမားသစ်ခေါ်ယူနိုင်ခဲ့ပြီး ကာမာရာအနေဖြင့် အသင်းတွင် ကျောနံပါတ် ၁၅ ကို ဝတ်ဆင်ကစားမည် ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- ဗီလာရီးရဲလ်ဂိုးသမား ဂျော်ဂျန်ဆန်ကို ချဲလ်ဆီးအသင်းက ယူရို ၂၄ သန်းဖြင့်ခေါ်ယူ၍ ၂၀၃၁ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။
- ဝက်စ်ဟမ်းအသင်းက ဒေါ့မွန်အသင်းတိုက်စစ်မှူး ဖူးလ်ခရက်ကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ကွင်းလယ်ကစားသမား ရီနာတိုဆန်းချက်ဇ်ကို ဘင်ဖီကာအသင်းသို့ အငှားစေလွှတ်ပြီးနောက် ဘင်ဖီကာကွင်းလယ်ကစားသမား ဂျာအိုနီဗက်ကို ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် နီးစပ်လျက်ရှိသည်။
- တိုက်စစ်မှူး ဒိုဘိခ်ကို လက်လွှတ်ခဲ့ရသည့် အေတီကိုအသင်းက ဗီလာရီးရဲလ်တိုက်စစ်မှူး ဆိုးလော့ကို ခေါ်ယူရန် သဘောတူညီမှုရခဲ့ကြောင်း သိရသည်။

**ML**

## ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အိုလံပစ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ အမေရိကန်အသင်းတက်ရောက်



**နယူးယောက် ဇူလိုင် ၃၁**

အိုလံပစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အမေရိကန်အသင်းနှင့် ဂီနီယာအသင်းတို့ကစားခဲ့ရာ အမေရိကန်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် အိုလံပစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အမေရိကန် အသင်းသည် အုပ်စု(A)တွင် အိမ်ရှင်ပြင်သစ်၊ နယူးဇီလန်၊ ဂီနီယာအသင်းတို့နှင့် တွေ့ဆုံခဲ့ရာ အုပ်စုအဖွင့်ပွဲစဉ်တွင် ပြင်သစ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် နယူးဇီလန်အသင်းကို လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဂီနီယာအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း နှစ်ပွဲဆက် အနိုင်ရခဲ့သဖြင့် အုပ်စုဒုတိယနေရာဖြင့် ကွာတားဖိုင်နယ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဂီနီယာအသင်းနှင့် ပွဲစဉ်တွင် အမေရိကန်အသင်းသည် တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့သဖြင့် ဘောလုံးပိုင်ဆိုင်မှု အသာမရခဲ့သော်လည်း ပွဲကစားချိန် ၁၄ မိနစ်တွင် မီအာဂျေလိုဗစ်၊ ပွဲကစားချိန် ၃၁ မိနစ်နှင့် ပွဲကစားချိန် ၇၅ မိနစ်တို့တွင် ပါရီဒက်စ်တို့၏ ဦးဆောင်ဂိုးများဖြင့် အနိုင်ရခဲ့ပြီး ဂီနီယာအသင်းက ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ရှိခဲ့သော်လည်း ဂိုးသမား ရှုရှုတီ၏ ကာကွယ်မှုကြောင့် ချေပဂိုးမရခဲ့ဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။

ကွာတားဖိုင်နယ် အဆင့်တွင် အီရတ်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ယူ၍ အုပ်စုပထမဖြင့် တက်ရောက်လာသည့် မော်ရိုကိုအသင်းနှင့်ကစားရမည်ဖြစ်ပြီး ယင်းပွဲစဉ်ကို လာမည့် ဩဂုတ် ၂ ရက်တွင် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

## ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး အမ်ဘက်ပီ ကိန်းအသင်း၏ အဓိကရှယ်ယာရှင်ဖြစ်လာ

**မက်ဒရစ် ဇူလိုင် ၃၁**

ရီးရဲလ်မက်ဒရစ် အသင်းတိုက်စစ်မှူး အမ်ဘက်ပီသည် ပြင်သစ်လိဂ်-၂ ကလပ် ကိန်းအသင်းကို ရင်းနှီးမြှုပ်နှံမှု ထပ်မံပြုလုပ်ခဲ့သောကြောင့် အသင်း၏ အဓိက ရှယ်ယာရှင်ဖြစ်လာခဲ့ပြီး ဥရောပ ဘောလုံးသမိုင်းတွင် ကလပ်အသင်းတစ်ခုကို ပိုင်ဆိုင်သည့် အသက်အငယ်ဆုံး ဘောလုံးသမားတစ်ဦးဖြစ်လာခဲ့သည်။

အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး အမ်ဘက်ပီသည် ပြင်သစ်လိဂ်-၂ ကလပ် ကိန်းအသင်းကို ကြွေးမြီကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ယူရို ၁၅ သန်း ရင်းနှီးမြှုပ်နှံမှု ထပ်မံပြုလုပ်ခဲ့သောကြောင့် ကလပ်အသင်း၏ ရှယ်ယာ ၈၀ ရာခိုင်နှုန်းထိ ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ယခင်က ကိန်းအသင်း၏ ရှယ်ယာ ၈၀ ရာခိုင်နှုန်းကို အမေရိကန်ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတစ်ခုဖြစ်သည့် Oaktree ကုမ္ပဏီက ပိုင်ဆိုင်ခဲ့ပြီး ၂၀ ရာခိုင်နှုန်းကို လက်ရှိ အသင်းကြီးကြပ်ရေးဘုတ်အဖွဲ့က ပိုင်ဆိုင်ထားသော်လည်း တိုက်စစ်မှူး အမ်ဘက်ပီက ရင်းနှီးမြှုပ်နှံမှု ထပ်မံပြုလုပ်နိုင်ခဲ့သဖြင့် ရှယ်ယာအများဆုံး ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

ကိန်းအသင်းသည် ၂၀၁၉ ခုနှစ်က ပြင်သစ်လီဂူးဝမ်းမှ တန်းဆင်းခဲ့ရပြီးနောက် လိဂ်-၂ ပြိုင်ပွဲတွင်သာ ကစားခဲ့ရပြီး အသင်းအနေဖြင့် ဘဏ္ဍာရေးအခက်အခဲ ကြုံတွေ့ခဲ့ချိန်တွင် တိုက်စစ်မှူးအမ်ဘက်ပီက ကိန်းအသင်းကို ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမ်ဘက်ပီသည် အသက် ၁၃ နှစ်အရွယ်က မိုနာကိုအသင်းသို့ မပြောင်းရွှေ့မီ ကိန်းအသင်းနှင့် လက်မှတ်ရေးထိုးရန် နီးစပ်ခဲ့ဖူးပြီး ကိန်းအသင်းနှင့် ဆက်ဆံရေးကောင်းများ ရှိနေသောကြောင့် အသင်းကို ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့ပြီး လက်ရှိတွင် အမ်ဘက်ပီကုမ္ပဏီ၏ စီအီးအိုဖြစ်သူ ဟာမောက်ကို အသင်းဥက္ကဋ္ဌအဖြစ် ခန့်အပ်ရန် မျှော်လင့်ထားကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

## ပဲရစ်အိုလံပစ်အားကစားပွဲတော် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် တရုတ်နိုင်ငံကိုယ်စားပြုအတွဲက ရွှေတံဆိပ်ဆုဆွတ်ခူး

**ပဲရစ် ဇူလိုင် ၃၁**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ်အားကစားပွဲတော်၏ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် တရုတ်ကိုယ်စားပြုအတွဲဖြစ်သည့် ဝမ်ချူကွင်နှင့် ဆန်ယင်ရှာတို့အတွဲက မြောက်ကိုရီးယားအတွဲဖြစ်သည့် ရီဂျွန်ဆစ်နှင့်ကင်မ်ကမ်ယုံတို့အတွဲကို (၄-၂)ပွဲရလဒ်ဖြင့် အနိုင်ရရှိကာ ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဝမ်ချူကွင်နှင့် ဆန်ယင်ရှာတို့အတွဲသည် ပြိုင်ပွဲတွင် နိုင်ငံအဆင့်(၁)အဖြစ် သတ်မှတ်ခြင်းခံထားရသည့် အတွဲဖြစ်ပြီး ၂၀၂၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် ကမ္ဘာ့ချန်ပီယံရှစ် စားပွဲတင်တင်းနစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိထားသည့် အတွဲလည်းဖြစ်သည်။

ဆန်ယင်ရှာသည် ၂၀၂၀ ပြည့်နှစ် တိုကျိုအိုလံပစ် အားကစားပွဲတော်တွင်လည်း တရုတ်အမျိုးသမီးအသင်းနှင့်အတူ ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သလို တစ်ဦးချင်းပွဲစဉ်တွင်လည်း ငွေတံဆိပ်ဆု ဆွတ်ခူးခဲ့သူဖြစ်သည်။

အသက် ၂၃ နှစ်အရွယ် ဆန်ယင်ရှာက "ကျွန်မတို့အတွက် နှစ်ယောက်တွဲပြီး အိုလံပစ်မှာ ပထမဆုံးရရှိခဲ့တဲ့ ရွှေတံဆိပ်ဆုဖြစ်ပါတယ်။ နှစ်ယောက်စလုံး တိုကျိုအိုလံပစ် အားကစားပွဲတော်မှာ ပထမဆုံးအကြိမ်အဖြစ် အိုလံပစ် အားကစားပွဲတော်ရဲ့ အတွေ့အကြုံစရခဲ့တာပါ။ သုံးနှစ်တိုင်တိုင် အိုလံပစ်အားကစားပွဲတော်မှာ ရွှေတံဆိပ်ဆုရဖို့ ကြိုးစားလာခဲ့တာပါ။ ကျွန်မတို့ရဲ့နည်းပြတွေကလည်း ဒီဆုကို ဆွတ်ခူးနိုင်ဖို့အတွက် အဘက်ဘက်ကနေ ပံ့ပိုးကူညီခဲ့ကြတယ်။ အခု ဗိုလ်လုပွဲမှာ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ပြိုင်ဘက်တွေက ပြိုင်ပွဲတွေမှာ တစ်ကြိမ်တစ်ခါမှ ယှဉ်ပြိုင်ကစားခဲ့ဖူးခြင်းမရှိသေးတဲ့ ပြိုင်ဘက်တွေဖြစ်တဲ့အတွက် ခက်ခက်ခဲခဲကစားခဲ့ရတယ်။ ကြိုတင်ပြင်ဆင်မှုတွေအတွက်လည်း အချိန်ယူခဲ့ရတယ်" ဟု ပြောကြားခဲ့သည်။



အသက် ၂၄ နှစ်အရွယ် ဝမ်ချူကွင်ကလည်း "နှစ်ယောက်တွဲပြိုင်ပွဲတွေမှာ ကျွန်တော်အလိုချင်ဆုံးက အိုလံပစ်ရွှေတံဆိပ်ဆုဖြစ်ပါတယ်။ ဒီဆုရရှိအောင် ကူညီပေးခဲ့ကြသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီရွှေတံဆိပ်ဆုဟာ ကျွန်တော်တို့ နှစ်ယောက်တည်းအတွက် ရည်ညွှန်းတာမဟုတ်ပါဘူး။ နည်းပြတွေအတွက်ကော တရုတ်အိုလံပစ် အသင်းအတွက်ပါ ကိုယ်စားပြုပါတယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**Ref : Xinhua**

**Trs : AZL**

# ပဲရစ်အိုလံပစ် အားကစားပွဲတော် နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်နှင့် အယ်ကာရက်ဇ်တို့အတွဲ ကွာတားသို့တက်ရောက်

**ပဲရစ် ဇူလိုင် ၃၁**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပဲရစ်အိုလံပစ် အားကစားပွဲတော်၏ တင်းနစ်ပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲ ဒုတိယ အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန် ကိုယ်စားပြုအတွဲ ဖြစ်သည့် ရာဖေးလ်နာဒယ်နှင့် အယ်ကာ ရက်ဇ်တို့အတွဲက နယ်သာလန် ကိုယ်စားပြုအတွဲဖြစ်သည့် ဂရိစပူ နှင့် ကိုလ်ဟော့ဖ်တို့အတွဲကို (၆-၄၊ ၆-၇၊ ၁၀-၂) ရလဒ်ဖြင့် အနိုင်ရရှိ ကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရာဖေးလ်နာဒယ်တို့ အတွဲနှင့် ဂရိစပူတို့အတွဲ၏ ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့ပြီး ပထမပွဲငယ်တွင် ရာဖေးလ်နာဒယ်တို့အတွဲက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီး ရှုံးနိမ့်ခဲ့ခြင်းကြောင့် အဆုံးအဖြတ် ပွဲစဉ်အဖြစ် တတိယပွဲငယ်အား ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရာ ရာဖေးလ်နာဒယ်တို့အတွဲက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။



အယ်ကာရက်ဇ်က "ကျွန်တော့်ရဲ့ အိပ်မက်တွေ တကယ်ဖြစ်လာပါပြီ။ ရာဖေးလ်ဟာ ကျွန်တော့်ရဲ့ စံပြကစားသမားတစ်ယောက်ပါ ကလေးဘဝ ကတည်းက သူ့ရဲ့ပွဲစဉ်တွေကို ရုပ်သံလိုင်းကနေ အားပေးလာခဲ့ရတာ။ အခုသူနဲ့တွဲဖက်ပြီး ကစားခွင့်ရနေပြီ။ သင်ယူစရာတွေအများ ကြီးရှိနေတဲ့ ကျွန်တော့်အတွက် သူ့ဆီကနေ အများကြီးသင်ယူနေရတယ်။ ရာဖေးလ်နဲ့အတူ စပိန်နိုင်ငံအတွက် အောင်မြင်မှုရယူသွားချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံး ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီက ပေါင်းလောင်း အားကစားကွင်းနှင့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၁)တို့တွင် ဆက်လက် ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံး ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်း က လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ညနေ ၃ နာရီက ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် ချင်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချင်းပြည်နယ်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံး ပြိုင်ပွဲ အုပ်စု(ခ) ပွဲစဉ်များပြီးဆုံး ချိန်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက အုပ်စု ပထမနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းက အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက် ရောက်နိုင်ခဲ့ကြောင်းသိရသည်။

**STA**

# နေရှင်နယ်လိဂ်-၂ ပွဲစဉ်(၂)တွင် ဆေးဖားစတားနှင့် Glory Goal အသင်း၊ ရာမညယူနိုက်တက်နှင့် University အသင်းတို့ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဇူလိုင် ၃၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ နေရှင်နယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ဆေးဖား စတားနှင့် Glory Goal အသင်း၊ ရာမညယူနိုက်တက်အသင်းနှင့် University အသင်းတို့ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာ အားကစားကွင်း၌ ဆေးဖားစတား အသင်းနှင့် Glory Goal အသင်း တို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုး များဖြင့် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ် ခဲ့ပြီး ဆေးဖားစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်တွင် အောင်ဘုန်းမြတ်၊ ပွဲချိန် ၁၃ မိနစ် တွင် သက်ဝင်းထွန်းတို့က သွင်းယူပေး နိုင်ခဲ့ပြီး Glory Goal အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၈၄ မိနစ်တွင် မင်းခန့်သိန်းနှင့် ပွဲချိန် ၉၁ မိနစ် တွင် အောင်မျိုးကျော်တို့က အသီးသီး သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက University အားကစားကွင်းတွင် ရာမညယူနိုက်တက် အသင်းနှင့် University အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး ရာမညယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၅ မိနစ်တွင် ဆန်းမြင့်နိုင်က သွင်းယူပေးနိုင်ခဲ့ကာ University အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၇၈ မိနစ်တွင် မြင့်နိုင်သူက သွင်းယူ ခဲ့ကြောင်း သိရသည်။

**STA**

# ခံစစ်ကစားသမားယိုရို ခြေချင်းဝတ်ဒဏ်ရာကြောင့် ရာသီအစပွဲစဉ်များ လွဲချော်ဖွယ်ရှိ





**မန်ချက်စတာ ဇူလိုင် ၃၁**

မန်ယူအသင်း ခံစစ်ကစား သမား ယိုရိုသည် ရာသီကြိုခြေစမ်း ပွဲစဉ်အဖြစ်ကစားခဲ့သည့် အာဆင် နယ်အသင်းနှင့် မန်ယူအသင်းတို့ ပွဲစဉ်တွင်ရရှိခဲ့သည့် ခြေချင်း ဝတ်ဒဏ်ရာကြောင့် ကွန်မြူနတီဒိုင်း ဗိုလ်လုပွဲအပြင် ရာသီအစပိုင်း ပွဲစဉ်များကို လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

ယိုရိုသည် လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် လိုင်လီအသင်းမှ မန်ယူ အသင်းသို့ ပြောင်းရွှေ့လာခဲ့သူ ဖြစ်ပြီး အသင်းနှင့်အတူ ခြေစွမ်းပွဲ စဉ် နှစ်ပွဲသာကစားခဲ့ရာ အာဆင်နယ်အသင်းနှင့် ပွဲစဉ် တွင် ပွဲချိန် ၃၅ မိနစ်၌ ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့ခြင်း ဖြစ်သည်။

လက်ရှိတွင် ယိုရိုအနေဖြင့် မည်သည့်အချိန်ထိ အနားယူရ မည်ကို မန်ယူအသင်းက ထုတ်ပြန် ထားခြင်းမရှိသေးဘဲ ဒဏ်ရာမှာ ပြင်းထန်ဖွယ်ရှိနေပြီး ခြေထောက် အကာအကွယ်များ တပ်ဆင်ထားရ သည့်အပြင် ချိုင်းထောက်အကူ အညီပါ အသုံးပြုနေရသည့်အတွက် လအနည်းငယ် အနားယူရမည့် အခြေအနေနှင့် ကြုံတွေ့နေ ရသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အသင်း ခံစစ်ပိုင်းတွင် ကစားသမားများ မကြာခဏ ဒဏ်ရာရရှိနေသည့် အတွက် အသင်းရလဒ်ပိုင်းများ ထိခိုက်ခဲ့ပြီး လက်ရှိတွင်လည်း ကစားသမားများ ဒဏ်ရာပြဿနာ များနှင့် ဆက်လက်ကြုံတွေ့နေကာ အာဆင်နယ်အသင်းနှင့် ပွဲစဉ် တွင် ယိုရိုအပြင် တိုက်စစ်မှူး ဟိုက်လန်းလည်း တံကောက်ကြော ဒဏ်ရာရရှိခဲ့ပြီး မန်စီးတီး အသင်းနှင့် ကွန်မြူနတီဒိုင်း ဗိုလ်လု ပွဲကို လွဲချော်သွားဖွယ်ရှိနေ ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ချဲလ်ဆီးအသင်းက အိုဆီမန်ကိုခေါ်ယူရန် ပြောင်းရွှေ့ကြေးအပြင် လူကာကူကို အလိုက်ပေးကမ်းလှမ်းမှုပြုလုပ်

**လန်ဒန် ဇူလိုင် ၃၁**

ချဲလ်ဆီးအသင်းက အသင်း တိုက်စစ်ပိုင်းကို အင်အားဖြည့်တင်း သည့်အနေဖြင့် နာပိုလီအသင်းမှ တိုက်စစ်မှူး အိုဆီမန်ကို ခေါ်ယူ ရန်အတွက် ပြောင်းရွှေ့ကြေးအပြင် အသင်းမှ တိုက်စစ်မှူး လူကာကူ ကိုပါ အလိုက်ပေးကမ်းလှမ်းကာ ဆွေးနွေးမှုများ လုပ်ဆောင်နေ ကြောင်း သိရသည်။

အစောပိုင်းက အိုဆီမန်ကို ချဲလ်ဆီးအသင်းအပြင် ပီအက်စ်ဂျီ အသင်းကလည်း အပြိုင်ကမ်းလှမ်း မှုလုပ်ဆောင်ခဲ့သော်လည်း ပြောင်း ရွှေ့ကြေးညှိနှိုင်းမှု အဆင်မပြေဖြစ် ခဲ့သည့်အတွက် ပီအက်စ်ဂျီအသင်း က ဆွေးနွေးမှုကို ရပ်ဆိုင်းခဲ့သော် လည်း ချဲလ်ဆီးအသင်းက ဆက်လက် ဆွေးနွေးမှုများလုပ် ဆောင်နေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် အသင်း တိုက်စစ်ပိုင်းတွင် လူကာကူ၊ မူဒရစ်၊ အန်ကူကူ၊ စတားလင်း၊ မက်ဒူကီ၊ ဂျက်ဆင်၊ ကိုးလ်ပယ်မာ အစရှိသည့် ကစားသမား အများအပြား ရှိနေသော်လည်း အိုဆီမန်ကို ခေါ်ယူရန် အစောပိုင်းကတည်းက ကြိုးပမ်းနေခြင်းဖြစ်သည်။

အိုဆီမန်သည် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက နာပိုလီအသင်း စီးရီးအေချန်ပီယံ ဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အကောင်း ဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ စီးရီးအေ တစ်နှစ်တာအကောင်းဆုံး ကစား သမားဆု ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံး ရာသီကလည်း ပြိုင်ပွဲစုံ ၃၂ ပွဲ ပါဝင်ကစားခဲ့ကာ ၁၇ ဂိုး သွင်းယူ နိုင်သည်ထိ ခြေစွမ်းပြသနိုင်ခဲ့သည့် အတွက် ချဲလ်ဆီးအသင်းက ခေါ်ယူ လိုခြင်းဖြစ်သည်။



နာပိုလီအသင်းကလည်း အိုဆီ မန်အတွက် ပြောင်းရွှေ့ကြေးကို အနည်းဆုံး စတာလင်ပေါင် သန်း ၁၀၀ ထိ အလိုရှိနေသည့် အတွက် ချဲလ်ဆီးအသင်းက လူကာကူကို အလိုက်ပေးပြီး ကမ်းလှမ်းမှု လုပ်ဆောင်နေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံဧက ၄၅၄ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ၄၅၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ နေကြာသီးနှံဧက ၂၀၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၅၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နေကြာသီးနှံဧက ၂၀၃၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၄၅၄ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက် စိုက်ပျိုးလျက်ရှိပါတယ်။ ပြည်ပမှတင် သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်”ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် အသိပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသော ဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မိုင်းယောင်းမြို့နယ် နမ့်ဆလင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်း

**မိုင်းယောင်း ဇူလိုင် ၃၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများမှ မုန်းလိုက်ကျေးရွာအုပ်စု နမ့်ဆလင်းကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော နမ့်ဆလင်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။



နမ့်ဆလင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပံ့ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေများဖြင့် ကျေးရွာမှရွေးချယ်ထားသော ကျေးရွာတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရိုသန်းညွန့်**

# ကြို့ပင်ကောက်မြို့နယ် ဖလံကုန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကြို့ပင်ကောက် ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖလံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူလုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်း ဂဝံမြေနီလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဖလံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းဂဝံမြေနီလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းဆောင်ရွက် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက် မှာကြားသည်။

အဆိုပါ ဖလံကုန်းကျေးရွာ ကျေးရွာတွင်းလမ်း အရှည်ပေ ၂၀၀၀ အကျယ် ၁၂ ပေ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီလမ်းခင်းခြင်း နှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၇၉ ဒသမ ၆ သိန်း၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများမှ အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် မေလ ပထမပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းလွင်(မကွေး)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၁-၇-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၈၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၄၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# အောင်မြတ်သာနှင့် ကြောင်နက်မှော် ဇာတ်လမ်းကို Skynet DTH ၊ Myanmar Movies အစီအစဉ်မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဇူလိုင် ၃၁**

အောင်မြတ်သာနှင့် ကြောင်နက်မှော် ဇာတ်လမ်းကို Skynet DTHရုပ်သံလိုင်း၊ Myanmar Movies အစီအစဉ်မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

အောင်မြတ်သာနှင့် ကြောင်နက်မှော်ဇာတ်လမ်းကို ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် စာရေးဆရာ ဇေယန (ရာမည)၏ ဝတ္ထုကို ဖိုးကျော် (သန်လျင်) က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ သီဟမင်းညီက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

“ဒီဇာတ်လမ်းကလဲ အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွဲတွေထဲက တစ်ပိုင်းထဲအပြီး ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွေကတော့ Shwe Stream You Tube Channel၊ Shwe Stream Application ၊ Channel K ၊ Fortune tv၊ Skynet DTH ရုပ်သံလိုင်းကနေ တစ်ပိုင်းချင်း ထုတ်လွှင့်နေပါတယ်။ ဒီဇာတ်လမ်းကိုတော့ ဩဂုတ် ၁ ရက် ည ၉ နာရီမှာ Skynet DTH ရုပ်သံလိုင်း၊ Myanmar Movies ရုပ်သံအစီအစဉ်ကနေ ထုတ်လွှင့်ပြသပေးမှာ ဖြစ်ပါတယ်” ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

အောင်မြတ်သာနှင့် ကြောင်နက်မှော် ဇာတ်လမ်းတွင် သရုပ်ဆောင် စစ်နိုင်၊ လင်းအောင်၊ မျိုးကို၊ ဖြူစင်ဝင်းရှိန်၊ ဇင်မျိုး၊ ဇော်ရှိန်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည် ASH

# Spaceman တွင် ဂျေကေဆင်မန်၊ ဗီနာဖာဆွတ်နှင့် ထရီဗောကော့တို့ ပါဝင်မည်

**နယူးယောက် ဇူလိုင် ၃၁**

Spaceman အာကာသသိပ္ပံစွန့်စားမှု အက်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဂျေကေဆင်မန်၊ ဗီနာဖာဆွတ်နှင့် ထရီဗောကော့တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၃၀ ရက် သတင်းများအရ သိရသည်။

Spaceman ဇာတ်ကားကို ဒါရိုက်တာ ဒန်းအက်ဘရမိုဗီစီကင်း၏ပထမဆုံးလက်ရာ ရုပ်ရှင်ဇာတ်ကားအဖြစ် တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဒန်းအက်ဘရာမိုဗီစီသည် Fairly Oddparents:A New Wish ဇာတ်လမ်းတွဲကို တာဝန်ယူဖန်တီးပေးခဲ့သူဖြစ်သည်။

Spaceman ဇာတ်ကားသည် အနုပညာဖန်တီးနိုင်စွမ်းကို ရှာဖွေရေးအတွက် အာကာသခရီးထွက်ခဲ့သော အနုပညာရှင်တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ထရီဗောကော့က အဓိက ဇာတ်ကောင် ခရီးသည်အနုပညာရှင်အဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

Spaceman ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူအဖြစ် တာဝန်ယူထားသော Focus Features ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# ရေခဲပန်းပုရုပ် ရုပ်သံဇာတ်လမ်းကို SKYPREMIER HD မှ ထုတ်လွှင့်မည်

**ရန်ကုန် ဇူလိုင် ၃၁**

ရေခဲပန်းပုရုပ် ရုပ်သံဇာတ်လမ်းကို ဩဂုတ် ၁ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွင် အဓိကပါဝင်ထားသူ အဆိုတော် သရုပ်ဆောင် လွှမ်းပိုင်က ပြောပြ၍ သိရသည်။

ရေခဲပန်းပုရုပ် ဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သက်ဦးမောင်က ရေးသားထားကာ ဒါရိုက်တာ သက်နေထွန်းက ဘိုဘို ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် ရုပ်သံဇာတ်လမ်းဖြစ်ကြောင်း သိရသည်။

“ဂီတနဲ့ ဘဝကို အသက်မွေးဖို့ ကြိုးစားနေတဲ့ ကောင်ကလေးနဲ့ စားသောက်ဆိုင်မှာ သီချင်းဆိုရင်း အဆိုတော်ဖြစ်ဖို့ ကြိုးစားနေတဲ့ ကောင်မလေးတို့ရဲ့ဘဝကို အချစ်၊ အလွမ်း ရသမျိုးစုံပေါ်လွင်အောင် ပုံဖော်ရိုက်ကူးထားတဲ့ ဇာတ်လမ်းလေး ဖြစ်ပါတယ်။ ဘဝရဲ့အိပ်မက်တွေကို ရုပ်လုံးပေါ်ဖို့ ထုဆစ်ကြတဲ့အခါ ခိုင်မာတည်တံ့ဖို့အတွက်တော့ စဉ်းစားအချိန်ယူသင့်ပါတယ်။ ရေခဲကို ပန်းပုထုမိသလို ဖြစ်ခဲ့ရင်တော့ ဘယ်လိုလှပတဲ့ အရုပ်လေးဖြစ်ပါစေ။ အရည်ပျော်ကျ ပျောက်ပျက်သွားရမှာပဲဆိုတဲ့ မက်ဆေ့ကိုလဲ ဒီဇာတ်လမ်းမှာ မြင်ရမှာပါ”ဟု အဆိုတော် သရုပ်ဆောင် လွှမ်းပိုင်က ပြောပြသည်။




ရေခဲပန်းပုရုပ် ဇာတ်လမ်းတွင် သရုပ်ဆောင် လွှမ်းပိုင်၊ နေနေ၁်၊ ဒေါင်းဝေ၊ အောင်ခိုင်၊ အိချောပို၊ နန်းခင်ဇေယျာ၊ မေပန်းချီ၊ သဲနန္ဒာစိုး၊ ရွှေရည်ဝင်းထက်စံ စသည့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားပြီး ဇာတ်လမ်းကို ဩဂုတ် ၁ရက် ကြာသပတေးနေ့ ည ၇ နာရီတွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Worst Roommate Ever ကို ဒါရိုက်တာ ပေါဖိတ် တာဝန်ယူရိုက်ကူးမည်

**နယူးယောက် ဇူလိုင် ၃၁**

Blumhouse ရုပ်ရှင်ကုမ္ပဏီ၏ Worst Roommate Ever အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားသစ်ကို ဒါရိုက်တာ ပေါဖိတ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဇူလိုင် ၃၀ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် နယူးယောက်တိုင်းမ် မဂ္ဂဇင်း၏ Worst Roommate Ever အမည်ရှိ ဆောင်းပါးကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Worst Roommate Ever ဇာတ်ကားကို ဒါရိုက်တာ ပေါဖိတ်က ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ စတီဖင်ဆပ်စကိုက တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

လက်ရှိတွင် Worst Roommate Ever ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို Blumhouse က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Worst Roommater Ever ဇာတ်ကားသည် မိမိနေအိမ်အခန်းလွတ်တစ်ခန်းကို အမျိုးသားတစ်ဦးအားငှားရမ်းမိခဲ့သော အမျိုးသမီးတစ်ဦး ရင်ဆိုင်ခဲ့ရသည့် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသစ်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Blumhouse ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# Channel K နှင့် Hey Play Application မှ ထုတ်လွှင့်မည့် မိရိုးဖလာရိုးရာနတ်များ အော်ပရာစီးရီး ရိုက်ကူးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၃၁**

Channel K ရုပ်သံလိုင်းနှင့် Hey Play Application တို့မှ ထုတ်လွှင့်ပြသမည့် မိရိုးဖလာရိုးရာနတ်များ အော်ပရာစီးရီးကို ရိုက်ကူးလျက်ရှိကြောင်း အဆိုပါ အော်ပရာစီးရီး၏ ထုတ်လုပ်မှုဒါရိုက်တာ ပတ္တမြားကေခိုင်က ပြောပြ၍ သိရသည်။

မိရိုးဖလာ ရိုးရာနတ်များ အော်ပရာစီးရီးကို မိရိုးဖလာနတ်သမိုင်းဆိုင်ရာများကို မှုကွဲများစွာအနက် နတ်သမိုင်းပညာရှင်များ၊ နတ်အကပညာရှင်များ၏ အကြံပြုချက်များကိုရယူကာ ဇာတ်လမ်းဇာတ်ညွှန်းနှင့် ထုတ်လုပ်မှု ဒါရိုက်တာအဖြစ် ပတ္တမြားကေခိုင်က တာဝန်ယူထားပြီး ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းက ဒါရိုက်တာအဖြစ် ရိုက်ကူးထားသည်။

“ဇာတ်နဲ့နတ်က ထင်ဟပ်စေတာကြောင့် ဇာတ်သဘင်နဲ့ လမိုင်းအက၊ နတ်ချင်း၊ နတ်သမိုင်း အော်ပရာတင်ဆက်မှုတွေကို အစဉ်အဆက် ကပြတင်ဆက်ခဲ့ပါတယ်။ ဒါတွေကို မိရိုးဖလာအဖြစ်ထိန်းသိမ်းချင်ပါတယ်။ မှုကွဲသမိုင်းကြောင်း များစွာရှိပေမဲ့ဖြစ်နိုင်တဲ့မှုနဲ့ သမိုင်းကြောင်းကို ဖန်တီးပြီး ရိုက်ကူးနေပါတယ်။ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း ဆိုပြီးတော့ ရှိပါတယ်။ ဒီစီးရီးထဲမှာတော့ ၃၇ မင်းထဲမှာ မပါပေမဲ့ လူသိများတဲ့ ရှင်မအောင်ဖြူလို နတ်တွေလဲ ထည့်ထားပါတယ်” ဟု ပတ္တမြားကေခိုင်က ပြောပြသည်။

မိရိုးဖလာရိုးရာ နတ်များ အော်ပရာစီးရီးကို ဝါရင့်သဘင်ပညာရှင်များဖြစ်သည့် ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်း၊ ဇာတ်မင်းသမီး နန်းခင်မွှေး၊ ပတ္တမြားကေခိုင်တို့က ဦးဆောင်၍ မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ သဘင်မင်းသား မင်းသမီးများပါဝင်ကာ ဇူလိုင် ၃၀ ရက်မှစပြီး ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ပဥ္စသိခ်စတူဒီယိုတွင် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။ ASH

# National Defence and Security Council Meeting 2/2024 of the Republic of the Union of Myanmar held



Senior General Min Aung Hlaing addresses the National Defence and Security Council Meeting 2/2024.

**Nay Pyi Taw July 31**

The National Defence and Security Council of the Republic of the Union of Myanmar held meeting No 2/2024 at the Office of the State Administration Council Chairman in Nay Pyi Taw this morning.

As the Pro Tem President U Myint Swe is now on medical leave receiving medical treatment, he transferred his duties as a Pro Tem President to Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing in order to carry out the national defence and security council duties as necessary. Hence, the meeting was attended by Pro Tem President (Duty) Commander-in-Chief of Defence Services Senior General Min Aung Hlaing, Speaker of the Pyithu Hluttaw U T Khun Myat, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Union Minister for Defence Admiral Tin Aung San, Union Minister for Home Affairs Lt-Gen Yar Pyae, Union Minister for Border Affairs Lt-Gen Tun Tun Naung, specially invited SAC Secretary Lt-Gen Aung Lin Dway and Joint Secretary Lt-Gen Ye Win Oo.

The Pro Tem President (Duty) and Commander-in-Chief of Defence Services explained the accomplishments of SAC during the six-month period and the need to continue its duties. First he explained the issue of transferring the Pro Tem President duties. He said Pro Tem President U Myint Swe was receiving medical treatment since early 2023 by a team comprising specialist physicians as he was suffering from peripheral neuropathy. Cataract surgery on both of his eyes was successful and his vision improved. However, he was still suffering from peripheral neuropathy. Medical checkup reports showed that his health condition was not improving. In addition, he could not perform his day-to-day activities including food intake. In this regard, the transfer of duties was conducted at 1130 hours on 22 July 2024 to carry out the national defence and security duties.

He said if the connections between the two sections of the Constitution -- the section 417 and section 412 – are studied, it can be found that despite of the absence of some of the NDSC members during the time the emergency period was not completed, the task assigned by the Constitution must be fulfilled without failed by the remaining persons. Even if the Pro Tem President cannot attend the NDSC meeting or **his post has become a vacant for various reasons, according to the fundamental principles of the Constitution contained in the sections 412(b) and 418 (b), the SAC Chairman Commander-in-Chief of Defence Services, who make final decisions in the national affairs, shall lead the NDSC meeting. Moreover, according to the section 419 of the Constitution the person who exercises the executive power of the State on behalf of the president is the SAC Chairman Commander-in-Chief of Defence Services. In this regard, the executive power of the State was transferred to the SAC Chairman Commander-in-Chief of Defence Services, who is exercising it, in accord with section 419.**

**The SAC will steadfastly implement the adopted five-point roadmap and nine objectives.** Soon after assuming the State duties, the SAC examined the township-wise voter lists to expose vote rigging in the places where election was held. Although those who were involved in ballot rigging never confessed, the SAC could expose the cases when they were proved with firm evidence. It released the findings and took legal action against the persons who were involved in the cases.

**Its original goal is the holding of an election after the completion of the task of implementing the five-point roadmap and nine objectives and a two-year emergency period. Because of the absence of any chances for the election, one more extension of the emergency period has to be declared even after the completion of a two-year period. The amended five-point roadmap was adopted and its final point is the holding of an election. Election is the consistent goal of the government in office. Preparations for the election are in progress. The work to successfully hold the election in accord with the goal is reconfirmed.**

**Security that has the relations with national prosperity**

After assuming the State duties in accord with the Constitution, the SAC was steering towards national peace and stability and strengthening the multiparty democracy system in accord with the law. But till now, NGU, CRPH and PDF terrorists are committing terrorism in an anarchic way to terrorize the public. During the period from 1 February 2021 to 27 July 2024, nation-wide terrorist attacks killed 84 monks and 7284 innocent people/civil servants and destroyed 10930 units of national development infrastructure including health/education buildings and public residences. Some EAOs, who oppose peace, are applying various means based on armed struggle lines to destroy national peace and stability. During the meeting with EAOs, they told the government that they agreed Our Three Main National Causes. But now, some of them are violating Our Three Main National Causes. Every citizen has the duty to safeguard the nation, especially Our Three Main National Causes. The government activated the existing People's Military Service Law to restore national security, peace and stability at the earliest possible time.

The SAC has been reinforcing the path to genuine and disciplined multiparty democracy. On the other hand, terrorist insurgents are applying armed terrorism means under a certain political cause. They are concentrating more on region-wise power grabbing, than taking part in the march to multiparty democracy together with the Union. Myanmar history saw forced demands underpinned by terrorism, but they all failed and there were no benefactors.

MNDAA and TNLA violated temporary ceasefire agreement agreed by both sides for ensuring peace and stability of the region in Shan State (North) and launched attacks. MNDAA attacked regional security posts around Lashio and fired rockets at Lashio daily. At present, they infiltrate Lashio and are destroying life and property of people. TNLA also joined hands with PDF terrorists and attacked local security posts in Nawnghkio, Kyaukme and Mogok regions and urban area. Their terror attacks cause instability in the region, leaving life and property of local ethnic national people. People very abhor those terrorists due to their daily threats on life and property of the people with the various titles and reasons. **Tatmadaw was born of the people and it is a people's Tatmadaw, which is a part of the State. Tatmadaw makes utmost efforts to defend life and property of the people and the State. Upholding the interests of the people and the State is launching the fair war.** So, I take proud of patriotic youths, organizations, war veterans and ethnic national people who support Tatmadaw for its serving a far war. I would like to urge all to collectively defend the State against insurgents and saboteurs who intentionally attack the State, with united national spirit and Myanmar spirit. Tatmadaw decided to continuously forge peace and stability in Lashio, Nawnghkio, Kyaukme, Hsipaw and Mogok regions. **Border region management measures are under the arrangement of both countries. Likewise, border trade must be done by government departments of both countries. As weak management can be seen at some border regions, it is necessary to carry out all measures into normalcy.**

The government is holding talks with political parties and ethnic armed organizations for restoring durable peace for the Union. The remarks from the talks were recorded as the Union Accords. Moreover, further talks will be held. **Some foreign countries encourage armed insurgents and terrorist organizations from diverse politics with monetary assistance, foods, medicines, arms and ammunition, technologies and logistic opportunities in order to shape Myanmar as expected for ensuring long term of armed conflicts. They also help malicious media to conduct psychological warfare.**

**Economic sector**

In striving for booming State economy, only when the State carries out development of manufacturing will the State GDP improve. So, efforts are being made for development of agriculture, industrial and service sectors. ***See Page 13***

*From Page 12*

It is impossible for increasing GDP without basic manufacturing. Since its assumption, the government experienced severe outbreak of COVID-19 as well as downtrends of economy. **The GDP growth in 2020-2021 plunged into -.59 per cent. Due to making utmost efforts for development of agriculture and livestock breeding sectors, the country could secure +2.4 per cent of GDP in the six-month period of 2021-22 FY, with 8.3 per cent increase. In 2022-23 financial year, the country won 3.4 per cent of GDP and 2023-24 FY, 3.5 per cent of GDP. At present, the government is pouring out its efforts for securing 3.8 per cent of GDP growth in current 2024-25 FY.** If State economy declines, it will bring other bad impacts. So, it can be said that **some countries impose economic sanction against Myanmar, committing more sanctions against banks not to run banking services, block border trade in various ways and means, and encourage ethnic armed organizations from border regions in various ways in order to seek profits and monopolize these areas.** Hence, encouragements are being made for all to increase production in agriculture and livestock farms. It is necessary to support MSME businesses. Hence, the Senior General thanked all farmers from agriculture and livestock farms for their endeavours.

In April, unscrupulous businesspersons committed value of monetary in disorder. So, prices of gold and currency changed unprecedentedly without ordinary process. They also blocked economic process, bankruptcy and monetary affairs in disorder. As such, Verification was conducted over them under necessary disciplines and law. **As it is necessary to ensure firmness of currency rather than inflation, a plan is underway to ensure firmness of currency.**

Many incidents happened that unscrupulous businesspersons spread rumours on cooking oil and fuel for raising panic of the people in the country during the period when the government served its duties. Hence, the government adopted correct measures and precise policies for easing tension of the people. With regard to rice, as a possible situation might occur prices of rice in disorder, necessary investigation was conducted to ensure stability of rice prices. In order to ensure convenience of people in the food supply sector, the volume of rice each family will need are being sold nationwide. Accepting a concept that **the politics is economy, the government set visions to improve living standard of the people with convenience of basic needs such as food, clothing and shelter and to develop the whole nation.**

**Social sector**

Education is crucial for long-term sustainability of a country and its development. Hence, arrangements are being made for all school-age children to learn education and to pursue KG+9 educational scheme as a compulsory measure. Upon completion of KG+9, if students continue learning agriculture, livestock breeding and industrial subjects for three years from KG+10 to KG+12, they will have basic job opportunities. If they are qualified, they will have to continue further learning to obtain necessary diplomas and degrees. If so, the country will have skillful human resources in manufacturing. **According to the new academic system, if students reach KG+12, they may turn around 17-18 years old. If they turn 18, they will be an age of voting. If the country will be democratic, everybody needs to understand legal affairs. Hence, it is necessary to discuss legal affairs for those youths to have a wider scope of legal knowledge.**

In this academic year, it was possible to open basic education schools nationwide at an average rate of about 70 percent. In terms of basic education attendance, more than 92 percent of the originally enrolled students attended, so efforts will continue in collaboration with responsible persons to achieve full attendance and school openings. Due to the demographic distribution of our country, there is a need for more students to attend school than currently. It is necessary to prioritize the attendance of school-aged children and ensure they are on the educational path in all areas where schools are open.

Starting from 2023, the Education Conference was held, and this year it was also held last month. The findings from the Education Conferences will be emphasized and implemented to enhance Myanmar's education sector. **As the future of a nation is based on education, it is necessary for not only education staff but also students, parents, and governing bodies to collaborate and work together for educational progress. As the saying goes, "National discipline starts from school discipline,"** so it is essential to teach and instill respect for laws and regulations and to develop good habits and proper conduct to become exemplary citizens.

Regarding the enhancement of the healthcare sector, the State Administration Council will upgrade district hospitals and above to higher standards within this fiscal year to improve healthcare services. Plans are being made to procure necessary hospital equipment, and **US$22 million and Ks116.8 billion from special funds will be used for purchasing hospital equipment and expanding hospital construction within this year.**

To address the vacancies in healthcare staffing, the policy **"Every Hospital Must Have a Doctor"** has been established, and efforts are being made by our government to fulfill this commitment. Due to prioritizing the reappointment of healthcare workers who left their positions due to political reasons, currently, there are 68,258 healthcare workers providing care across 7,278 clinics and 757 hospitals nationwide. Efforts will continue to ensure that everyone fully enjoys their basic healthcare rights. As part of our social objectives, **we aim to support the enhancement of the healthcare and sports sectors to promote long and healthy lives for the entire nation.** In support of this, the fifth national sports festival is planned to be held this coming December.

Our country experiences varying degrees of flooding during the rainy season every year. This year, from the start of the rainy season, there has been more rainfall than in previous years, leading to floods starting in the northern part of Myanmar, including the Myitkyina region. Currently, there are still floods occurring in the southern parts of Myanmar. The Tatmadaw, the Myanmar Police Force, the Fire Brigade, and responsible social organizations are actively involved in rescue operations, benefiting the public.

**Food Security**

As the world's population increases, the demand for food will proportionately rise. Our country's climate and geographical conditions are conducive to the growth of various crops, fruits, and livestock, making it necessary to utilize these resources effectively. **For the 2024-2025 fiscal year, over 15 million acres of monsoon paddy are planned to be cultivated, with nearly 70 percent already planted.** For other crops, over 4.6 million acres of oil crops like groundnuts, sesame, and sunflowers are planned, with more than 81 percent planted, and over 3 million acres of various pulses are planned, with about 70 percent planted. Efforts are being made to increase the yield per acre by implementing specialized planting practices for major crops. In terms of livestock, systematic breeding and improving livestock products can ensure not only domestic fish sufficiency but also replace imports and become a significant export sector.

**In Myanmar, 15 million acres of monsoon paddy and 2 million acres of summer paddy are being cultivated. With approximately 15 million acres of paddy fields, if the target yield of 100 baskets per acre is achieved, it will ensure food security for 100 million people. If double cropping is implemented, food security for 200 million people can be ensured.** Therefore, the cultivation of paddy itself can result in a significant surplus of rice, leading to substantial foreign income. If the targets for other crops like maize, various pulses, and oil crops are also met, a large surplus can be achieved without expanding the cultivated area. Therefore, it is necessary to encourage and facilitate diligent farming.

According to the 2019 interim census, 41.2 percent of the working population aged 15 and above are employed in agriculture, forestry, and fisheries. It is essential to nurture the labor force in these sectors as valuable human resources. The primary economic activity of our country is agriculture and livestock farming. In the livestock sector, if indigenous animals are bred systematically and fed with by-products from agriculture such as rice bran, broken rice, maize, pulse residues, sesame residues, and straw, it can be economically beneficial. Efforts are being made to study and adopt modern agricultural and livestock farming techniques from successful countries to implement them practically.

**Those with financial resources are encouraged to invest in the agriculture and livestock sectors. Such investments will lead to the advancement of the country's agriculture and livestock industries and increase production.** Agriculture and livestock farming are vital economic activities for the nation, and efforts must be made to achieve the target yields.

**Building a Union based on democracy and federalism**

It has been observed that many characteristics of the 2008 Constitution align with a federal system. Firstly, federal principles such as having a legislature and government at the Union and State/Region levels, guaranteeing the existence of States/Regions by the Constitution, and the existence of six self-administered areas with detailed powers and authorities outlined in the Constitution. Additionally, financial distribution and usage between the Union and State/Region levels are explicitly defined in the Constitution. Efforts should be made to effectively utilize the rights provided by the Constitution for regional development. Necessary amendments to the Constitution will also be carried out in accordance with regulations to meet the needs.

The State Administration Council is building the multi-party democratic system with true discipline and the union building process based on democracy and federal system at a rapid pace. In order to facilitate this process, 46 districts have been expanded and established in the regions and states including Nay Pyi Taw, and a total of 121 districts have been established since 2022 to bring about effective administration. Under the leadership of the districts, all townships and regions must be improved. They must make use of the powers that they have received according to the regions, states and districts and try to implement the development of their region. Where this is done, it is necessary for the regions and states to be able to hold elections as much as possible to meet the specified percentage according to the respective regions and states so that the governments formed through elections in their regions will emerge. The necessary security procedures are being implemented by regions and states from now on.

When moving towards a multi-party democratic system, we understand and accept that there are differences of opinion with each other. Because no country and society will accept the demand made by violence and armed, they must only demand according to the law. While the law has not yet been promulgated before the Parliament, the Union will issue decrees and directives that are in effect as law and will be implemented for the regions and states. **The construction of a union based on democracy and federal system must be requested only in accordance with the law and must be implemented only in accordance with the procedure.**

**Strengthening the multi-party democratic system**

**The ultimate goal of the State Administration Council is to hold a free and fair multi-party democratic general election.** In order for them to hold an election successfully, it is necessary to obtain valid basic voting lists. Due to the mistakes in the balloting in the 2020 general election, which was a very bad stigma in the history of the country,

*See Page 14*

*From Page 13*

the balloting must be corrected as much as possible to prevent it from happening again. Necessary preparations are being made to ensure the correctness of the voting lists, and the population and household census will be conducted in October. Preparations are being made in advance to be able to successfully collect and solve the difficulties that may be encountered in the collection.

We will collect the lists on the ground nationwide as a priority, and for those areas where it is difficult to conduct field surveys, the records on the ground should be used as much as possible until the closest match is found. The towns and villages that can be polled will be polled first, and the related townships will be polled with security. The election will be held in accordance with the 2008 Constitution and election laws. Depending on the regional security situation, the event will be held first in the areas that can be held, and in the areas that have not been able to be held due to the recent security situation, security measures will be taken to improve and continue to be held. Only with stability and peace will we be able to strengthen the multi-party democratic system and quickly implement the correct reform process. Therefore, **we will continue to speed up what should be done in terms of security.**

The Union Election Commission has approved the registration of 50 political parties out of the 67 political parties that applied for re-registration and newly established registration, and 2 political parties have been canceled in accordance with the law, so there are currently 48 existing political parties.

The Union Election Commission was giving clarifications and practical demonstration test voting to 107,299 local residents in a total of 121 townships in 5 regions and states, including Nay Pyi Taw, regarding the Myanmar Electronic Voting Machine, in order to make voting convenient and transparent for voters.

The State Administration Council has already guaranteed that it will continue to walk on the path of multi-party democracy and strengthen the multi-party democratic system. At present, **the so-called terrorist groups NUG and PDF are increasing their terrorist attacks by receiving support from countries that do not want the benefit of Myanmar.** It is obvious that some armed groups who do not want peace and democratic culture are increasing illegal actions and territorial expansion activities. Therefore, it is necessary to continue to improve the peace and security conditions of the entire country, to continue the ongoing national development activities without slowing down, and to successfully implement the preparatory activities necessary to hold a multi-party democratic general election, and the processes to be carried out continuously. Therefore, in order to carry out the work to be done as stated above in accordance with Article 425 of the Constitution, the State Administration Council is required to extend the term of office for another six months period.

After that, the members of the National Defence and Security Council discussed the presentations of the Commander-in-Chief of the Defence Services, the Speaker of the People's Hluttaw, U T Khun Myat, said that he would like to discuss a little about the population and household contents census that will be conducted soon. The population and household census is an important task that must be carried out for our country. The main requirement for the successful holding of the multi-party democratic general election to be held in the future is that accurate and correct voting lists must be based on the national census data. Census work and basic voter registration work are related activities. The population and household census will be conducted nationwide from October 1 to 15. According to the nature of the work, the census taking process has to be carried out step by step. Since it will take a certain amount of time to implement such a step-by-step process, he presented and discussed that he supported the extension of the period of the state of emergency declared for the entire country by another six months from August 1, 2024.

Then, the Vice-Senior General joined the discussions, saying first of all, he supported assumption of acting president (duty) by the Chairman of the State Administration Council Commander-in-Chief of Defence Services in accordance with Sections 412, 417, 419 and 425 of the constitution due to health reasons of acting president U Myint Swe. Second, he said security measures of the State have not been currently accomplished and conducting a population census is an important task. Therefore, he supported the extension of the state of emergency in the entire country for another six months to continue to carry out the tasks.

Then, Union Minister for Defence Admiral Tin Aung San said the SAC government placed emphasis on stability of the State during the extended period of the state of emergency. Terrorists have been trying to undermine stability and the rule of law attacking not only security outposts but also towns and villages resided by the general public in Shan State (North), Mandalay Region and Rakhine State with rockets and drones since early July, 2024. The Tatmadaw has to assume the duties of the State inevitably and efforts are being made to hold a free and fair multi-party democracy general election without fail after stability and security of the State have been restored and to systematically transfer the State power to the government that will emerge in the future. It is necessary to extend the state of emergency to continue to carry out tasks to restore security and stability of the State to enable the public to cast their votes independently and freely in the multi-party general election. He said, therefore, he supported extension of the state of emergency in the entire country for another six months.

Then, Union Minister for Home Affairs Lt-Gen Yar Pyae said assorted weapons, ammunition and mines have so far been seized in respective regions and states in 2024. To restore security, the rule of law and local tranquility in certain townships in regions and states more effectively, measures are being taken by invoking martial law as well as Section 144 of the Criminal Procedure Code. Saying that armed violence erupted in 2024 and the situation of security, stability and community tranquility has not returned to normal, he supported the extension of the state of emergency in the entire country for another six months in accordance with Section 425 of the constitution.

Afterward, Union Minister for Border Affairs Lt-Gen Tun Tun Naung said it can be seen that the SAC was able to implement tasks for security, the rule of law, prosperity and security of food, water and basic needs of the State during the previous six months period of extension of the state of emergency to a certain extent. However, there are tasks to be carried out including tasks for security, stability and conducting population census to hold a free and fair multi-party general election successfully, one of the objectives of the Five-point Road Map to build a union based on democracy and federalism and to strengthen the multi-party democracy system and it can be seen that it will take a certain period of time to continue to carry out such tasks. He, therefore, said he supported the proposal of the Commander-in-Chief of Defence Services to allow the SAC to assume its duties of the State for another six months in accordance with Section 425 of the constitution.

Then, the Senior General made additional remarks, saying conducting a population and household census is not a process that can be accomplished within a short time. Under the current circumstances, it is necessary to carry out tasks and verification phase by phase. Voters' lists must be compiled based on the resulting population census as comprehensively as possible. As there are security weaknesses in some regions and states, measures must be taken to improve security to conduct the population census. In connection with the election, measures must be taken by setting priorities for respective areas based on the security situation. Efforts will be made for the emergence of respective Hluttaws and the government. It is important for the country to continue to take the correct democracy path successfully.

Then, in talking about the reports, the Senior General said he would like to express thanks to members of the National Defence and Security Council who attended the NDSC meeting today as they discussed current developments of the State in respective sectors including defence, security, economic, social and other general affairs comprehensively.

As the council is required to continue to take the democracy path aspired by the people without fail, a free and fair multi-party democracy general election must be certainly held successfully. In holding the general election, it is necessary to compile correct and valid voters' lists so as not to repeat voting irregularities during the 2020 general election. Therefore, concerted efforts must be made by all to successfully conduct the population and household census in the upcoming October. Only when elections can be held in respective regions and states in the entire country comprehensively, will the union government, the Pyithu Hluttaw, the Amyotha Hluttaw and state and regional Hluttaws and governments emerge. To enable them to emerge, measures must be taken to improve stability, the rule of law and security matters to ensure stability to hold elections. I agree with the proposals of members of the NDSC council to take sufficient time to be able to do so.

As the members of the NDSC have made a decision to extend the state of emergency for another six months based on current political developments in the country, I hereby declare **the extension of the state of emergency in the entire country for another six months** in accordance with Section 425 of the constitution. Then, the NDSC meeting (1/2024) concluded.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ပြင်သစ်နိုင်ငံက အိုလံပစ်အားကစားပွဲလုံခြုံရေးအတွက် Helma-P တန်ပြန်ဒရုန်းတိုက်ဖျက်ရေးလေဆာလက်နက်စနစ်ကို အသုံးပြုသွားမည်



ပြင်သစ်နိုင်ငံက အိုလံပစ်အားကစားပွဲ လုံခြုံရေးအတွက် Compagnieindustrielle Deslasers (CILAS) က တီထွင်ထုတ်လုပ်ထားသည့် Helma-P တန်ပြန်ဒရုန်းတိုက်ဖျက်ရေး လေဆာလက်နက်စနစ်အပါအဝင် အဆင့်မြင့်ဒရုန်းတိုက်ဖျက်ရေးစနစ်များကို အသုံးပြုသွားမည်ဖြစ်ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Helma-P တန်ပြန်ဒရုန်း တိုက်ဖျက်ရေးလေဆာလက်နက်စနစ်သည် အရွယ်အစားသေးငယ်သောဒရုန်းများကို စက္ကန့်ပိုင်းအတွင်းဖျက်ဆီးပစ်ရန် သို့မဟုတ် ဖယ်ရှားပစ်ရန် ဒီဇိုင်းထုတ်ထားသည့် တိုက်ရိုက်စွမ်းအင်သုံး လက်နက်အမျိုးအစားဖြစ်သည်။ ဤစနစ်၏ ရွေ့ပြောင်းပုံစံကို Forbin လေကြောင်းရန်ကာကွယ်ရေးဖရီးဂိတ်စစ်သင်္ဘောပေါ်တွင် အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ပြီး မကြာမီက ဗီလာကူလေတပ်စခန်း၌ ကာကွယ်ရေးဝန်ကြီး Sébastien Lecornu က ထုတ်ဖော်ပြသခဲ့သည်။

အိုလံပစ်အားကစားပွဲအတွက် လေကြောင်းရန် လုံခြုံရေးတာဝန်ခံဗိုလ်ချုပ်ကြီး Arnaud Bourguignon က အကြမ်းဖက်ဝါဒ ခြိမ်းခြောက်မှု၊ ဆန္ဒပြမှု သို့မဟုတ် ၎င်းတို့၏ ဒရုန်းများဖြင့် ရိုက်ကူးရန် လူတစ်ဦးချင်းစီမှ ကြိုးပမ်းလာနိုင်မှုအလားအလာကိုရင်ဆိုင်ရန် ဤနည်းပညာ၏အရေးကြီးပုံကို အလေးပေးပြောကြားခဲ့သည်။

လက်တွေ့တွင် Sherpa အပေါ့စားယာဉ်ပေါ်တွင်တပ်ဆင်ထားသည့် Helma-P လေဆာလက်နက်စနစ်သည် ဒရုန်းများကို မီတာ ၁၀၀၀ အကွာအဝေးထိ ရှာဖွေထောက်လှမ်း၊ ခြေရာခံနိုင်ပြီး တုံ့ပြန်တိုက်ခိုက်နိုင်သည်။ လေဆာလက်နက်စနစ်၏ထိရောက်မှုမှာ ရာသီဥတုပေါ်မူတည်၍ ရာနှုန်းပြည့်ရရှိနိုင်မည်ဖြစ်သည်။

Helma-P လက်နက်စနစ်သည် UAV ကဲ့သို့သောလေကြောင်းခြိမ်းခြောက်မှုများအတွက် စွမ်းဆောင်ရည်မြင့်မားသောကြားဖြတ်တိုက်ခိုက်ရေးဖြေရှင်းချက်ပင်ဖြစ်သည်။ စစ်ဆင်ရေးဒေသများနှင့်မြို့ပြပတ်ဝန်းကျင်တို့တွင် ထိရောက်စွာအသုံးပြုနိုင်စေရန်ဒီဇိုင်းထုတ်ထားသည့် ဤတန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် ပစ်မှတ်များကို အချိန်နှင့်တစ်ပြေးညီ တိကျစွာသိရှိနိုင်၊ ဖော်ထုတ်နိုင်၊ ခြေရာခံထိန်းကျောင်းနိုင်ရန်နှင့် တိုက်ခိုက်ဖျက်ဆီးနိုင်မည်ဖြစ်ရာ စစ်ဆင်ရေးတပ်ဖွဲ့များအတွက် အားသာချက်တစ်ရပ်ကို ပိုင်ဆိုင်ထားခြင်းလည်းဖြစ်ကြောင်း သိရသည်။

Helma-P စနစ်တွင် အဆင့်မြှင့်တင်ထားသောအကွာအဝေး စွမ်းဆောင်ရည်သည် တစ်ကီလိုမီတာမှ ကီလိုမီတာများစွာထိ တာဝန်ထမ်းဆောင်နိုင်စေလိမ့်မည်ဖြစ်သည်။ စနစ်သည် Optical Jamming မှ Neutralization(ပျက်ပြယ်သည့်အဆင့်) သို့မဟုတ် ပစ်မှတ်ကို လုံးလုံးလျားလျားပျက်စီးခြင်းအဆင့်သို့ ကူးပြောင်းနိုင်ကာ နည်းဗျူဟာမြောက်ဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်ရှိမှုကို ပိုင်ဆိုင်ထားသည်။ ထို့ပြင် Helma-P လေဆာလက်နက်စနစ်သည် ခဲယမ်းများမလိုအပ်သည့်အတွက် တိုက်ပွဲဝင်ကုန်ကျစရိတ်မရှိဘဲ အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေးတွင် အထူးသက်သာပြီး တာရှည်အသုံးပြုရန်အတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

ထို့ပြင် Helma-P စနစ်သည် ရန်သူဘက်မှ သတိမပြုမိနိုင်စေဘဲ တိတ်တဆိတ်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ပစ်မှတ်ကို လေဆာရောင်ခြည် ထိမှန်ဖျက်ဆီးနိုင်မှုသည် တိကျသေချာစေပြီး မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုကိုအနည်းဆုံးဖြစ်စေသည်။ ၎င်းစနစ်သည် ဒရုန်းများ၊ စစ်ရေးသို့မဟုတ် လုံခြုံရေးစစ်ဆင်ရေးများတွင် အသုံးပြုသည့် စက်ရုပ်များနှင့် ရန်သူ့ရေဒါစနစ်များအပါအဝင် ခြိမ်းခြောက်မှုအမျိုးမျိုးကို ပစ်မှတ်ထားဖျက်ဆီးနိုင်စွမ်းရှိသည်။ မိုင်းရှင်းရေးတပ်ဖွဲ့များအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရန် အဝေးထိန်းဖောက်ခွဲရေးမိုင်းများကို တုံ့ပြန်ဖျက်ဆီးနိုင်ခြင်း၊ ဒုံးပျံများ၊ အမြောက်၊ မော်တာများဖြင့် အဝေးမှတိုက်ခိုက်လာမှုများကို တန်ပြန်ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် Helma-P လေဆာလက်နက်စနစ်သည် ခေတ်မီကာကွယ်ရေးမဟာဗျူဟာများတွင် မရှိမဖြစ်လိုအပ်သောအစိတ်အပိုင်းတစ်ခုဖြစ်ပြီး အဆင့်မြင့်နည်းပညာများနှင့် ခြိမ်းခြောက်မှုအမျိုးမျိုးကို ထိထိရောက်ရောက် ကာကွယ်ရန်စစ်ဆင်ရေးစွမ်းရည်များကို ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**France to Deploy High-Tech Helma-P Laser Counter-Drone System to Secure Paris Olympics ကို ဘာသာပြန်ဆိုထားပါသည်။**

---

## အမေရိကန်နိုင်ငံက ADM-160 MALD ဒုံးကျည်များ ယူကရိန်းကို ပံ့ပိုးပေးခဲ့




အမေရိကန်နိုင်ငံသည် ယူကရိန်းကို ADM-160 Miniature Air Launched Decoy (MALD) ဒုံးကျည်ကိုပံ့ပိုးပေးခဲ့ကြောင်း ဇူလိုင် ၂၇ ရက်တွင် "Chuck Pfarrer" ၏ X လူမှုကွန်ရက် အကောင့်တွင် ဖော်ပြထားသော အချက်အလက်များအရ သိရသည်။

ယူကရိန်းသည် ၎င်း၏ဆိုဗီယက်ထုတ်လက်ကျန် MiG-29 တိုက်လေယာဉ်ပေါ်တွင် တပ်ဆင်ရန် ADM-160 MALD ကို အောင်မြင်စွာပြုပြင်ပြောင်းလဲနိုင်ခဲ့ပြီး လေကြောင်းစွမ်းအားများကို သိသိသာသာမြှင့်တင်ထားသည်။

ADM-160 Miniature Air-Launched Decoy (MALD) ဒုံးကျည်သည် ဝေဟင်တိုက်ခိုက်ရေးစစ်ဆင်ရေးများ၏ ထိရောက်မှုကိုအဆင့်မြှင့်တင်ရန် ဒီဇိုင်းထုတ်ထားသော ခေတ်မီဆန်းပြားသော ဒုံးကျည်ဖြစ်သည်။ ၎င်း၏ အဓိကအင်္ဂါရပ်များမှာ အရှည် ၂ ဒသမ ၈၄ မီတာခန့်နှင့် အလေးချိန် ၄၅ ကီလိုဂရမ်ခန့် ရှိသောကြောင့် ပေါ့ပါးကျစ်လျစ်စွာတည်ဆောက်ထားခြင်းဖြစ်သည်။ ADM-160 MALD ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၉၃၀ ရှိ ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည့်အတွက် အထင်ကြီးလောက်ဖွယ် အကွာအဝေးစွမ်း ရည်ကိုပိုင်ဆိုင်ထားပြီး ၎င်း၏တာဘို ဂျက်အင်ဂျင်သည် မြန်နှုန်းမြင့်ပျံသန်းမှုနှင့် လှုပ်ရှားစစ်ကစားနိုင်မှုတို့ကို ပံ့ပိုးပေး ထားသည်။ ၎င်း၏ အထင်ရှားဆုံးသော အင်္ဂါရပ်များထဲမှ တစ်ခုသည် ပြောင်းလွယ်ပြင်လွယ်ဖြစ်သော ဖွဲ့စည်းတည်ဆောက်ပုံဖြစ်ပြီး ရန်သူကိုလှည့်စားခြင်း၊ ပိတ်ဆို့ခြင်းနှင့် ထောက်လှမ်းခြင်းကဲ့သို့သော မစ်ရှင်အမျိုးမျိုးအတွက် ပြင်ဆင်သတ်မှတ်နိုင်စေမည်ဖြစ်သည်။ ထို့ပြင် အဆင့်မြင့် ပျံသန်းမှုထိန်းချုပ်ရေးစနစ်များသည် ပရိုဂရမ်ရေးသွင်းထားနိုင်သော ပျံသန်းမှုလမ်းကြောင်းများအတွက် အဆင်ပြေစေမည်ဖြစ်ကာ မတူညီသောလေယာဉ်များ၏ ရေဒါပုံရိပ်ဖော်ပြမှုနှင့် ပျံသန်းမှုပရိုဖိုင်များကို တုပလှည့်စားနိုင်မည်ဖြစ်သည်။

စစ်ဆင်ရေးတွင်ADM-160 MALD ဒုံးကျည်သည် အရွယ်အစားပိုမိုကြီးမား၍ တန်ဖိုးကြီးမားသော လယာဉ်များကဲ့သို့ ပုံစံတူပြုလုပ်ခြင်းဖြင့် ရန်သူ့လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များကို ရှုပ်ထွေးစေကာ လှည့်စားရာတွင် ပြောင်မြောက်သည့် ဒုံးကျည်အမျိုးအစားလည်းဖြစ်သည်။ ဤစွမ်းရည်သည် ပြိုင်ဘက်ရန်သူများကို ၎င်းတို့၏အရင်းအမြစ်များ လွဲမှားစွာခွဲဝေအသုံးပြုရန် တွန်းအားဖြစ်စေနိုင်ပြီး အမှန်တကယ် တိုက်ပွဲဝင်မည့် တိုက်လေယာဉ်များအစား ယောင်ပြတိုက်စစ်လည်းဖြစ်သည်။

အချုပ်အားဖြင့် ADM-160 MALD ဒုံးကျည်၏ လှည့်ဖြားနိုင်စွမ်း၊ ကိုယ်ပိုင်လုပ်ဆောင်နိုင်စွမ်း၊ ကုန်ကျစရိတ် သက်သာမှုနှင့် ဘက်စုံစွမ်းဆောင်နိုင်မှုတို့သည် သမားရိုးကျဒုံးကျည်များထက် ထူးခြားသော အဆင့်မြင့်စွမ်းအားတစ်ရပ်ကို ပေးစွမ်းနိုင်ပြီး ခေတ်သစ်လေကြောင်းစစ်နည်းဗျူဟာများ၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ခုဖြစ်လာတော့သည်။

**Ukraine MiG-29s Now Equipped with US ADM-160 MALD Decoy Missiles Able to Jam Modern Russian Radars ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

> **ရွေးကောက်ပွဲကျင်းပရေးသည် မိမိတို့အစိုးရ၏ မည်သည့်အခါမှုမပြောင်းလဲသော ရည်မှန်းချက်ပင်ဖြစ်၊ ထို့ကြောင့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေး ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်၊ မိမိအနေဖြင့် ချမှတ်ထားသည့် ရည်မှန်းချက်အတိုင်း အောင်မြင်အောင်ဆောင်ရွက်သွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြုပြောကြားလို ...**

**စာမျက်နှာ ၁၆ မှအဆက်**

ယခုပညာသင်နှစ်တွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပျမ်းမျှ ၇၀ ရာခိုင်နှုန်းခန့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အခြေခံပညာအဆင့်ကျောင်းတက်ရောက်မှုအနေဖြင့် မူလစာရင်းသွင်းထားသူများအနက်မှ ၉၂ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် ရာနှုန်းပြည့် ကျောင်းတက်နိုင်ရေးနှင့် ကျောင်းများဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများနှင့်လက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏လူဦးရေအသက်ပိုင်းခြားအရ ယခုထက်ပိုပြီး ကျောင်းတက်ရောက်သူဦးရေများရန် လိုအပ်မှုများရှိနေသေးကြောင်း၊ စာသင်ကျောင်းများဖွင့်လှစ်သည့် ဒေသများအားလုံးတွင် ကျောင်းနေအရွယ်ကလေးများကျောင်းတက်နိုင်ရေးနှင့် ပညာရေးလမ်းကြောင်းပေါ်ကိုရောက်ရှိရေး ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

၂၀၂၃ ခုနှစ်ကစပြီး ပညာရေးညီလာခံကိုကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ပြီးခဲ့သည့်လကကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ပညာရေးညီလာခံများကရရှိသည့် ဖော်ထုတ်ချက်များကို မြန်မာနိုင်ငံပညာရေးကဏ္ဍမြင့်မားရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် ပညာရေးအပေါ်တွင် အခြေခံခြင်းကြောင့် ပညာရေးအဆင့်တိုးတက်လာရန် ပညာရေးဝန်ထမ်းများအပြင် ကျောင်းသား၊ကျောင်းသူများ၊ မိဘများနှင့် အုပ်ချုပ်သူအဖွဲ့အစည်းများက ပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လို**ကြောင်း၊ **"အမျိုးသားစည်းကမ်း အစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း ကျောင်းစည်းကမ်းလိုက်နာခြင်းမှစပြီး ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားကောင်းပီသသည့် အလေ့အကျင့်ကောင်းများကိန်းအောင်းလာအောင် သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း။

ကျန်းမာရေးကဏ္ဍမြှင့်တင်မှုနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ယခုထက်ပိုမိုမြင့်မားလာစေရေး ယခုဘဏ္ဍာနှစ်အတွင်း မြို့နယ်ဆေးရုံနှင့်အထက် ဆေးရုံများကိုအဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဆေးရုံသုံးစက်ကိရိယာများဖြည့်တင်းရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ **ယခုနှစ်အတွင်း ဆေးရုံသုံးပစ္စည်းကိရိယာများဝယ်ယူဖြည့်တင်းခြင်းနှင့် ဆေးရုံများတိုးချဲ့ဆောက်လုပ်ခြင်းအတွက် သီးသန့်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၂၂ သန်းနှင့်ကျပ်ငွေ ၁၁၆ ဒသမ ၈ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်**ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်ပြီး လစ်လပ်သွားခဲ့သည့် ကျန်းမာရေးဝန်ထမ်းနေရာများကို ပြည့်မီစွာပြန်လည်ခန့်အပ်နိုင်ရန်အတွက် **"ဆေးရုံတိုင်း ဆရာဝန်ရှိရမည်"** ဆိုသည့်မူကိုချမှတ်ပြီး မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဝါဒမှိုင်းကြောင့် တာဝန်မှ လုပ်ငန်းခွင်စွန့်ခွာသွားသည့် ကျန်းမာရေးဝန်ထမ်းများ၏ နေရာများတွင် ပြန်လည်အစားထိုးခန့်အပ်ပေးနိုင်ရန် အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်း ဆေးပေးခန်း ၇၂၇၈ခုနှင့် ဆေးရုံပေါင်း ၇၅၇ ရုံတွင် ကျန်းမာရေးဝန်ထမ်း ၆၈၂၅၈ ဦးနှင့် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ လူသားတိုင်း၏ ကျန်းမာရေးဆိုင်ရာအခြေခံရပိုင်ခွင့်များကို ပြည့်ဝစွာရရှိစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်တွင်ပါဝင်သော **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"** ဆိုသည့်အချက်ကို အထောက်အပံ့ဖြစ်စေရန်လာမည့် ဒီဇင်ဘာလအတွင်း၌လည်း ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကိုကျင်းပရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ်မိုးရာသီကာလတွင် ရေကြီးရေလျှံမှုအနည်းနှင့် အများဖြစ်ပေါ်တတ်သည့် နိုင်ငံဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း မိုးဦးကာလအစကတည်းက ယခင်နှစ်များထက် မိုးရွာသွန်းမှုပိုမိုများပြားလာပြီး မြန်မာနိုင်ငံအထက်ပိုင်း မြစ်ကြီးနားဒေသမှစတင်ကာ ရေကြီးရေလျှံမှုများဖြစ်ခဲ့ကြောင်း၊ လက်ရှိအခြေအနေထိ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါ သဘာဝဘေးအန္တရာယ်ကျရောက်နေမှုကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ တာဝန်သိလူမှုအဖွဲ့အစည်းများအားလုံးက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ တက်ကြွစွာဆောင်ရွက်ပြီး ပြည်သူ့အကျိုးသယ်ပိုးလျက်ရှိကြောင်း။

## စားရေရိက္ခာဖူလုံရေး

ကမ္ဘာ့လူဦးရေတိုးတက်လာသည်နှင့်အမျှ စားရေရိက္ခာလိုအပ်မှု Demand ကလည်း အချိုးကျမြင့်တက်လာမည်ဖြစ်ကြောင်း၊မိမိတို့နိုင်ငံ၏ ရာသီဥတုနှင့် ပထဝီအနေအထားက ကောက်ပဲသီးနှံမျိုးစုံ၊သစ်သီးဝလံမျိုးစုံနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့်နိုင်ငံဖြစ်ခြင်းကြောင့် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်လိုအပ်ကြောင်း၊ **၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးစိုက်ဧက ၁၅ သန်းကျော်လျာထားပြီး လက်ရှိအချိန်တွင် ပျမ်းမျှ ၇၀ ရာခိုင်နှုန်းနီးပါး စိုက်ပျိုးပြီးဖြစ်**ကြောင်း၊ မိုးသီးနှံများအနေဖြင့် မြေပဲ၊ နှမ်း၊ နေကြာစသည့် ဆီထွက်သီးနှံလျာထားဧက ၄ ဒသမ ၆ သန်းကျော်ရှိပြီး ပျမ်းမျှ ၈၁ ရာခိုင်နှုန်းကျော်၊ ပဲအမျိုးမျိုးလျာထားဧက သုံးသန်းကျော်ရှိပြီး ပျမ်းမျှ ၇၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး အဓိကစိုက်ပျိုးသီးနှံများကို သီးထပ်စိုက်ပျိုးမှုဆောင်ရွက်ပြီး တစ်ဧကအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်စေလျက်ရှိကြောင်း၊ ထို့ပြင်မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး စနစ်တကျမွေးမြူခြင်းနှင့် မွေးမြူရေးထုတ်ကုန်များတိုးတက်အောင်ဆောင်ရွက်နိုင်ပါက ပြည်တွင်းသားငါးဖူလုံမှုသာမက ပြည်ပသွင်းကုန်ကို အစားထိုးနိုင်ပြီး အဓိကပို့ကုန်ကဏ္ဍအဖြစ် ပါဝင်လာနိုင်စေသည်ထိ အကျိုးရှိစေနိုင်ကြောင်း။

**မြန်မာနိုင်ငံတွင် မိုးစပါး ၁၅ သန်းနှင့် နွေစပါး နှစ်သန်းစိုက်ပျိုးထား**ကြောင်း၊ **လယ်အနေဖြင့် နှစ်ရပ်ပေါင်း ၁၅ သန်းခန့် စိုက်ပျိုးထားသည့်အတွက် တစ်ဧက ပန်းတိုင်ရည်မှန်းချက် တင်း ၁၀၀ ထွက်ပါက လူဦးရေသန်း ၁၀၀ စာအတွက် ဝမ်းစာဖူလုံမှုရှိ**ကြောင်း၊ ယင်းသည်**တစ်သီးသာဖြစ်ပြီး သီးထပ်စိုက်ပါက သန်း ၂၀၀ စာအတွက် ဖူလုံမှုရှိ**ကြောင်း၊ ထို့ကြောင့် လယ်စပါးစိုက်ပျိုးခြင်းကပင် ဆန်ပိုလျှံမှုများစွာရှိပြီး ပြည်ပဝင်ငွေများစွာရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အခြား ဝါ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများလည်း ပန်းတိုင်ရည်မှန်းချက်ရအောင် ဆောင်ရွက်နိုင်ပါက စိုက်ဧကမတိုးချဲ့ဘဲနှင့်ပင် များစွာပိုလျှံမည်ဖြစ်သည့်အတွက် အားသွန်ခွန်စိုက်အလုပ်လုပ်ကြရန်နှင့် လုပ်နိုင်အောင် ဖန်တီးပေးရန်ပင်လိုကြောင်း။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူ ၄၁ ဒသမ ၂ ရာခိုင်နှုန်းသည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေကြကြောင်း၊ အဆိုပါနယ်ပယ်တွင်ရှိကြသည့် လုပ်သားအင်အားကို လူသားအရင်းအမြစ်ကောင်းများအဖြစ်မွေးထုတ်ပေးရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများပင်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ၌ ဒေသမျိုးရင်းတိရစ္ဆာန်များကိုပင် လှောင်မွေးစနစ်ဖြင့် မွေးမြူပြီး စိုက်ပျိုးရေးမှရရှိသည့် ဆန်ကွဲ၊ ဖွဲ၊ ပြောင်း၊ ပဲဖတ်၊ နှမ်းဖတ်၊ ကောက်ရိုးတို့ဖြင့် အစာရေစာကို စနစ်တကျကျွေးမွေးပါက စီးပွားရေးအရ များစွာတွက်ခြေကိုက်နိုင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်နေသည့်နိုင်ငံများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းလမ်းများကိုလေ့လာပြီး ခေတ်မီနည်းစနစ်များဖြင့် လက်တွေ့ဆောင်ရွက်နိုင်ရန် စီမံပေးလျက်ရှိကြောင်း။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ငွေကြေးအရင်းအနှီးတတ်နိုင်သူများအနေဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ပါက နိုင်ငံ၏စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည့်အတွက် ဖိတ်ခေါ်**ပါကြောင်း၊စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် တိုင်းပြည်အတွက် သေချာသည့်စီးပွားရေးတစ်ခုဖြစ်ခြင်းကြောင့် ပန်းတိုင်အထွက်နှုန်းများပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)တွင်ပါရှိသည့် ဝိသေသလက္ခဏာအများစုမှာ ပြည်ထောင်စု(ဖက်ဒရယ်)စနစ်နှင့် ကိုက်ညီသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပထမဦးစွာ ဖက်ဒရယ်ပုံစံမှုများဖြစ်သည့်ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင် လွှတ်တော်နှင့် အစိုးရနှစ်ရပ်ဖွဲ့စည်းထားရှိခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတည်ရှိမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံပေးထားခြင်း၊ ထို့ပြင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ခြောက်ခုတည်ရှိခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ်ဖော်ပြထားခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဘဏ္ဍာရေးခွဲဝေကျင့်သုံးမှုကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မများဖြင့် တိတိကျကျဖော်ပြထားရှိပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှပေးထားသည့်အခွင့်အရေးများကိုအသုံးချပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းကြရန်သာလိုအပ်ကြောင်း၊ လိုအပ်ချက်အရ အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကိုလည်း စည်းကမ်းနှင့်အညီ ပြုပြင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်တည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခရိုင် ၄၆ ခု တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး စုစုပေါင်းခရိုင် ၁၂၁ ခုနှင့် ထိရောက်သည့်အုပ်ချုပ်ရေးကိုဖြစ်ပေါ်လာအောင်၂၀၂၂ ခုနှစ်ကတည်းက ဖော်ဆောင်ပေးခဲ့ကြောင်း၊ ခရိုင်များ၏ ဦးဆောင်မှုဖြင့် မြို့နယ်၊ ဒေသအားလုံး တိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ခရိုင်အလိုက် မိမိတို့ရရှိထားသည့် လုပ်ပိုင်ခွင့်များကိုအသုံးချပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသများတွင် ရွေးကောက်ပွဲမှတစ်ဆင့် ဖြစ်ပေါ်လာသည့် အစိုးရများပေါ်ပေါက်လာစေရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သတ်မှတ်ရာခိုင်နှုန်းပြည့်မီအောင် အတတ်နိုင်ဆုံး ရွေးကောက်ပွဲများကျင်းပနိုင်ရန်လိုအပ်ကြောင်း၊ ထိုအတွက်လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် အခုအချိန်ကတည်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည့်အခါတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိသည်ကို နားလည်လက်ခံကြောင်း၊ ကိုယ်စီ၏လိုလားချက်များကို အကြမ်းဖက်သည့်လမ်းစဉ်နှင့်လက်နက်ကိုင်တောင်းဆိုခြင်းကို မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းကမှ လက်မခံခြင်းကြောင့် ဥပဒေနှင့်အညီသာ တောင်းဆိုကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်မတိုင်မီ ဥပဒေမထုတ်ပြန်နိုင်သေးချိန်တွင်လည်း ပြည်ထောင်စုမှ ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်နှင့် ညွှန်ကြားချက်များထုတ်ပြန်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဥပဒေနှင့်အညီသာ တောင်းဆိုရမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီသာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်လည်းဖြစ်**ကြောင်း။

## ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေးပင် ဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲတစ်ရပ်အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ခိုင်လုံသည့်အခြေခံမဲစာရင်းများရရှိရန်လိုအပ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမှားယွင်းမှုများကြောင့် နိုင်ငံ့သမိုင်းတွင် အလွန်ဆိုးရွားသည့်အမည်းစက်ဖြစ်ခဲ့ရသည့်အဖြစ်မျိုး ထပ်မံမဖြစ်စေရေး အဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပြီး လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို လာမည့်အောက်တိုဘာလတွင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အောင်မြင်စွာကောက်ယူနိုင်ရေးနှင့် စာရင်းကောက်ယူရာတွင်တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို ဖြေရှင်းနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်ရှိစာရင်းများကို ဦးစားပေးကောက်ယူသွားမည်ဖြစ်ကြောင်း၊ မြေပြင်ကွင်းဆင်းကောက်ယူရန် အခက်အခဲရှိသည့် နေရာများအတွက်လည်း မြေပြင်တွင်ရှိသည့် စာရင်းများနှင့်အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံးစာရင်းကိုက်ညီမှုရရှိသည်ထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကောက်ယူရနိုင်သည့် မြို့ရွာများကို ဦးစွာကောက်ယူပြီး ဆက်စပ်မြို့နယ်များကို လုံခြုံရေးရယူကာ ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)နှင့် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊

**စာမျက်နှာ ၁၉ သို့**

**လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်ရေးနှင့် မြန်မာနိုင်ငံအပေါ် ၎င်းတို့လိုချင်သည့် လက္ခဏာမျိုးရရှိစေရန် ပြည်ပနိုင်ငံအချို့သည် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောထားကွဲလွဲသူများက အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြသည့်အဖွဲ့အစည်းများကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်းမီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေးလုပ်နိုင်အောင် ကူညီပေးလျက်ရှိ . . .**

**စာမျက်နှာ ၁၈ မှအဆက်**

ဒေသအလိုက်လုံခြုံရေးအခြေအနေပေါ် မူတည်ပြီး ကျင်းပနိုင်သည့် နယ်မြေများကို ဦးစွာကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ လတ်တလော လုံခြုံရေးအခြေအနေအရ ကျင်းပနိုင်ခြင်းမရှိသေးသည့် နယ်မြေများကိုလည်း လုံခြုံရေးကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်ပြီး ဆက်လက်ကျင်းပနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုသာ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် မှန်ကန်သည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို လျင်မြန်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **လုံခြုံရေးပိုင်းနှင့်ပတ်သက်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့်တင်ပြလာသည့် နိုင်ငံရေးပါတီ ၆၇ ပါတီအနက်မှ နိုင်ငံရေးပါတီ ၅၀ ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီနှစ်ပါတီကို ဥပဒေနှင့်အညီပါတီမှတ်ပုံတင်ခွင့်ပယ်ဖျက်ခဲ့သည့်အတွက် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၄၈ ပါတီရှိပြီဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်များ မဲပေးရာတွင် အဆင်ပြေစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ငါးခုရှိ မြို့နယ်စုစုပေါင်း ၁၂ ခုတွင်ရှိသည့် ဒေသခံပြည်သူ ၁၀၇၂၉၉ ဦးကို မြန်မာအီလက်ထရောနစ်မဲပေးစက် (**Myanmar Electronic Voting Machine**)နှင့်စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းရေးနှင့်ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအာမခံထားပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် **NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် မြန်မာနိုင်ငံအကျိုးကို မလိုလားသည့်နိုင်ငံများ၏ထောက်ပံ့မှုများရယူကာအကြမ်းဖက်တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်နေ**လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီယဉ်ကျေးမှုကိုမလိုလားသည့် လက်နက်ကိုင်အဖွဲ့အချို့အနေဖြင့်လည်း ဥပဒေမဲ့လုပ်ရပ်များနှင့် နယ်မြေချဲ့ထွင်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နေသည်ကို သိသာထင်ရှားစွာတွေ့မြင်နေရကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအခြေအနေများကို ပြန်လည်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတစ်ရပ်ကျင်းပနိုင်ရန် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ၊ ရွေးကောက်ပွဲဆိုင်ရာထပ်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ အထက်ပါတင်ပြခဲ့သည့်လုပ်ဆောင်ရမည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်လက်တာဝန်ယူထမ်းဆောင်ခွင့်ကို ထပ်မံ၍ခြောက်လသက်တမ်းတိုးမြှင့်ပေးနိုင်ရန် တပ်ပြအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြရာ ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က မကြာမီဆောင်ရွက်မည့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အနည်းငယ်ဆွေးနွေးတင်ပြလိုပါကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် မဖြစ်မနေဆောင်ရွက်ရမည့်အရေးကြီးလုပ်ငန်းရပ်တစ်ခုဖြစ်ကြောင်း၊ နောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် တိကျမှန်ကန်သောမဲစာရင်းများသည် ပြည်လုံးကျွတ်သန်းခေါင်စာရင်းအချက်အလက်များအပေါ် အခြေခံရပါကြောင်း၊သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်အခြေခံမဲစာရင်းပြုစုရေးလုပ်ငန်းများသည် ဆက်စပ်ချိတ်ဆက်ဆောင်ရွက်ရသည့်လုပ်ငန်းများဖြစ်ပါကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍လုပ်ငန်းသဘောသဘာဝအရ အဆင့်ဆင့်သောလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချိန်ကာလအတိုင်းအတာတစ်ခုအထိ အချိန်ယူရမည်ဖြစ်ပါသဖြင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ် အခြေအနေကြေညာထားသည့်ကာလကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ နောက်ထပ် ခြောက်လသက်တမ်းတိုးမြှင့်ခြင်းကို ထောက်ခံပါကြောင်းဖြင့် တင်ပြဆွေးနွေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးရာတွင် ပထမအချက်အနေဖြင့် ယာယီသမ္မတ ဦးမြင့်ဆွေသည် ကျန်းမာရေးအခြေအနေအရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၂၊ ပုဒ်မ ၄၁၇၊ ပုဒ်မ ၄၁၉ ၊ ပုဒ်မ ၄၂၅ တို့အရ ယာယီသမ္မတတာဝန်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထမ်းဆောင်မှုအပေါ် ထောက်ခံပါကြောင်း၊ ဒုတိယအချက်အနေဖြင့် လက်ရှိတွင် နိုင်ငံတော်၏လုံခြုံရေးပိုင်းဆိုင်ရာဆောင်ရွက်မှုများသည် ပြီးပြတ်မှုမရှိသေးပါကြောင်း၊ လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည်လည်း အရေးကြီးသည့်လုပ်ငန်းရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းကိစ္စများကို ဆက်လက်ဆောင်ရွက်နိုင်ရေး နိုင်ငံတစ်ဝန်းလုံး အရေးပေါ် အခြေအနေကြေညာထားသည့်ကာလကို ခြောက်လသက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် တင်ပြဆွေးနွေးသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် သက်တမ်းတိုးထားသည့်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်ရေးကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇူလိုင်လဆန်းမှစ၍ အကြမ်းဖက်သမားများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊မန္တလေးတိုင်းဒေသကြီး၊ရခိုင်ပြည်နယ်တို့အတွင်းရှိ လုံခြုံရေးဆိုင်ရာတပ်စခန်းများကိုသာမက သာမန်ပြည်သူများနေထိုင်သည့် မြို့ရွာများအား ရှော့တိုက်ဒုံး၊ **Drone**များအသုံးပြု၍ တိုက်ခိုက်ခြင်းများပြုလုပ်ခဲ့ကာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို မလွှဲမရှောင်သာရယူတာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ပြီး နိုင်ငံ၏အခြေအနေလုံခြုံတည်ငြိမ်လာသည့်အချိန်တွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မလွဲမသွေကျင်းပပေးကာ နောင်ပေါ်ပေါက်လာမည့်အစိုးရကို နိုင်ငံတော်အာဏာအား စနစ်တကျပြန်လည်လွှဲပြောင်းပေးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရာတွင် လွတ်လပ်၍ တရားမျှတပြီး လွတ်လပ်စွာမဲပေးနိုင်ရေးအတွက် နိုင်ငံအတွင်းလုံခြုံမှုနှင့်တည်ငြိမ်အေးချမ်းမှုရရှိရေးဆက်လက်ဆောင်ရွက်နိုင်ရန် အရေးပေါ်ကာလကို သက်တမ်းတိုးမြှင့်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းလုံးအရေးပေါ် အခြေအနေကြေညာထားသည့်ကာလကို ခြောက်လသက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် တင်ပြဆွေးနွေးသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ၂၀၂၄ ခုနှစ်အတွင်း ယခုအချိန်ထိ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ လက်နက်ခဲယမ်းနှင့်မိုင်းမျိုးစုံကို သိမ်းဆည်းရမိခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ မြို့နယ်အချို့တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး စစ်အုပ်ချုပ်ရေးအာဏာကျင့်သုံးရန် ထုတ်ပြန်ဆောင်ရွက်ခဲ့ရခြင်းများရှိသကဲ့သို့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ထားခဲ့ရခြင်းများလည်းရှိကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း လက်နက်ကိုင်အကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့မှုနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်ရပ်ရွာအေးချမ်းသာယာရေးတို့တွင် သာမန်အခြေအနေမဟုတ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ် အခြေအနေကြေညာထားသည့်ကာလကိုသက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် တင်ပြဆွေးနွေးသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြီးခဲ့သည့်အရေးပေါ် အခြေအနေသက်တမ်းတိုးမြှင့်ထားခဲ့သည့် ခြောက်လတာကာလအတွင်း နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကိစ္စရပ်များကို အတိုင်းအတာတစ်ခုအထိ ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ သို့သော်လည်း ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင်ပါဝင်သည့်လွတ်လပ်၍ တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြုလုပ်နိုင်ရန် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းအပါအဝင် ဆောင်ရွက်ရန်လုပ်ငန်းစဉ်များ ကျန်ရှိနေသေးကြောင်းနှင့် ယင်းလုပ်ငန်းစဉ်များကို အချိန်ကာလတစ်ခုဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၄၂၅အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်နိုင်ငံတော်၏တာဝန်များကို နောက်ထပ် ခြောက်လထပ်မံတာဝန်ထမ်းဆောင်ခွင့်ပြုရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆိုပြုချက်ကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းသည် အချိန်တိုအတွင်း ပြည့်စုံအောင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်မဟုတ်ကြောင်း၊ ယနေ့ဖြစ်ပေါ်နေသော အခြေအနေများအရ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စိစစ်မှုအဆင့်ဆင့်ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ထွက်ပေါ်လာသော လူဦးရေစာရင်းကိုအခြေခံ၍ မဲစာရင်းကိုအတတ်နိုင်ဆုံး ပြည့်စုံအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လုံခြုံရေးဆိုင်ရာအားနည်းချက်များရှိ၍ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုံခြုံရေးတိုးတက်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း လုံခြုံရေးအခြေအနေအပေါ် မူတည်၍ ဦးစားပေးအဆင့်ဆင့်သတ်မှတ်ပြီး နယ်မြေဒေသအလိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာလွှတ်တော်များ၊ အစိုးရအဖွဲ့များ ပေါ်ပေါက်လာရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ နိုင်ငံတော်အနေဖြင့်မှန်ကန်သည့်ဒီမိုကရေစီလမ်းကြောင်းကို ဆက်လက်အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကိုတက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက နိုင်ငံတော်တွင်လက်ရှိဖြစ်ပေါ်နေသည့် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊စီးပွားရေး၊ လူမှုရေးနှင့် အခြားအထွေထွေကိစ္စရပ်များကို ကဏ္ဍအလိုက်ပြည့်စုံစွာ ဆွေးနွေးပေးကြသဖြင့် ကျေးဇူးတင်ရှိကြောင်း။

မိမိတို့အနေဖြင့် ပြည်သူအားလုံးကလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မလွဲမသွေရှေ့ဆက်လျှောက်လှမ်းရမည်ဖြစ်သည့်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို မဖြစ်မနေအောင်မြင်စွာကျင်းပပေးရမည်ဖြစ်ကြောင်း၊ ကျင်းပရာတွင်လည်း ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဆိုင်ရာဖြစ်စဉ်များကဲ့သို့ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ခိုင်လုံမှန်ကန်သည့်မဲစာရင်းများရရှိရန်လိုကြောင်း၊ ထို့ကြောင့် လာမည့်အောက်တိုဘာလတွင်ဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောင်မြင်စွာပြီးမြောက်စေရေးအားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်းတွင်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျယ်ပြန့်စွာဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုအစိုးရ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သက်ဆိုင်ရာလွှတ်တော်များ၊ အစိုးရများပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ပေါ်ပေါက်လာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရွေးကောက်ပွဲကျင်းပနိုင်မည့် တည်ငြိမ်အေးချမ်းမှုရှိသည့်အနေအထားဖြစ်ပေါ်အောင် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကို ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့အနေဖြင့် လုံလောက်သည့်အချိန်ရယူဆောင်ရွက်ရန် လိုအပ်သည်ဟူသည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ အဆိုပြုချက်များကို မိမိအနေဖြင့် သဘောတူပါကြောင်း။

တက်ရောက်လာသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအနေဖြင့်လည်း နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေအရ အရေးပေါ်ကာလကို နောက်ထပ် ခြောက်လထပ်မံသက်တမ်းတိုးမြှင့်ရန် သဘောတူညီဆုံးဖြတ်ပြီးဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၂၅ နှင့်အညီ **"နိုင်ငံတော်တစ်ဝန်းလုံး အရေးပေါ် အခြေအနေကြေညာထားသည့်ကာလကို ၁-၈-၂၀၂၄ ရက်မှစပြီး နောက်ထပ် ခြောက်လတိုးမြှင့်သတ်မှတ်ကြောင်း"**ကို ကြေညာအပ်ပါကြောင်းဖြင့်ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)ကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ရာထူး၊ဌာန | ခန့်ထားသည့် ရာထူး၊ဌာန |
|---|---|
| (၁) ဒေါက်တာ မျိုးမင်းကြည်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်<br>ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်<br>ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) ဒေါ်မြမြဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနိုးဆော်လိုက်ရပါသည်။

# တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၄ / ၂၀၂၄**
၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဒေါ်အေးအေးမော် | ကချင်ပြည်နယ်တရားလွှတ်တော် |
| (၂) ဒေါ်မိမိစိန် | စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် |
| (၃) ဒေါက်တာဇော်ဝင်းထွန်း | ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် |
| (၄) ဒေါက်တာအောင်သီဟ | မွန်ပြည်နယ်တရားလွှတ်တော် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရပ်ဟန်းရှင်လှူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်

**နေပြည်တော် ဇူလိုင် ၃၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန်ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ရေကန်ခုနစ်ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေးဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍တူးဖော်ထိန်းသိမ်းကန်ဆယ်မည်ဖြစ်ပါသဖြင့် ရပ်ဟန်းရှင်လှူပြည်သူများအနေဖြင့် တတ်စွမ်းသမျှလှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်းလှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ဝ၆၇-၃၄ဝ၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ဝ၉-၅ဝ၆၁၈၃၂၊ ဝ၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ဝ၉-၂ဝဝ၂၁၉၅၊ ဝ၂-၄ဝ၆ဝဝ၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ဝ၉-၂ဝဝ၁၉ဝ၆၊ ဝ၆၁-၂၄၆ဝ၂၆၉ နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.ဝ၆၇၁၃၉ဝ၆၇ဝ၁၄၄၂၇ဝ၁ တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်ကြည့်ရှုအားပေး



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးစဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ယနေ့တွင် မော်လမြိုင်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့်တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ဂုဏ်ပြုကြိုဆိုကြပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅ဝ၁)

**❑ အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆုမှအဆက်**

မြန်မာနိုင်ငံတွင် ဆေးလိပ်ငွေ့ကင်းစင်ဒေသများ ထူထောင်ထားရှိသည့်အနက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award) အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စိစစ်ရွေးချယ်ရေးအဖွဲ့များ ဖွဲ့စည်း၍ သတ်မှတ်ထားသည့် အမှတ်ပေးစည်းမျဉ်းဖြင့် စိစစ်ရွေးချယ်ခဲ့ပြီး ရွှေတံဆိပ်(Gold)ကို ဖိလစ်ပိုင်နိုင်ငံ Iloilo City ကလည်းကောင်း၊ ငွေတံဆိပ်(Silver)ကို အင်ဒိုနီးရှားနိုင်ငံ Bogor City ကလည်းကောင်း၊ ကြေးတံဆိပ်(Bronze)ကို ထိုင်းနိုင်ငံ Saensuk Municipalityနှင့် မြန်မာနိုင်ငံ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတို့က ပူးတွဲ၍လည်းကောင်း၊ နှစ်သိမ့်ဆုအဖြစ် လာအိုနိုင်ငံ Luang Prabang က လည်းကောင်း အသီးသီးရရှိခဲ့ကြောင်း အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အကြောင်းကြားခဲ့သည်။

မြန်မာနိုင်ငံကရရှိသည့် အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award) ကို ၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပဆောင်ရွက်မည့် (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးတွင် အခမ်းအနားအစီအစဉ်တစ်ရပ်ဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ မိသားစုဝင်သားသမီးများကို တိုင်းစစ်ဌာနချုပ်များ၌ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်တစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်နိုင်ဝင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



**နေပြည်တော် ဇူလိုင် ၃၁**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ မိသားစုဝင် သားသမီးများကို ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ခြင်းနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ပေးအပ်ခြင်းများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ရှိ သတ်မှတ်နေရာအသီးသီး၌ ပြုလုပ်ကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် ဒုတိယတိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားများ အသီးသီး ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ၊ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဂုဏ်ပြုဆုတံဆိပ်များနှင့် ပညာသင်စရိတ်များ အသီးသီးပေးအပ်ကြရာ ထူးချွန်ဆုရကျောင်းသား၊ကျောင်းသူများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ကျောင်းသား၊ ကျောင်းသူတစ်ဦးစီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌လည်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲနှင့် စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ မိသားစုဝင်သားသမီးများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားပြုလုပ်ခဲ့ပြီး ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ တီဟီရန်မြို့၌ ကျင်းပသည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတသစ်၏ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားတက်ရောက်

**တီဟီရန် ဇူလိုင် ၃၁**

အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာမိုဟာမက်ဘက်ဂါဂါလီဘာ့ဖ်၏ဖိတ်ကြားချက်အရ အီရန်နိုင်ငံ၌ရောက်ရှိနေသော ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယမန်နေ့က တီဟီရန်မြို့ရှိ အီရန်လွှတ်တော်၌ ကျင်းပသည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတသစ် မစ္စတာမာဆော့ပါဇက်ရှ်ကီရမ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်သည်။




ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား မစတင်မီစုပေါင်းဓာတ်ပုံရိုက်ကြရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အခြားသောကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ ပါဝင်ခဲ့သည်။

အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ နိုင်ငံပေါင်း ၈၀ ကျော်မှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် အထူးကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား၌ အစီအစဉ်အရ အီရန်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာမိုဟာမက်ဘက်ဂါဂါလီဘာ့ဖ်က အဖွင့်အမှာစကားပြောကြားကာ အီရန်တရားသူကြီးချုပ် မစ္စတာမိုဆယ်နီအီဂျဲက မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် အီရန်သမ္မတသစ်မစ္စတာမာဆော့ပါဇက်ရှ်ကီရမ်က ကျမ်းသစ္စာကျိန်ဆို၍ မိန့်ခွန်းတစ်ရပ်ပြောကြားကာ အီရန်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာမိုဟာမက်ဘက်ဂါဂါလီဘာ့ဖ်က အပိတ်မိန့်ခွန်းပြောကြားပြီး ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အီရန်သမ္မတမစ္စတာမာဆော့ပါဇက်ရှ်ကီရမ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့အခြားသောနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။

အီရန်နိုင်ငံသို့ရောက်ရှိစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အခမ်းအနားတက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။

တီဟီရန်မြို့၌ပြုလုပ်သည့် ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

ခရီးစဉ်အတွင်းအိမ်ရှင်အီရန်အစိုးရက ကိုယ်စားလှယ်အဖွဲ့များကို တီဟီရန်မြို့ရှိ အီရန်အမျိုးသားပြတိုက်နှင့် အီရန်ရှေးဟောင်းသုတေသနနှင့် အနုပညာပြတိုက်တို့သို့ ပို့ဆောင်ပြသပေးကြသည်။

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတသစ် မစ္စတာမာဆော့ပါဇက်ရှ်ကီရမ်အား ၁၉၅၄ ခုနှစ်တွင်မွေးဖွားခဲ့ပြီး ၎င်းသည် နှလုံးခွဲစိတ် ဆရာဝန်တစ်ဦးဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ကျန်းမာရေးဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ ကျန်းမာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ အီရန်လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရာထူးတာဝန်အသီးသီး တာဝန်ထမ်းဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**☆ စက်သုံးဆီမှအဆက်**

ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်သိမ်းထားသော အရောင်းဆိုင်များသို့ ပေးပို့နေသည့် စက်သုံးဆီများကို လိုအပ်သည့်အရောင်းဆိုင်များသို့ ရွှေ့ပြောင်းချယူစေခြင်းများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရန်နှင့် ပြတ်လပ်မှုမရှိစေရန်အတွက် သီလဝါဆိပ်ကမ်းဒေသရှိ သိုလှောင်ကန်စခန်းများ၌ ဩဂုတ်လ ဒုတိယပတ်ကုန်ထိ စက်သုံးဆီဖူလုံစွာသုံးစွဲနိုင်ရေး ကြိုတင်သိုလှောင်ဖြန့်ဖြူးလျက်ရှိပြီး ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ စဉ်ဆက်မပြတ်ဝင်ရောက်ရန် စီမံကြီးကြပ်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် မကြာမီစက်သုံးဆီ ပြတ်လပ်မည်ဆိုသည့် Online Media သတင်းများနှင့် ပြင်ပကောလာဟလသတင်းများကြောင့် စိုးရိမ်ကြောင့်ကြမှုဖြင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ ဈေးနှုန်းမြှင့်တင်၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်းတို့ကို မပြုလုပ်ကြရန်၊ သုံးစွဲရန်လိုအပ်သည့်ပမာဏကိုသာ ဝယ်ယူသုံးစွဲကြရန်၊ အရောင်းဆိုင်များကိုလည်း စက်သုံးဆီရှိလျက်ရောင်းချမပေးခြင်းမျိုး မပြုလုပ်ကြစေရေး စနစ်တကျစိစစ်ကြပ်မတ်လျက်ရှိကြောင်းနှင့် လက်ရှိအခြေအနေများအရ စက်သုံးဆီပြတ်လပ်နိုင်မှု မရှိနိုင်ကြောင်း သတင်းရရှိသည်။ (၅၀၁)







# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီး တစ်ဦးအပါအဝင် အရပ်သား ကိုးဦး သေဆုံးဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၃၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ရှိ ရပ်ကွက်များအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး ၁၀ လုံးဖြင့် ပစ်ခတ်မှုကြောင့် သိမ်ဇရပ်ရွာလေးရပ်ကွက် (၇)လမ်းတွင်နေထိုင်သည့် ကိုယ်ဝန်လေးလလွယ်ထားရသည့် အမျိုးသမီး တစ်ဦးအပါအဝင် အရပ်သား ကိုးဦး သေဆုံးဟု သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

၎င်းသတင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျိုက်ထိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သမားများနှင့်လည်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှုမရှိကြောင်း၊ လက်နက်ကြီးဖြင့် ရပ်ကွက်များအတွင်း ပစ်ခတ်ခဲ့သည်ဆိုသည့် သတင်းမှာလည်း မှန်ကန်မှုမရှိကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်နှင့် ဒေသခံပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်ချက်များဖြင့် လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများ လွှင့်ဆော်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပင်လောင်းမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့်နေရာကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့သည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများ နေထိုင်သည့်နေရာကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများအား မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ပင်လောင်းမြို့နယ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO ပအိုဝ်းပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့သည်ဆိုသည့် သတင်းမှာ ကောလာဟလ သတင်းမှားသာဖြစ်ကြောင်း၊ တပ်မတော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား စနစ်တကျကူညီစောင့်ရှောက်မှုများ၊ ထောက်ပံ့မှုများအပါအဝင် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ကူညီဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါသတင်းမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအကြား သွေးထိုးသပ်လျှိုနေသည့် သတင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



# Utah ပြည်နယ်ရှိ ဆားရေကန်ကြီးရေခန်းခြောက်လာခြင်းက ကာဗွန်တန်ချိန်သန်းပေါင်းများစွာကို ထုတ်လွှတ်လျက်ရှိနေ



**ဝါရှင်တန် ဇူလိုင် ၃၁**

အမေရိကန်နိုင်ငံ Utah ပြည်နယ်ရှိ ဆားရေကန်ကြီး ရေခန်းခြောက်လာသည်နှင့်အမျှ ကာဗွန်တန်ချိန် သန်းပေါင်းများစွာကို လေထုအတွင်းထုတ်လွှတ်လျက်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် Utah ပြည်နယ်ရှိ ဆားရေကန်ကြီး၏ ရေများခန်းခြောက်လာခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ပိုမိုဖြစ်လာစေကြောင်း၊ Utah ပြည်နယ်အနီး နေထိုင်သူ လူဦးရေတိုးပွားလာမှု၊ တောင်သူများ၏ ရေကန်ကြီးအတွင်းမှ ရေကိုရေလွှဲများစွာပြုလုပ်ပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေအလွန်အကျွံ ထုတ်ယူမှုများကြောင့် ဆားရေကန်ကြီး၏အရွယ်အစားသည် ထက်ဝက်ခန့်ကျုံ့သွားခဲ့ကာ ရေများလုံးဝခန်းခြောက်သွားခဲ့ကြောင်း သိရသည်။

သိပ္ပံပညာရှင်များသည် ဆားရေကန်ကြီးအတွင်းမှ ထွက်လာသော ဓာတ်ငွေ့နမူနာများကိုယူပြီး လေ့လာစမ်းသပ်ခဲ့ရာ ဖန်လုံအိမ်ဓာတ်ငွေ့ အများအပြားပါဝင်နေကြောင်း၊ အဆိုပါ ခြောက်သွေ့နေသော ရေကန်ကြမ်းပြင်မှသည် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဖန်လုံအိမ် ဓာတ်ငွေ့တန်ချိန် ၄ ဒသမ ၁ သန်းကို ထုတ်လွှတ်ခဲ့ကြောင်း သိပ္ပံပညာရှင်များက ဆိုခဲ့သည်။

ရေများခန်းခြောက်နေသည့် ဆားရေကန်ကြီးမှ ထုတ်လွှတ်နေသောဓာတ်များထဲတွင် ကာဗွန်အပြင် အာဆင်းနစ်နှင့် ပြဒါးကဲ့သို့ အဆိပ်အတောက်ဓာတ်များပါဝင်နေပြီး အဆိုပါဓာတ်များသည် ကင်ဆာနှင့် အာရုံကြောဆိုင်ရာ ရောဂါများကိုဖြစ်စေနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။

**Ref : Sputnik News**

**Trs : KZ**

# အီတလီအာဏာပိုင်များက ဆာဒီနီယာကျွန်းကို မိုးခေါင်ရေရှားပါးမှု အရေးပေါ်အခြေအနေသတ်မှတ်

**ရောမ ဇူလိုင် ၃၁**

အီတလီနိုင်ငံ ဆာဒီနီယာကျွန်းတွင် မိုးခေါင်ရေရှားပါးမှု ကာလရှည်ကြာနေသောကြောင့် မိုးခေါင်ရေရှားပါးမှုအရေးပေါ် အခြေအနေသတ်မှတ်ခဲ့ကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်ရေရှားပါးမှုကြောင့် သောက်သုံးရေရှားပါးလျက်ရှိနေသည့်အတွက်ကြောင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါကျွန်း၏ အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်ခဲ့ပြီး မိုးခေါင်ရေရှားပါးမှုအရေးပေါ် အခြေအနေဖြစ်ပွားခဲ့ကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်းက ပြောကြားခဲ့သည်။

"ကျွန်းပေါ်မှာ မိုးခေါင်ရေရှားမှုတွေဖြစ်ပေါ်နေပါတယ်။ ကာလရှည် မိုးခေါင်ရေရှားပါးမှုပြဿနာဖြစ်နေတဲ့အတွက်ကြောင့် မိုးခေါင်ရေရှားပါးမှုအရေးပေါ် အခြေအနေသတ်မှတ်လိုက်ပါတယ်။ ဒေသခံတွေ သောက်သုံးရေရှားပါးတဲ့ပြဿနာကို အတတ်နိုင်ဆုံးတော့ ဦးစားပေး ဆောင်ရွက်နေသလို ရာသီဥတုလွန်ကဲမှု လျှော့ချရေးအစီအစဉ်တွေကိုလဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဆာဒီနီယာကျွန်းအာဏာပိုင်အဖွဲ့အစည်းက ပြောကြားသွားခဲ့သည်။

မိုးခေါင်ရေရှားပါးမှုအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် နယ်မြေအတွင်းရှိ ဒေသခံများ သောက်သုံးရေ လုံလောက်မှုရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက်လည်း စီမံချက်များဖြင့် ဆောင်ရွက်ပေးသွားနိုင်ရန် ကြိုးစားလျက်ရှိကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုကြောင့် မိုးခေါင်ရေရှားမှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည့်အတွက် အပူလှိုင်းဖြတ်သန်းမှု လျှော့ချရေးအတွက်ကို ဦးစားပေးဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိကြောင်း အာဏာပိုင် အဖွဲ့အစည်းက ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ကော်လိုရာဒိုပြည်နယ် မြောက်ဘက်ပိုင်းတွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက်ထုတ်ပြန်

**ဝါရှင်တန် ဇူလိုင် ၃၁**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်မြောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီး ကူးစက်လောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် အာဏာပိုင်များက ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရသိရသည်။

ကော်လိုရာဒိုပြည်နယ်တွင် လောင်ကျွမ်းခဲ့သည့် တောမီးသည် ယခုနှစ်အတွင်း ဒုတိယအကြိမ် တောမီးလောင်ကျွမ်းမှုဖြစ်ပြီး တောမီးလောင်ကျွမ်းမှုသည် အလက်ဇန္ဒားတောင်အနီးမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ရာသီဥတုအခြေအနေကြောင့် တောမီးသည် ကော်လိုရာဒိုပြည်နယ် မြောက်ဘက်ပိုင်းရှိ ဘိုတာကောင်တီသို့ ကူးစက်လာခဲ့ခြင်းဖြစ်ပြီး ဘိုတာကောင်တီဒေသခံတချို့ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကာ လူနေရပ်သို့ကူးစက်နေသည့် တောမီးလောင်ကျွမ်းမှုက ဦးစားပေးငြိမ်းသတ်ပေးနေကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားခဲ့သည်။

"ဘိုတာကောင်တီဘက်မှာ တောမီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားနေပါတယ်။ တောမီးဟာ လူနေအိမ်ခြေတွေဆီကို ကူးစက်လောင်ကျွမ်းလာနိုင်တဲ့အတွက်ကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်"ဟု ကော်လိုရာဒိုပြည်နယ်ရဲတပ်ဖွဲ့က ပြောရေးဆိုခွင့်ရှိသူ ပြောကြားသွားခဲ့သည်။



အလက်ဇန္ဒားတောင်အနီးတွင် လောင်ကျွမ်းနေသည့် တောမီးငြိမ်းသတ်ရေးအတွက် မြေပြင်မှ သွားလာရန် ခက်ခဲနေခြင်းကြောင့် တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် ကန့်သတ်ချက်များရှိနေကြောင်း၊ လူနေအိမ်ခြေများဆီသို့ ကူးစက်လောင်ကျွမ်းနေသည့် တောမီးကို အမြန်ဆုံးငြိမ်းသတ်နိုင်ရေး ဆောင်ရွက်ပေးနေကြောင်း ကော်လိုရာဒိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ဥရောပသမဂ္ဂက အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ရေဘေးသင့်ပြည်သူများအတွက် ယူရို ၂ ဒသမ ၄ သန်း ပံ့ပိုးသွားမည်

**ဘရပ်ဆဲလ် ဇူလိုင် ၃၁**

ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်းက ယခုနှစ်အတွင်း ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်နေရသည့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ရေဘေးသင့် ပြည်သူများကို ယူရို ၂ ဒသမ ၄ သန်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံအလိုက် ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာ ရင်ဆိုင်ခဲ့ရသော ရေဘေးသင့်ဒေသများကို ဦးစားပေးကူညီသွားမည်ဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်ခဲ့ရသည့် နေရာများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ဘက်ပိုင်းဒေသများ၊ အိန္ဒိယနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံမှ ဒေသခံများကို လူသားချင်း စာနာထောက်ထားရေးအစီအစဉ်ဖြင့် ကူညီပေးသွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ဥရောပသမဂ္ဂအဖွဲ့အစည်းအနေနဲ့ ရေဘေးသင့်နေတဲ့နိုင်ငံအလိုက်က ဒုက္ခသည်တွေကို လူသားချင်းစာနာထောက်ထားရေးအစီအစဉ်နဲ့ ကူညီပေးလျက်ရှိပါတယ်။ ဒီနှစ်အတွင်း အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ဖိလစ်ပိုင်နိုင်ငံတို့မှာ ရေဘေးအန္တရာယ်နဲ့ ဆိုးရွားစွာရင်ဆိုင်ခဲ့ရတဲ့သူတွေကို ယူရို ၂ ဒသမ ၄ သန်းထိ ကူညီပေးသွားမှာဖြစ်ပါတယ်"ဟု ဒယ်လ်ဖင်က ပြောကြားခဲ့သည်။

ကူညီပံ့ပိုးပေးရာတွင် မိသားစုအလိုက်ငွေကြေးပံ့ပိုးမှုများအပြင် အစားအသောက်၊ အဝတ်အထည်နှင့် ရေသန့်များကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အစားအသောက်နှင့် ငွေကြေးပံ့ပိုးမှုများကို အိန္ဒိယနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်ဖြစ်သူ ဒယ်လ်ဖင်က တာဝန်ယူကာကူညီပံ့ပိုးမှုများ ပြုလုပ်ပေးသွားမည်ဖြစ်သည်။

ယခုနှစ်အတွင်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသောနိုင်ငံများနှင့်ပတ်သက်ပြီး စောင့်ကြည့်ကာ စစ်တမ်းများ ကောက်ယူပေးလျက်ရှိပြီး အကူအညီလိုအပ်နေသော သဘာဝဘေးဒဏ်သင့်နယ်မြေများမှ ဒုက္ခသည်များကို လူသားချင်း စာနာထောက်ထားရေးအစီအစဉ်ဖြင့် ကူညီပေးသွားမည်ဖြစ်ကြောင်းလည်း ဥရောပသမဂ္ဂအဖွဲ့အစည်းမှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မရှင်ထံမှ သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဥရောပသမဂ္ဂက ရုပ်ကြွင်းလောင်စာအသုံးပြုမှုလျှော့ချပြီး လေနှင့် နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားကို အဓိကထုတ်ယူရန် ဆောင်ရွက်လျက်ရှိ

**လန်ဒန် ဇူလိုင် ၃၁**

ဥရောပသမဂ္ဂက ရုပ်ကြွင်းလောင်စာအသုံးပြုမှု လျှော့ချပြီး လေနှင့် နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားကို အဓိကထုတ်ယူရန် ဆောင်ရွက်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ယခုနှစ် ပထမခြောက်လအတွင်း ဥရောပသမဂ္ဂသည် လေတာဘိုင်များနှင့် ဆိုလာပြားများကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားအသုံးပြုမှု၏ ၃၀ ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ အဆိုပါနည်းလမ်းဖြင့် ရုပ်ကြွင်းလောင်စာအသုံးပြုမှုများကိုလျှော့ချသွားရန် ရည်မှန်းချက်ထား ဆောင်ရွက်နေကြောင်း၊ ဥရောပတွင် ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လောင်ကျွမ်းခြင်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ယခုနှစ် ပထမခြောက်လနှင့် ယခင်နှစ် အလားတူ ကာလနှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း Ember အဖွဲ့၏ အချက်အလက်များအရ သိရသည်။

ဥရောပသည် ဆိုးရွားပြင်းထန်သောရာသီဥတုဖောက်ပြန်မှုဒဏ်ကို ပြင်းထန်စွာခံစားရသည့်နိုင်ငံများဖြစ်ပြီး ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုအများဆုံးနှင့် လေထုညစ်ညမ်းမှုအများဆုံးသော နိုင်ငံများထဲတွင် ပါဝင်သည်။

ဥရောပနိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများကို လည်ပတ်ရာတွင် ရုပ်ကြွင်းလောင်စာများအသုံးပြုမှုလျှော့ချကာ လေနှင့်နေစွမ်းအားကို အဓိကအသုံးပြု ဆောင်ရွက်နေကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအဖွဲ့ (IPCC) နှင့် အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီက စီးပွားရေးလုပ်ငန်းများတွင် လိုအပ်သော လျှပ်စစ်ဓာတ်အားအများစုကို သန့်ရှင်းသော စွမ်းအင်များဖြစ်သည့် နေနှင့်လေစွမ်းအင်များကသာ စွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

**Ref : Russia Today**

**Trs : KZ**

0 w [illegible] [illegible] @

# တိမ်ညိုမစင်တဲ့ မိုးကောင်းကင်

မောင်သိန်းနိုင်(လက်ဖက်ရည်)



(၁)

နံနက်လင်းသည်နှင့် မကြော့အသံကြားနေရသည်။ သူ့အသံကြားပြီဆိုလျှင် နာရီသွားမကြည့်နဲ့ ၅နာရီခွဲ ဆိုတာ ကွက်တိဖြစ်သည်။ ထိုအချိန်မျိုးဆို ဒေါ်သောင်းလှ အမြဲနိုးနေကျဖြစ်သည်။

"ပဲပြုတ်ပူပူလေးရမယ်။ ဟောဒီက ပဲပြုတ်"

"မိကြော့ရေ လာပါအုံး"

"ပဲပြုတ် ၁၀ သား လောက်လုပ်ပါအုံး"

ဒေါ်သောင်းလှ ပဲပြုတ်ဝယ်ရန် စတီးဇလုံတစ်လုံး ကိုင်ကာ အိမ်ဝသို့ ထွက်လာလေသည်။

"ကျုပ်က ညည်းစောင့်နေတာတော့။ မနက်ပိုင်း ထမင်းကလေးဆီဆမ်းပြီး ပဲပြုတ်ကလေးနဲ့မှမစားရရင် ရင်ပြည့်ချင်သလိုလို၊ ရင်ကယ်ချင်သလိုလို ဖြစ်တော့ တာပဲအေ။ ဒါတောင်သားသမီးတွေက ပြောကြသေး တယ်အေ့။ အမေက တောစာတွေ ကြိုက်တာကိုတဲ့။ ကျုပ်က တောသူပဲလေအေ တောစာကြိုက်တာပေါ့။ ကျုပ်လဲအရွဲ့တိုက်ပြီး ပြောလိုက်တယ်အေ။ ကျုပ်ကတော့ သေတဲ့ထိ ထမင်းကြမ်းနဲ့ ပဲပြုတ် စားအုံးမှာလို့"

ဒေါ်သောင်းလှသည် ပဲပြုတ်သည်မကြော့ကို သူ၏ နိစ္စဓူဝဖြစ်စဉ်များကို မဲ့ပြုံးပြုံးကာပြောပြနေတော့သည်။

"ဒီလိုပါပဲ ဒေါ်သောင်းလှရယ်။ ကျွန်မလဲ တောသူပဲ။ အခြေအနေအကြောင်းကြောင်းကြောင့် ရေကြည်ရာ မြက်နုရာနေရတာပဲလေ။ တောအရပ်၊ တောဓလေ့၊ တောအငွေ့အသက်တွေက သေတဲ့ထိရှိနေအုံးမှာပါ"

ဒေါ်သောင်းလှ၏စကားကို ရာနှုန်းပြည့် ထောက်ခံသောအနေအထားဖြင့် စကားထောက်ခံမဲ ထည့်လိုက်သော မကြော့နှင့် ဒေါ်သောင်းလှ လေပေးဖြောင့်၍ နေလေတော့သည်။

"စကားပြောကောင်းကောင်းနဲ့ ပြောနေတာပဲပြုတ်ငါးကျပ်သားလောက် ထပ်ထည့်အုံးအေ။ ဘုရားကိုလဲ ပဲပြုတ်ဆီဆမ်းနဲ့ အာရုံဆွမ်းလေးကပ်ချင်လို့အေ့"

မကြော့သည် ပဲပြုတ်တောင်းပေါ်တွင် ပါလာသောချိန်ခွင်ခွက်ထဲသို့ ပဲပြုတ်တောင်းထဲမှ ပဲပြုတ်ကို ခပ်ကာချိန်၍ ထည့်နေတော့သည်။

"အဒေါ် ကျွန်မ ပိုထည့်ထားတယ်နော်"

"အေးပါအေ။ ဒီလူနဲ့ ဒီလူ ပြောစရာကျနေတာပဲအေ"

(၂)

ကားဝင်းထဲရောက်သည်နှင့် မကြော့ ခင်ပွန်းဖြစ်သူ ကိုစိုးကြီးကို ရှာလေတော့သည်။ အဝေးပြေးကားကွင်းတွင် ကားဒရိုင်ဘာအဖြစ် အလုပ်လုပ်နေသော သူ၏ ခင်ပွန်းဖြစ်သူ ကိုစိုးကြီးကို ရှာရသည်မှာ အလွန်ပင် ခက်လှသည်။

"ဟဲ့ငတိုး နင့်ဆရာကို တွေ့မိလား"

မကြော့သည် ကိုစိုးကြီးနှင့်အတူတွဲ၍ အလုပ်လုပ်နေသော စပယ်ယာ ငတိုးကို မေးလိုက်သည်။

"စောစောကတော့ ကျွန်တော်တွေ့လိုက်သေးတယ်။ **Sky Star** ဆိုင်ထဲမှာ ထိုင်နေတာဗျ။ အခု ဘယ်ရောက်သွားမှန်း မသိတော့ဘူး"

"ကိုစိုးကြီးနဲ့တော့ ခက်ပါတယ်ဟယ်။ အလုပ်ပြီးရင်လဲ အိမ်တန်းပြန်မလာဘူး။ ဘီယာလေး သောက်တာနဲ့ ပြောကို မပြောချင်ဘူး"

မကြော့သည် ခင်ပွန်းဖြစ်သူကိုစိုးကြီး၏ နေ့စဉ်နေ့တိုင်း ဘီယာဆိုင်ထိုင်၍ သောက်ခြင်းကို မနှစ်သက်သော်လည်း ပစ်ချ၍ မရသော တောင်းစုတ်ကြီး ဖြစ်နေသောကြောင့်သာ သည်းခံ၍နေရခြင်းပင်ဖြစ်သည်။ အတန်ကြာ ထိုင်စောင့်နေမှသာ ကိုစိုးကြီး ရောက်လာတော့သည်။

"မကြော့ ရောက်နေတာကြာပြီလား။ အစ်ကို အလုပ်ကိစ္စလေးတစ်ခု အကြောင်းပေါ်လာလို့ ခဏကြာသွားတယ်ကွာ"

ကိုစိုးကြီးသည် ဇနီးဖြစ်သူကိုပြုံးဖြီးဖြီးမျက်နှာထားဖြင့် မျက်နှာချိုသွေးလိုက်သည်။

"တော့လဲ မပြောချင်ဘူး။ ဘီယာလေးတစ်စစ၊ အရက်ကလေးတမြမြ၊ ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့ အကုန်ဆင်ခြေတွေချည်းပဲ"

မကြော့သည် စိတ်ဆိုးသော အမူအရာဖြင့် ကိုစိုးကြီးကိုဆီး၍ အပြစ်ဖွဲ့ပြောဆိုလိုက်တော့သည်။

"ရှင့်သမီး အခုတစ်လော အရမ်းချူချာနေတယ်ရှင့်။ ကလေးဆေးခန်းပြဖို့ ပိုက်ဆံနည်းနည်းလိုလို့။ တော့ မှာရှိရင် ကျုပ်ကိုပေးလိုက်အုံး"

"ဟုတ်လား။ အစ်ကို့သမီးလေးကို ဂရုစိုက်ပါကွာ။ အစ်ကို ပေးမှာပေါ့။ ရော့ရော့"

ကိုစိုးကြီးသည် သူ၏စလွယ်သိုင်းထားသော လွယ်အိတ်ထဲမှ ငွေတစ်သိန်းကိုထုတ်၍ မကြော့ကို ပေးလိုက်သည်။

"တော် ဒီတစ်ခေါက်ကားမောင်းနားရင် စောစော ပြန်လာခဲ့နော်။ ကလေးက တော့ကို လွမ်းနေတာရှင့်"

"အေးပါကွာ၊ စိတ်ချပါ။ အစ်ကိုဒီတစ်ခေါက်မောင်းပြီးတာနဲ့ အိမ်ကိုချက်ချင်းပြန်လာခဲ့မယ်။သမီးလေးကိုလဲ ပြောလိုက်။ သမီးအတွက် အရုပ်တွေအများကြီး ဝယ်လာခဲ့မယ်လို့"

ကိုစိုးကြီး၏ရင်ထဲတွင် အိမ်လွမ်းစိတ်အပြင် သမီးကို လွမ်းသောစိတ်များပင် ထပ်ပိုး၍ တိုးလာလေသလား မသိ နေမထိထိုင်မသာဖြစ်နေသော ဟန်ပေါက်နေတော့သည်။

(၃)

စနေနေ့မိုးသည် ဆွေးတမြည့်မြည့်ဖြင့်တစိမ့်စိမ့် ရွာနေတော့သည်။ မိုးနှင့်အတူ လျှပ်ပန်းလျှပ်နွယ်များသည်လည်း တဖျတ်ဖျတ်ဖြင့် လင်းလက်နေတော့သည်။ မိုးခြိမ်းသံကြီးများသည်လည်း တောဟိန်းသည့်ပမာ တစ်ဒိန်းဒိန်းဖြင့်မြည်ဟည်းနေတော့သည်။ တအုန်းအုန်း ရွာကျနေသော မိုးပေါက်များကိုကြည့်၍ နှင်းဆီညို ဖခင်ဖြစ်သူကို မျှော်နေရှာသည်။ ဖခင်ဖြစ်သူအိမ်ပြန် မလာတာ တစ်ပတ်ကျော်ပင်ရှိလာသောကြောင့် ဖခင် လွမ်းစိတ်များကမိုးနှင့်အတူ တဟုန်းဟုန်း ရွာကျနေတော့သည်။

"မေမေ ဖေဖေလဲ ပြန်မလာသေးဘူးနော်"

"ပြန်လာမှာပါသမီးရယ်။ မေမေ သေသေချာချာ ပြောခဲ့တာပါ။ ခဏနေ ရောက်လာလိမ့်မယ်နော်"

အဖေ့ကို မျှော်နေရှာသော သမီးဖြစ်သူကိုသာ မကြော့ နှစ်သိမ့်စကားဆိုနေရသည်။ ကိုစိုးကြီး၏ အတွင်းစိတ်က ခန့်မှန်းရခက်သည်။ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး၊ အခုလာမည်ပြောပြီး လာချင်မှလာသည်။မလာတော့ဘူးပြောပြီး ရောက်ချင်လည်းရောက်လာတတ်သည်။

"မေမေ ဟိုမှာဖေဖေလာနေပြီ"

နှင်းဆီညိုသည် ဝမ်းသာအားရဖြစ်ကာ အိမ်ပေါ်မှ ချက်ချင်းထ၍ပြေးဆင်းသွားတော့သည်။ သဲကြီးမဲကြီး ရွာနေသော မိုးပေါက်များကိုမမှုတော့ဘဲ ဖခင်ဖြစ်သူ ရှိရာသို့ တစ်ဟုန်ထိုး ပြေး၍ သွားလေတော့သည်။

"သမီးရယ်။ ဖေကြီးအိမ်ပြန်လာနေတာကိုကွာ မိုးရွာထဲဆင်းလာရတယ်လို့။ အခုတော့ အကုန်စိုရွှဲကုန်ပြီ။ နေမကောင်းဖြစ်တော့မှာပဲ"

ကိုစိုးကြီးသည် မိုးပေါက်များထိမှန်၍ စိုရွှဲနေသော သမီးဖြစ်သူ၏ဆံပင်များကို အဝတ်ဖြင့် သုတ်၍ ပေးနေတော့သည်။

"ဖေကြီးပြန်မလာတာ တစ်ပတ်ကျော်နေပြီလေ။ သမီးလွမ်းနေတာပေါ့။ ဖေကြီးကိုလဲတွေ့ရော သမီးလဲ မနေနိုင်တော့ဘူး။ မိုးရွာနေတာတောင် မေ့သွားတယ်။ ဟီး ဟီး"

နှင်းဆီညိုသည် ဖခင်ဖြစ်သူ၏ ရင်ခွင်ထဲတွင် ခေါင်းလေးတိုးဝှေ့ကာ ချွဲနေတော့သည်။

"အမယ်လေးတော် နေ့တိုင်း ချက်ပြုတ်၊ အဝတ်လျှော်၊ ကျောင်းပို့နေရတဲ့ကျုပ်ကျတော့ မလွမ်းဘူး။ အိမ်သိပ်မကပ်တဲ့ အဖေကျတော့ လွမ်းပြနေတယ်။ တကတဲ ပြောကို မပြောလိုက်ချင်ဘူး"

မကြော့သည် သားအဖနှစ်ယောက်အလွမ်းသည်ပုံကို ကြည့်၍ ပီတိအရွှန်းဖောက်ကာစကားလှမ်းပြောလိုက်တော့သည်။

(၄)

"ယောက်ျားထမင်းစားမယ်လေ။ အကုန်ပြင်ဆင်ပြီးပြီ။ အဆင်သင့်စားရုံပဲနော်"

"အေးပါ ခဏနေလာခဲ့မယ်။ ဒီမှာ သမီးကိုအဝတ်လဲပေးလိုက်အုံးမယ်နော်"

"သားအဖနှစ်ယောက်ဟုတ်နေတာပဲနော်။ အခုမှ အလွမ်းသည် နေကြတာပေါ့။ မြန်မြန်လဲ လုပ်ကြအုံး။ ကျွန်မထမင်းဝိုင်းက ထိုင်ပြီး စောင့်နေပါတယ်ရှင့်"

မကြော့သည် ကိုစိုးကြီးတို့ သားအဖနှစ်ယောက်ကို အမြင်ကတ်လာသဖြင့် ချစ်စနိုးဖြင့် ရွဲ့တဲ့တဲ့ ပြောလိုက်သည်။

ကိုကို နေမကောင်းဘူးလား အကြင်နာ စကားလေးနဲ့ ကို့အပေါ် ဂရုစိုက်သူရယ်။

"ကိုစိုးကြီး ဖုန်းလာနေတယ်ရှင့်။ ရှင့်ဖုန်းသံက တယ်လဲ ကောင်းနေပါလား"

"ဘာရယ်မဟုတ်ပါဘူးကွာ၊ တွံ့တေးစိုးအောင်ရဲ့အနုပညာကို သဘောကျလို့ထည့်ထားတာပါ"

"ထားပါတော့ရှင်။ တွံ့တေးစိုးအောင်ဖန်ကြီးရယ်"

မကြော့သည် ကိုစိုးကြီးကို စနောက်သော အမူအရာဖြင့် စကားစစ်ထိုးလိုက်သည်။ ကိုစိုးကြီး ဖုန်းကို ကိုင်၍ အနောက်ခန်းသို့ ဝင်သွားလိုက်သည်။ အတန်ကြာမှ ကိုစိုးကြီးပြန်ထွက်လာသည်။

"မကြော့ရေ အစ်ကို အလုပ်ကအရေးကြီးလို့ အခုချက်ချင်း ပြန်သွားရမယ်ကွာ"

ဖခင်ပြန်မည်ဆိုသောအသံကို ကြားလိုက်ရသဖြင့် ထမင်းစားဝိုင်းတွင်ထိုင်၍ စောင့်နေသော နှင်းဆီညိုလေး၏ မျက်ဝန်းအိမ်ထဲတွင် မျက်ရည်စများ ရစ်ဝဲ၍နေလေတော့သည်။

"ဖေကြီးကလဲ ပြန်လာတာခဏလေးပဲရှိသေးတာကို။ အခုချက်ချင်းကြီး ပြန်တော့မယ်"

သမီးလေး၏ဝမ်းနည်းစကားက ကိုစိုးကြီးရင်ဘတ်ကို တင်းကျပ်သွားစေတော့သည်။ မသက်သာသော အခြေအနေတစ်ခုကို သွားရမည်ဖြစ်သောကြောင့် မသက်မသာဖြင့် ခပ်ခွာခွာသာ သမီးဖြစ်သူကို နှုတ်ဆက်ရပေတော့မည်။

"ဖေကြီး သုံးလေးရက်လောက်နေပြီးရင် ပြန်လာမှာပါ။ ဒီတစ်ခါ သမီးကြိုက်တဲ့မုန့်တွေ ဖေကြီး အများကြီး ဝယ်ခဲ့မယ်နော်။ အရုပ်တွေလဲ ဝယ်ခဲ့မယ်သိလား"

စနေနေ့ကတည်းကရွာတဲ့ မိုးသည် ယခုထိမစဲသေး။ တဖွဲဖွဲရွာနေသောမိုးစက်များကို ခေါင်းပေါ်တင်ရင်း ဇနီးနှင့်သမီးကို ကျောခိုင်း၍ ကိုစိုးကြီး အိမ်မှ ထွက်လာလိုက်တော့သည်။

(၅)

"ဟဲ့မိကြော့ ပဲပြုတ်ရောင်းမထွက်တာတောင် ကြာပြီနော်။ နင်မထွက်တော့ အခြားသူတွေဆီက ဝယ်စားရတာ စုန်းပြူးတွေပါတော့ ပဲပြုတ်ကအရသာ သိပ်မရှိပါဘူးအေ"

ဒေါ်သောင်းလှသည် မကြော့ကို ပဲပြုတ်အရောင်းမထွက်တာကြာသဖြင့်ဆီး၍ စကားဆိုလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ်အဒေါ်ရေ။ ကလေးက အခုရက်ထဲ ပြန်ပြန်ပြီးဖျားနေလို့ ကျွန်မလဲဈေးရောင်းမထွက်ဖြစ်တာ"

"ကလေးကလဲ ချူချာတယ်နော်။ ကလေးကိုလဲ

စာမျက်နှာ ၂၅ သို့ ➤

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တီလားပီးယားငါး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက တီလားပီးယားငါး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက တီလားပီးယားငါး ပိဿာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တီလားပီးယားငါး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချနေကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက် အဓိက တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ တီလားပီးယားငါးတွေ ဝယ်ယူမှုအားကောင်းနေပါတယ်။ ဒါကြောင့် ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးပိဿာချိန်တွေ တော်တော်များများ တင်ပို့ရောင်းချခဲ့ရတာကြောင့် ရေလုပ်ငန်းရှင်တွေနဲ့ ကုန်သည်တွေပါ အလုပ်အကိုင် အဆင်ပြေနေပါတယ်။ အခု ငါးဝယ်ယူမှုအားကောင်းလာလို့ အချို့ငါးမွေးမြူသူတွေက ငါးအကောင်ရေ ထပ်တိုးမွေးမြူဖို့ လုပ်နေပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် မွေးမြူသည့် တီလားပီးယားငါးနှင့်သဘာဝအတိုင်း ဖမ်းဆီးရရှိသည့် တီလားပီးယားငါးများ ထွက်ရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သော တီလားပီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဆင်ပေါင်ဝဲမြို့နယ် ကုတင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ကုတင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့်စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၀၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကုတင်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၅ ဦးကို ငွေကျပ် ၅၀၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျထံမှ သိရသည်။

**ငြိမ်းသူ(စလင်း)**

➤ စာမျက်နှာ ၂၄ မှအဆက်

ဂရုစိုက်အုံး။ ကျုပ်ကို ဒီနေ့တော့ ၁၀သားပဲပေးတော့အေ"

မကြေ့သည် ဒေါ်သောင်းလှကို ပဲပြုတ်၁၀သားချိန်ပေး၍ အိမ်မှ ထွက်လာခဲ့တော့သည်။

"ကိုစိုးကြီးကလဲ ဖုန်းခေါ်တာကိုမကိုင်ဘူး။ ဘာတွေဒီလောက်တောင် အလုပ်ရှုပ်နေလဲမသိဘူး။ ဟင်း"

မကြေ့သည် သက်ပြင်းအရှည်ကြီးချ၍ ရင်ခွင်ထဲတွင်ပွေ့ချီထားသောသမီးလေး၏နဖူးပြင်ကို ညင်သာစွာပွတ်သပ်ပေးလိုက်သည်။

"ကလင် ကလင် ကလင်"

ဖုန်းဝင်လာသဖြင့် မကြေ့ဖုန်းကောက်ကိုင်လိုက်သည်။ဖုန်းနံပါတ်မှာ နံပါတ်စိမ်းဖြစ်နေသောကြောင့် မကြေ့ဦးစွာ မိတ်ဆက်လိုက်သည်။

"ဟဲလို ဟုတ်ကဲ့ပြောပါရှင်။ ဩော်. . . ဘယ်သူများလဲလို့။ ကိုစိုးကြီး ကျွန်မဖုန်းတွေဆက်နေတာ အကြိမ်ပေါင်းမနည်းတော့ဘူး။ ရှင် ဘာတွေဖြစ်နေတာလဲ။ ဒီမှာ သမီးက အသည်းအသန်ဖြစ်နေတာ"

မကြေ့သည် သမီးဇောဖြင့် ကိုစိုးကြီးကို ပြစ်တင်စကားများ ပြောလိုက်တော့သည်။

"ငါတောင်ကြီးဘက်ရောက်နေလို့ ချက်ချင်းမလာနိုင်ဘူး။ လိုအပ်တာမှန်သမျှ အဆင်ပြေအောင်လုပ်ထားကွာ။ ငါပြန်လာမှ ကုန်ကျစရိတ် အကုန်ရှင်းမယ်။ ကြားလား"

ဖုန်းလိုင်းမကောင်းသဖြင့် ဖုန်းပြန်ကျသွားသည်။ ထပ်၍ခေါ်ပြန်သော်လည်း ဆက်သွယ်မှုဧရိယာပြင်ပဟုသာ ထပ်တလဲလဲဆိုနေတော့သည်။ မကြေ့လည်း တက္ကစီကားတစ်စီးကိုခေါ်၍ ဆေးရုံသို့ ချက်ချင်းထသွားလိုက်တော့သည်။ အလာကောင်းသော်လည်းအခါနှောင်းခဲ့လေသည်။ ထင်မှတ်မထားသောလောကဓံလှိုင်းတံပိုးက နှင်းဆီညိုလေးကိုရိုက်ပုတ်၍ ခေါ်ဆောင်သွားတော့သည်။ တစ်ဦးတည်းသော သမီးလေးကို ပိုးမွေးသလိုမွေးမြူထားသော မကြေ့အဖို့ ခေါင်းရှစ်စိတ်အခွဲခံလိုက်ရသလို အသက်ထွက်လုမတတ် ခံစားနေရတော့သည်။ ဖုန်းလိုင်းမမိသဖြင့် အခန်းအပြင်ဘက်သို့ ထွက်၍ မကြေ့ဖုန်းခေါ်နေသည်။ ဖုန်းလိုင်းမိရာနေရာကို လိုက်ရှာရင်း ခွဲခန်းနားကအခန်းသို့ မကြေ့ရောက်သွားသည်။

"ဟင် ကိုစိုးကြီး"

မကြေ့၏ အာမေဋိတ်သံများက သူ၏ နှုတ်ခမ်းလွှာပါးပါးလေးကိုဖိကိုက်ရင်း ဒေါသလှိုင်းများရင်ထဲတွင် ရိုက်ခတ်နေလေတော့သည်။ အခန်းထဲသို့ ဝင်ရန် မကြေ့ ပြင်လိုက်သည်။ အခန်းဝမှစောင့်နေသော ဆေးရုံဝန်ထမ်းက မကြေ့ကို လှမ်း၍မေးလိုက်သည်။

"အစ်မ ဆရာဝန်ကြီး လူနာတွေကို လိုက်ကြည့်မှာမို့ ခဏဝင်ခွင့်ပိတ်ထားတယ်ခင်ဗျာ။ ဘယ်သူနဲ့တွေ့ချင်လို့လဲခင်ဗျာ"

မကြေ့သည် ကိုစိုးကြီးကို လက်ညှိုးထိုး၍ ပြလိုက်သည်။

"ဩော်. . . ဟိုလူနာရှင်လား။ အဲလူလဲ သနားပါတယ်ဗျာ။ တစ်ညလုံး အခုထိ မအိပ်ရသေးဘူး။ သူ့မိန်းမကို အတော်ချစ်ရှာတယ်ဗျာ။ ကျွန်တော့်တစ်သက် ဒီလိုလူမျိုးတွေကို မတွေ့ဖူးသေးပါဘူးဗျာ"

"ရှင်"

ဆေးရုံဝန်ထမ်း၏ပြောစကားက မကြေ့နှလုံးသားကိုမီးစဖြင့်ထိုးလိုက်သလို ခံစားရတော့သည်။ ဆရာဝန်ကြီး လူနာကြည့်ပြီးသွားပြီမို့ မကြေ့အခန်းထဲသို့ ဝင်လိုက်သည်။ စီးကျလာသော မျက်ရည်စများဖြင့် ကိုစိုးကြီးကို ပြောလိုက်သည်။

"ကိုစိုးကြီး ရှင် သိပ်ရက်စက်တယ်ရှင်။ ကျွန်မသမီးလေး ဒီဆေးရုံမှာပဲ အခုအသက်မရှိတော့ဘူး။ ရှင်ကတော့ သူ့ကိုပြုစုနေလိုက်တာ ဘေးပတ်ဝန်းကျင်က လူတွေကတောင် ချီးကျူးနေကြသေးတယ်"

မကြေ့သည် ကိုစိုးကြီး၏ရင်ဘတ်ကို အားကုန်ထု၍ ငိုချလိုက်လေတော့သည်။ တိမ်ညိုမည်းကြီးသည် ပို၍အုံ့မှိုင်းလာသောကြောင့် ကောင်းကင်ယံ၏အလှသည် တိမ်မည်းညို၏ ဝါးမျိုခြင်းကိုခံနေရတော့သည်။ နှင်းဆီညိုလေး၏ ဖခင်ဖြစ်သူအပေါ်၌ လွမ်းရသောနေ့များကိုလည်း တိမ်ညိုမည်းကြီးက အမည်းရောင်ခြယ်သွားလေတော့သည်။

## ဘဝအောင်ပွဲ ထုဆစ်နွဲ

\- လောကမှာ တို့လူသား
ကြိုးစားစို့ ထာဝစဉ်၊
ပျင်းရိရှောင် တန်ခိုးထွားမှ
တိုးပွားမည်ပင်၊
ကိုယ့်တန်ဖိုး ကိုယ်မြှင့်တင်
ဘဝတွင် အောင်မြင်ရေး၊
ရည်မှန်းရာ ဇွဲနဲ့လျှောက်ကွယ်
ထွန်းတောက်စေလေး။

\- ဉာဉ်ဆိုးတွေ ရင်မှာမွေးနဲ့
ယှဉ်ကာတွေး အသိဉာဏ်၊
အချိန်တွေကို တန်ဖိုးထား
နိုးကြားရှင်သန်၊
ရည်မှန်းချက် ပြည့်ဖို့ရန်
အားမာန်တွေ စိုက်ထူလျက်၊
အခက်ခဲကြုံ ရင်ဆိုင်သွားလို့
ကျော်လွှားရှေ့ဆက်။

\- ကိုယ့်တာဝန် မပျက်ကွက်
ထမ်းဆောင်ရွက် ကျေပွန်စေ၊
စိတ်ဓာတ်ကို ကောင်းအောင်မြှင့်
ဂုဏ်တင့်မယ်လေ၊
ရည်မှန်းထား ပန်းတိုင်အခြေ
လှမ်းနိုင်ပေ အမှန်မလွဲ၊
ပျော်ရွှင်စွာ စိတ်မညစ်နဲ့ကွယ်
ထုဆစ်အောင်ပွဲ။ ။

**ရဲသွေးနီ(တက်ဝန်)**

# မင်းလှမြို့နယ် ရွာသစ်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် စိန်ပုကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက ရွာသစ်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ခရိုင်ဦးစီးမှူး ဦးသန်းလွင်က လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ရွာသစ်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းအရှည်ပေ ၉၀၀၊ အကျယ်သုံးပေ၊ အမြင့်ခြောက်လက်မစီခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း ၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၂၂ သန်း စုစုပေါင်း ၁၇ ဒသမ ၂၂ သန်းဖြင့် ဇွန်လဒုတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ကျေးရွာနေပြည်သူများ သွားလာမှုပိုမိုကောင်းမွန်လာပြီး သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# တရုတ်နိုင်ငံက နျူကလီးယားစစ်ပွဲတားဆီးရေးနည်းလမ်းအဆိုပြုမှု

နေရှား(သုတေသန)

နျူကလီးယားလက်နက်မပြန့်ပွားရေး သဘောတူစာချုပ် (NPT) ၏ ၂၀၂၆ ပြန်လည်သုံးသပ်ခြင်း ညီလာခံဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာတွင် မကြာသေးမီကပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် တရုတ်နိုင်ငံက နျူကလီးယားလက်နက်ထိန်းချုပ်ရေး၊ နျူကလီးယားလက်နက်ကို ဦးစွာအသုံးမပြုရေး၊ နျူကလီးယားမဟုတ်သော လုံခြုံရေး၊ အမေရိကန်၊ ဗြိတိန်နှင့်ဩစတြေးလျတို့ကြား နျူကလီးယားရေငုပ်သင်္ဘောပူးပေါင်းဆောင်ရွက်မှုနှင့် အခြားကိစ္စရပ်များဆိုင်ရာ အလုပ်သဘောစာတမ်းများတင်သွင်းခဲ့သည်။ NATO ၏ နျူကလီးယားခွဲဝေဖြန့်ထားရေးဆိုင်ရာ အစီရင်ခံစာကို ထုတ်ပြန်ရန်အတွက်လည်း တရုတ်နိုင်ငံက သီးခြားအခမ်းအနားတစ်ခုကျင်းပခဲ့သည်။ နျူကလီးယားလက်နက်ထိန်းချုပ်ရေးတွင် စိန်ခေါ်မှုများ တိုးမြင့်လာနေသောကြောင့် ကျယ်ကျယ်ပြန့်ပြန့်ဖြေရှင်းရေး လုပ်ဆောင်ခြင်းဖြင့် တရုတ်နိုင်ငံသည် နိုင်ငံတကာလက်နက်ထိန်းချုပ်ရေး ယန္တရားကို ခုခံကာကွယ်ရာတွင် သိရှိနေခြင်းဖြစ်သည်။

**အဆိုပြုရသည့်အကြောင်းရင်းများ**

နိုင်ငံတကာ နျူကလီးယားလက်နက် ထိန်းချုပ်ရေးကို တရုတ်နိုင်ငံက မည်သည့်အတွက်ကြောင့် အလေးပေးနေရသနည်း။ အကြောင်းမှာ နျူကလီးယားလက်နက်များ တိုးမြင့်လာခြင်း၊ နျူကလီးယားမူဝါဒများ လျော့ရဲလာခြင်း၊ နျူကလီးယားလက်နက်များ ပြန့်ပွားလာခြင်း၊ နျူကလီးယားလက်နက်ဖြင့် ခြိမ်းခြောက်ခြင်းနှင့် နျူကလီးယားလက်နက်ဆိုင်ရာ အပြန်အလှန် ထိန်းချုပ်ရေးသဘောတူစာချုပ်များ ပျက်စီးလာခြင်းကြောင့် ဖြစ်သည်။ ဤကိစ္စသည် စစ်အေးတိုက်ပွဲ ပြီးဆုံးပြီးနောက် နှစ် ၃၀ ကျော်အတွင်း မည်သည့်အခါကမျှ မတွေ့ဖူးသည့် အရေးကြီးသော လမ်းဆုံလမ်းခွသို့ ရောက်လာခြင်းကြောင့်ဖြစ်သည်။ တစ်ချက်မှာကမ္ဘာကြီးသည် နျူကလီးယားစစ်ပွဲ၊ နျူကလီးယားလက်နက်ပြိုင်ဆိုင်မှုနှင့် နျူကလီးယားပြန့်ပွားမှုအန္တရာယ်များ မြင့်တက်လာသည်။ နျူကလီးယားစစ်ပွဲအန္တရာယ်နှင့် ပတ်သက်၍ ယူကရိန်းအကျပ်အတည်းဖြစ်ပွားပြီးကတည်းက ကမ္ဘာတစ်ဝန်းတွင် နျူကလီးယားလက်နက် အသုံးပြုရန် သို့မဟုတ် ခြိမ်းခြောက်မှုတစ္ဆေသည် ပျံ့လွင့်လာခဲ့သည်။ အစ္စရေးသည် ပါလက်စတိုင်းနှင့် ပဋိပက္ခအတွင်း နျူကလီးယားလက်နက်များ အသုံးပြုမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ၁၉၆၂ ခုနှစ် ကျူးဘားဒုံးကျည်အကျပ်အတည်းအပြီးတွင် ပထမဆုံးခြိမ်းခြောက်မှုဟုပင်ဆိုနိုင်သည်။

**နျူကလီးယားလက်နက်များ တိုးမြင့်လာခြင်း**

နျူကလီးယားလက်နက် ပမာဏမြင့်မားလာမှုနှင့်အတူ နျူကလီးယားလက်နက်ပြိုင်ဆိုင်မှု ဖြစ်နိုင်ခြေပိုများသည်။ စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနဌာန (SIPRI) မှ ပြောကြားသည်မှာ ၁၉၈၀ ပြည့်နှစ်ကတည်းက နျူကလီးယားထိပ်ဖူးအရေအတွက် တစ်သမတ်တည်းကျဆင်းမှု အဆုံးသတ်ခြင်းဖြင့် ကမ္ဘာ့နျူကလီးယားဖျက်သိမ်းရေးလုပ်ငန်းစဉ်တွင် အရေးပါသောအချိုးအကွေ့တစ်ခု အမှတ်အသားပြုသည့် ကမ္ဘာ့နျူကလီးယားလက်နက်တိုက်သည် လာမည့်ဆယ်စုနှစ်အတွင်း ပြန်လည်တိုးမြင့်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

စာရင်းဇယားများအရ ယခုနှစ် ဇန်နဝါရီလထိ ကမ္ဘာတစ်ဝန်းတွင် နျူကလီးယားလက်နက်ထိပ်ဖူး စုစုပေါင်း ၁၂၁၂၁ ခုရှိပြီး ၂၀၂၃ ခုနှစ် အလားတူကာလထက် ၃၉၁ ခုလျော့နည်းသွားသည်ကို ကိန်းဂဏန်းများက ပြသလျက်ရှိသည်။ စစ်အေးကာလတွင် သိုလှောင်ထားသော နျူကလီးယားလက်နက်များကို ဖြည်းဖြည်းချင်း တာဝန်မှအနားပေးမှုနှင့် ဖျက်သိမ်းမှုပြုလုပ်ခြင်းဖြင့် နျူကလီးယားထိပ်ဖူးအရေအတွက် ကျဆင်းလာသော်လည်း တိုက်ခိုက်ရေးထိပ်ဖူး အရေအတွက်သည် တစ်နှစ်ထက်တစ်နှစ် တိုးလာခဲ့သည်။


လက်ရှိတွင် အမေရိကန်သည် နျူကလီးယားထိပ်ဖူးပေါင်း ၁၇၇၀ ဖြန့်ကြက်ထားပြီး ၁၉၃၈ လုံးကို သိမ်းဆည်းသိုလှောင်ထားသည်။ နောက်ထပ် ၁၃၃၆ လုံးကို တာဝန်မှဖျက်သိမ်းထားသော်လည်း အပြီးတိုင်ဖျက်ဆီးမှုမပြုလုပ်ရသေးပေ။ ရုရှားတွင်တပ်ဖြန့်ချထားသည့် ထိပ်ဖူးပေါင်း ၁၇၁၀ ခုရှိပြီး သိုလှောင်ရုံတွင် သိမ်းဆည်းထားမှုသည် ၂၆၇၀ ခုနှင့် တာဝန်မှဖျက်သိမ်းထားသော်လည်း ဖျက်ဆီးခြင်း မပြုရသေးသည့် ထိပ်ဖူး ၁၂၀၀ ခန့်ရှိနေသည်။ ပြင်သစ်သည် ၎င်း၏ နျူကလီးယားထိပ်ဖူး ၂၉၀ မှ ၂၈၀ ခုကို တပ်ဖြန့်ထားပြီး ဗြိတိန်သည် ၎င်း၏နျူကလီးယား ထိပ်ဖူး ၂၂၅ ခုတွင် ၁၂၀ ကို တပ်ဖြန့်ထားသည်ဟုဆိုပါသည်။

**နျူကလီးယား ပျံ့နှံ့မှု**

တစ်ချိန်တည်းမှာပင် အနောက်နိုင်ငံများတွင် နျူကလီးယားပြန့်ပွားမှုသည် ပိုမိုထင်ရှားလာသည်။ ဩစတြေးလျသည် နျူကလီးယား ရေငုပ်သင်္ဘောများ တီထွင်ရာတွင် ကူညီပေးသည့်အနေဖြင့် အမေရိကန်နှင့်ဗြိတိန်တို့သည် ကြီးမားသောလက်နက်အဆင့်မြင့်ယူရေနီယံကြွယ်ဝသော ပမာဏကို ဩစတြေးလျသို့ လွှဲပြောင်းပေးနေသည်။ အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များသည် နျူကလီးယား ခွဲဝေရေးဟုခေါ်သည့် ပထဝီဝင်ဒေသအလိုက် လက်နက်များဖြန့်ကြက်မှု၊ ဂျပန်နိုင်ငံရေးသမားများသည် NATOကိုအတုယူ၍ ၎င်းတို့၏ ကိုယ်ပိုင်နျူကလီးယားမျှဝေခြင်းအတွက် ကြွေးကြော်နေကြသည်။

လက်ရှိတွင် နိုင်ငံတကာနျူကလီးယား မပြန့်ပွားရေးစည်းမျဉ်းသည် အဆက်မပြတ် တိုက်စားခံနေရသည်။ အမေရိကန်-ဗြိတိန်-ဩစတြေးလျနျူကလီးယားရေငုပ်သင်္ဘောသဘောတူညီချက်သည် ပြန့်ပွားမှုအန္တရာယ်များကို သယ်ဆောင်လာရုံသာမက ဤအဓိပ္ပာယ်နှစ်မျိုး သို့မဟုတ် စံနှစ်မျိုးရှိနေသည့် ၎င်းသဘောတူညီချက်သည် နိုင်ငံတကာနျူကလီးယားမပြန့်ပွားရေးသဘောတူညီချက်၏ အခွင့်အာဏာ၊ မှန်ကန်မှုနှင့် ထိရောက်မှုကိုလည်း ပျက်ပြားစေသည်။

နျူကလီးယားစစ်ပွဲနှင့် နျူကလီးယားပြန့်ပွားမှုကို လူသားတစ်ရပ်လုံးက ရွံ့ရှာကြသည်။ နျူကလီးယားစစ်ပွဲကိုတားဆီးရန်၊ မပြန့်ပွားစေရေးမြှင့်တင်ရန်နှင့် နျူကလီးယားလက်နက်များ မပြန့်ပွားစေရန်အတွက် တားမြစ်ခြင်းနှင့် စေ့စေ့စပ်စပ် ဖျက်ဆီးခြင်းတို့ကို လိုက်နာရန် အဆိုပြုခြင်းကို တရုတ်နိုင်ငံက တင်သွင်းခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံမှ ကမ်းလှမ်းထားသော ၎င်းနျူကလီးယားလက်နက်ထိန်းချုပ်ရေး အဆိုပြုချက်ကို နိုင်ငံတကာအသိုက်အဝန်း၏ ဂရုတစိုက်လေ့လာပြီး လက်ရှိအကျပ်အတည်းမှ ကမ္ဘာကြီးကို ဖယ်ထုတ်နိုင်မည့် နည်းလမ်းအဖြစ်လေးနက်စွာ စဉ်းစားသုံးသပ်သင့်သည့် အရာတစ်ခုတစ်ခုဖြစ်သည်။




**အမေရိကန်တို့၏ ဖွင့်ဟချက်**

အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီ (NSC) ၏အကြီးတန်းဒါရိုက်တာ ပရာနေးဗာဒီက မကြာသေးမီက ပြောကြားခဲ့သောမိန့်ခွန်းတွင် ရန်ဘက်များက ၎င်းတို့၏နျူကလီးယားလက်နက်များကို ဆက်လက်တိုးချဲ့မည်ဆိုပါက အမေရိကန်သည်တပ်စွဲထားသော နျူကလီးယားထိပ်ဖူးအရေအတွက်ကို တိုးမြှင့်ရန်တွန်းအားပေးမည်ဟု ပြောကြားခဲ့သည်။

ဤထုတ်ပြန်ချက်သည် ၂၀၂၂ ခုနှစ်နျူကလီးယားလက်နက်အခင်းအကျင်းသုံးသပ်ချက်တွင် ဖော်ပြထားသည့် ဘိုင်ဒင်အစိုးရ၏ ယခင်ရပ်တည်ချက်မှရှင်းရှင်းလင်းလင်း သွေဖည်သွားခြင်းဖြစ်ပြီး အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်နှင့်ကာကွယ်ရေးဝန်ကြီးလွိုက်အော်စတင်တို့အပါအဝင် အကြီးတန်းအရာရှိများ၏မှတ်ချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်လျက်ရှိသည်။ ၎င်းအရာရှိကြီးများက တရုတ်နှင့်ရုရှားတို့ထံမှ နျူကလီးယားခြိမ်းခြောက်မှုကို တုံ့ပြန်ရန်အတွက် ၎င်း၏ မဟာဗျူဟာမြောက် နျူကလီးယားစွမ်းအားကိုတိုးမြှင့်ခြင်းမပြုဟု အခိုင်အမာပြောကြားထားသည်။ အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီ(NSC)၏ အကြီးတန်းဒါရိုက်တာ ပရာနေးဗာဒီ၏ မှတ်ချက်စကားက အမေရိကန်သည် ၎င်း၏နျူကလီးယားလက်နက်ဆိုင်ရာမဟာဗျူဟာတွင် ကြီးမားသောအပြောင်းအလဲတစ်ခုကို စဉ်းစားလျက်ရှိပြီး နျူကလီးယားတိုးချဲ့မှုကို အစီအစဉ်တွင် ထည့်သွင်းနိုင်သည်ဟု အချက်ပြနေခြင်းဖြစ်သည်။

နျူကလီးယား သုံးနိုင်ငံ(Nuclear Triad)သီအိုရီနှင့်ပတ်သက်သည့် အမေရိကန်၏အလေးပေးမှုသည် ပြောင်းလဲလျက်ရှိသည်။ ယခင်က အမေရိကန်သည် သုံးနိုင်ငံ နျူကလီးယားကမ္ဘာကိုအလေးပေးပြောကြားခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏နျူကလီးယားစွမ်းရည်သည် အမေရိကန်၊ ရုရှားတို့နှင့် နီးစပ်မည်ဖြစ်ပြီး အဓိကအင်အားကြီးသုံးနိုင်ငံကြားတွင် နျူကလီးယားမျှခြေကိုရရှိနိုင်မည်ဟု အခိုင်အမာပြောကြားခဲ့သည်။ ၎င်း၏ ဖြန့်ကြက်ထားသော နျူကလီးယားထိပ်ဖူးပေါင်း ၁၅၅၀ အပြင် ဖျက်သိမ်းရန် စောင့်ဆိုင်းနေသည့်ထိပ်ဖူးများနှင့် အရန်ထိပ်ဖူးများကိုအမေရိကန်ကထိန်းသိမ်းထားပြီး စုစုပေါင်း ၅၀၀၀ ကျော်ရှိနေသည်။ မကြာမီအနာဂတ်တွင် တရုတ်နိုင်ငံသည် ထိုကဲ့သို့သော နျူကလီးယားလက်နက်အများအပြားကို ထုတ်လုပ်နိုင်လိမ့်မည်မဟုတ်ပေ။ ထို့ပြင်အမေရိကန်သည် သန့်စင်ပြီးယူရေနီယံ ၄၈၃တန်နှင့် သီးခြားပလူတိုနီယံ ၉၅ တန်တို့ကို စုဆောင်းထားပြီး လိုအပ်ပါက ၎င်း၏နျူကလီးယားလက်နက်တိုက်ကို လျင်မြန်စွာတိုးချဲ့နိုင်စွမ်းရှိနေသည်။

**အဆိုပြုသည့်အချက်များ**

ပထမဦးစွာတရုတ်နိုင်ငံသည် နျူကလီးယားလက်နက်ကိုဦးစွာအသုံးမပြုရေး ၎င်း၏ရပ်တည်ချက်ကိုလိုက်နာပြီး အခြားနိုင်ငံများအနေဖြင့် အသေးစိတ်အချက်အလက်များကို လိုက်နာကာ နျူကလီးယားစာချုပ်ကိုအဆုံးသတ်ရန် သို့မဟုတ် ဤမူကိုလိုက်နာရန်အတွက် နိုင်ငံရေးကြေညာချက်တစ်ရပ် ထုတ်ပြန်ရန် တောင်းဆိုခဲ့သည်။ တရုတ်နိုင်ငံသည် ၎င်း၏ပထမဆုံးအဏုမြူဗုံးကို ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် အောင်မြင်စွာစမ်းသပ်ပစ်ခတ်ခဲ့ပြီးကတည်းက ဦးစွာအသုံးမပြုရေးမူဝါဒကို အမြဲလိုက်နာကျင့်သုံးခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် တရုတ်နိုင်ငံသည် အခြားနျူကလီးယားလက်နက်နိုင်ငံလေးခုသို့ နျူကလီးယားလက်နက်များဦးစွာအသုံးမပြုရေးမူကြမ်းကို အဆိုပြုခဲ့ပါသည်။

နျူကလီးယားလက်နက်ကို ဦးစွာအသုံးမပြုရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံမှတင်သွင်းသည့် နောက်ဆုံးလုပ်ငန်းခွင်စာတမ်းတွင် အဓိကသတင်းစကားနှစ်ခုပါရှိသည်မှာ သတိပြုဖွယ်ဖြစ်သည်။ နိုင်ငံတစ်ခုစီသည် အခြားနိုင်ငံများနှင့် မည်သည့်အခြေအနေမျိုးတွင်မဆို နျူကလီးယားလက်နက်ကို ဦးစွာအသုံးပြုခြင်း မပြုရန် ကတိပြုရေးပါဝင်သည်။ နျူကလီးယားလက်နက်ပိုင်မဟုတ်သောနိုင်ငံ သို့မဟုတ် နျူကလီးယားလက်နက်ကင်းစင်သောဇုန်များကို ဆန့်ကျင်တိုက်ခိုက်ရာတွင် နျူကလီးယားလက်နက်အသုံးမပြုရန် သို့မဟုတ် ခြိမ်းခြောက်ခြင်းဆိုင်ရာသဘောတူစာချုပ်ကို ဆောလျင်စွာအဆုံးသတ်ရေးကိုထောက်ခံရန် နိုင်ငံတော်ပါတီက ကတိပြုထားသည်။ ဤအတောအတွင်း စာချုပ်ပါအချက်များက နိုင်ငံ၏အကျိုးစီးပွားကို ထိခိုက်စေလျှင် စာချုပ်ပါဝင်သည့် နိုင်ငံတိုင်းသည် စာချုပ်မှနုတ်ထွက်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။

ဒုတိယအချက်မှာ တရုတ်နိုင်ငံသည် နျူကလီးယားလက်နက်ပိုင်မဟုတ်သော နိုင်ငံများအတွက် လုံခြုံရေးအာမခံချက်များကို အားကောင်းခိုင်မာစေရန်ထောက်ခံအားပေးပြီး ထိုရည်ရွယ်ချက်အတွက် သက်ဆိုင်ရာဥပဒေစာတမ်းများကို အဆုံးသတ်ရန် တောင်းဆိုထားသည်။ တစ်ချိန်က နျူကလီးယားလက်နက်ပိုင်နိုင်ငံငါးနိုင်ငံသည် နျူကလီးယားလက်နက်မသုံးရန် သို့မဟုတ် ခြိမ်းခြောက်ခြင်းမပြုရန် ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ဖူးပြီး တရုတ်နိုင်ငံသည် ၎င်းကတိကဝတ်ကို ခြွင်းချက်မရှိလုပ်ဆောင်သည့် တစ်ခုတည်းသောနိုင်ငံဖြစ်သည်။ ကျန်လေးနိုင်ငံမှာ ၎င်းတို့၏ကတိကဝတ်များကို အရန်အဖြစ်သာ သဘောထားကြသည်။

ခြုံ၍ဆိုရလျှင် နျူကလီးယားလက်နက်ပိုင်မဟုတ်သောနိုင်ငံများအတွက် လုံခြုံရေးအာမခံချက်ဆိုင်ရာ နိုင်ငံရေးထုတ်ပြန်ချက်ကို နိုင်ငံတကာတရားဝင်ဥပဒေဆိုင်ရာလက်နက်အဖြစ်သို့ပြောင်းလဲရန် တရုတ်နိုင်ငံက တိုက်တွန်းထားသည်။ တရုတ်နိုင်ငံသည် နျူကလီးယားမျှဝေခြင်း၏ အပျက်သဘောဆောင်သောသက်ရောက်မှုများကိုထောက်ပြခဲ့ပြီး နျူကလီးယားလက်နက်ပိုင်မဟုတ်သောနိုင်ငံများအပေါ် နျူကလီးယားဖြင့်တိုက်ခိုက်မှုမှတားဆီးမှုကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ သက်ဆိုင်ရာ နျူကလီးယားလက်နက်နိုင်ငံသည် နျူကလီးယားဖြန့်ဝေရေးအစီအစဉ်ကို စွန့်လွှတ်သင့်ပြီး နိုင်ငံရပ်ခြားတွင် ဖြန့်ကြက်ထားသော နျူကလီးယားလက်နက်အားလုံးကို ရုပ်သိမ်းသင့်ကြောင်း ထောက်ပြခဲ့သည်။ သို့ဖြစ်၍ နျူကလီးယားလက်နက်ဆိုင်ရာထိန်းချုပ်မှုများယိုယွင်းပျက်စီးလာမှုနှင့် အင်အားကြီးနိုင်ငံများက နျူကလီးယားလက်နက်များအပေါ် ပိုမိုအာရုံစိုက်လာခြင်းကြောင့် နျူကလီးယားလက်နက်များကိုထိန်းချုပ်ရေးသည် အမှန်တကယ်လိုအပ်လာနေပြီဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- China propose way to prevent nuclear war, China Military Online, July 2024

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ငရုတ်ပွသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**မအူပင် ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ငရုတ်ပွသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာသည့် ငရုတ်ပွသီးများ ဇူလိုင်လ ဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါငရုတ်ပွသီးများ တစ်ရက်လျှင် ပိဿာချိန် ၂၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရှမ်းပြည်ဘက်ကနေ မအူပင်မြို့နယ်ဘက်ကို ငရုတ်ပွသီးတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ စားသုံးသူများလာတာကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ တစ်နေ့တာ ရောင်းအားအနေနဲ့ ပိဿာချိန် ၂၀၀ နဲ့အထက်မှာပဲရှိနေပါတယ်။ ပြီးခဲ့တဲ့လက ရောင်းအားကျတော့လဲ တစ်ရက်ကိုပိဿာချိန် ၁၀၀ လောက်ပဲရှိခဲ့တာပါ။ လက်ရှိ ငရုတ်ပွသီးဈေးအနေနဲ့က ပိဿာချိန် ၁၀၀ကို ငွေကျပ် ၄၅၀၀၀၀ ထိပေါက်ဈေးရှိနေပါတယ်။ ရှမ်းပြည်နယ်ဘက်ဝင်ရောက်လာတဲ့ ငရုတ်ပွသီးတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းပါတယ်"ဟု မအူပင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ငရုတ်ပွသီးအပြင် လက်ဖက်ခြောက်၊ ကြက်သွန်နီ၊ အာလူး၊ ကြက်သွန်ဖြူ ၊ ချင်း စသည့်ကုန်ပစ္စည်းများကို တင်သွင်းလျက်ရှိကြောင်း၊ အဆိုပါ ငရုတ်ပွသီးများ အရောင်းအဝယ် ကောင်းမွန်နေခြင်းကြောင့် ကုန်စည်သယ်ယူတင်ပို့သည့် လုပ်ငန်းရှင်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်စွာ လည်ပတ်လုပ်ကိုင်နေရကြောင်း မအူပင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# စလင်းမြို့နယ် အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှေ့ကန်ဘောင်ကျေးရွာအုပ်စု အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကိုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်မတည်ဆောင်ရွက်ခဲ့ပြီး ယခု ဒသမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၁၅ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၄၀ ကို ငွေကျပ် ၃၄ ဒသမ ၁၅ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ်၁ ဒသမ ၃ သန်း စုစုပေါင်း အသင်းသားဦးရေ ၂၁၀ကို ငွေကျပ် ၅၁ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး မိသားစုစီးပွားရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်ရေး၊ ကျေးလက်နှင့် မြို့ပြကွာဟမှုလျော့ချနိုင်ရေးအတွက် လိုအပ်သော ငွေကြေးနှင့်ဝန်ဆောင်မှုများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံက ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**

# ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၀၅၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကသာ ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၀၅၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၈၈၅၇ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၀၅၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဗန်းမောက်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးစပါး ၃၈၈၅၇ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၆၀၅၃ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေပျက်ဆီးဆုံးရှုံးမှုမရှိဖို့စတဲ့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးစပါးသီးနှံစိုက်ပျိုးမှုကို ဇွန်လစတုတ္ထပတ်မှစ၍ ပျိုးထောင်စိုက်ပျိုးကာ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ပြီး မိုးစပါးစိုက်ပျိုးရာတွင် ဆင်းကေရီ (၃)၊ ရောမင်း၊ လုံးသွယ်မွှေး၊ ဒေသမျိုးများကို မြေအောက်ရေ၊ ဆည်ရေ၊ ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်၊ သဘာဝရေဝင်တို့ဖြင့် စိုက်ပျိုးကြကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန် ပညာပေးခြင်း၊ သဘာဝဓာတ်မြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)



# မိုင်းဖြတ်မြို့နယ် နမ့်ဘော်တိကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုင်းဖြတ် ဇူလိုင် ၃၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် နမ့်ပန်ကျေးရွာအုပ်စု နမ့်ဘော်တိကျေးရွာ၌ VDPစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၃၀ ရက်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့်တာဝန်ရှိသူများ၊ ကျေးရွာသူကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။

နမ့်ဘော်တိကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင် ပြောပြ၍ သိရသည်။ **ဇင်မာ**

# ကြာအင်းဆိပ်ကြီးမြို့နယ် ကြခတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၃၁**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာအင်းဆိပ်ကြီးမြို့နယ် ကြခတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ကြခတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်းရှိ၊မရှိ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ကြခတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို ငွေကျပ် ၄၆ ဒသမ ၆ သန်းထုတ်ချေးထားကြောင်း သိရသည်။**ကိုသက်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မိုးရာသီတွင် မြေပြိုမှုအန္တရာယ်သတိပြုစေလို

**မောင်သောင်းဝင်း(တမန်ဟောင်း)**



ဇူလိုင် ၂၁ ရက် ညပိုင်းနှင့် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတို့တွင် အီသီယိုးပီးယားနိုင်ငံ တောင်ပိုင်း၊ ဂိုဖာခရိုင်ရှိ ကန်ချိုရှာခါဂေါ့ဒီကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူပေါင်းရာနှင့်ချီ၍သေဆုံးခဲ့သည်။ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူးရုံးက သေဆုံးသူ ဦးရေ ၂၅၀ ထိရှိလာပြီဖြစ်ကြောင်းနှင့် ဦးရေ ၅၀၀ ထိ တိုးလာနိုင်ဖွယ်ရာရှိကြောင်းသတိပေးထားသည်။ လက်ရှိအချိန်ထိ ထိခိုက်လွယ်အုပ်စုဖြစ်သည့် ကလေးသူငယ်များ၊ မိခင်များနှင့်သက်ကြီးရွယ်အို ဦးရေ ၆၀၀ ကျော်ကို ဘေးကင်းရာသို့နေရာပြောင်းရွှေ့ပေးခဲ့ရသည်။ အီသီယိုးပီးယားနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုကြောင့် လူပေါင်း ၂ ဒသမ ၅ သန်းခန့်သည် ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့ရလျက်ရှိသည်။

**သဘာဝဘေးအန္တရာယ်**

သဘာဝဘေးအန္တရာယ်သည်လူသားတို့ကို တစ်နေ့တခြားပိုမိုခြိမ်းခြောက်လာလျက်ရှိသည်။ အထူးသဖြင့် မိုးရာသီတွင် ရေကြီးခြင်းအပါအဝင် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကိုရင်ဆိုင် ကြုံတွေ့ရလေ့ရှိသည်။ နှစ်စဉ်ကမ္ဘာတစ်ဝန်းတွင် ကျရောက်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပွားခဲ့သော သေကျေဆုံးရှုံးမှုများနှင့်ပျက်စီးဆုံးရှုံးမှုတန်ဖိုးတို့သည်လွန်စွာပင် များပြားလျက်ရှိသည်။

သက်ရှိများမှီတင်းနေထိုင်လျက်ရှိသည့် ဤကမ္ဘာမြေကြီးတွင်သဘာဝအလျောက်ရုတ်တရက် ပြောင်းလဲဖြစ်ပေါ်လာသည့်ဖြစ်စဉ်တစ်ရပ်ကို သဘာဝဘေးအန္တရာယ်ဟုခေါ်ဆိုကြသည်။ သာဓကအနေဖြင့် မြေငလျင်လှုပ်ခတ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ရေလျှံခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီလှိုင်းများမြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရောဂါအသစ်အဆန်းများ ကျရောက်ခြင်း စသည့်အန္တရာယ်များပင်ဖြစ်သည်။ ထိုအန္တရာယ်များကြောင့် သေကျေထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားနိုင်သည်။ သဘာဝဘေးအန္တရာယ်မည်မျှကြီးမားသည်ကို သေကျေထိခိုက်မှု၊ ပျက်စီးဆုံးရှုံးမှုများနှင့် တိုင်းတာနိုင်သည်။

လူနေထူထပ်သောနေရာတစ်ခုရေမြုပ်သွားပြီဆိုလျှင် တောင်ပြို၍ မြေကြီးအောက်ရောက်သွားပြီဆိုလျှင် သေကျေပျက်စီးဆုံးရှုံးမှုများ များပြားမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မမျှော်လင့်သည့်အချိန်တွင် ဖြစ်ပေါ်လာနိုင်သည့်မြေငလျင်လှုပ်ခတ်မှုများ၊ တောမီးလောင်မှုများ၊ မြေပြိုမှုများနှင့် မီးတောင်ပေါက်ကွဲမှုများသည်လူသားတို့ကို ပျက်စီးဆုံးရှုံးမှုကြီးမားစေသော သဘာဝဘေးအန္တရာယ်များအဖြစ်ဆက်လက်ခြိမ်းခြောက်လျက်ရှိသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်လွန်ကာလများတွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားသောကြောင့် နေ့စဉ်လူနေမှုဘဝသည်များစွာ ခက်ခဲကြမ်းတမ်းလှပေသည်။ ဘေးအန္တရာယ်၏နောက်ဆက်တွဲရောဂါများကိုလည်း ခံစားကြရသည်။

**ကြိုတင်ပြင်ဆင်ထားသင့်**

ဇူလိုင်လဆန်းပိုင်းကတည်းကပင် မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးအဆက်မပြတ် ရွာသွန်းခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးပိုရွာခဲ့သည်။ မုတ်သုံလေမှာဆက်လက် အားကောင်းနေသဖြင့် မိုးအဆက်မပြတ်ရွာသွန်းနေဆဲပင်ဖြစ်သည်။ ထိုသို့မိုးအဆက်မပြတ်ရွာသွန်းလာပြီဆိုလျှင် ဩဂုတ်လဆန်းပိုင်းလောက်တွင် အချို့သောပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ရေလွှမ်းမိုးမှုဖြစ်ပေါ်တတ်သည်။ အဝေးပြေးလမ်းများပေါ်၌လည်းရေလွှမ်းလေ့ရှိသည်။ မြစ်၊ ချောင်းများရေပြည့်ရေလျှံဖြစ်လာလေ့ရှိသည်။ အချို့သောဒေသများတွင် လမ်း၊ တံတားများပေါ်သို့ရေကျော်နေသဖြင့် လမ်းပန်းဆက်သွယ်ရေးပင်ပြတ်တောက်သွားတတ်သည်။ မြေနိမ့်ပိုင်းရှိအိမ်များသည်ရေနစ်မြုပ်ခံရလေ့ရှိသည်။ ထို့ကြောင့် မိုးရာသီတွင် ကြုံတွေ့ရတတ်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်စီမံပြင်ဆင်ထားသင့်သည်။ သို့မှသာလျှင် လူနှင့်တိရစ္ဆာန်များ အသေအပျောက်နည်းပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

**မြေပြိုခြင်းနှင့်တောင်ပြိုခြင်း**

မြေပြိုခြင်းနှင့်တောင်ပြိုခြင်းသည် တောင်စောင်းနှင့် ဆင်ခြေလျှောပေါ်ရှိ မြေဆီလွှာ၊ ကျောက်များနှင့် ပြန့်ကျဲလျက်ရှိသော ကျောက်စကျောက်နအရေအနေနှင့် သစ်ပင်၊ ဝါးပင်အပိုင်းအစများ ကမ္ဘာမြေဆွဲအားကြောင့်ဖြစ်စေ၊ ငလျင်လှုပ်၍ဖြစ်စေ၊ မိုးသည်းထန်စွာရွာသွန်း၍ဖြစ်စေ တောင်ခြေသို့လျှောကျလာခြင်း၊ ပြုတ်ကျလာခြင်းနှင့်စီးလာခြင်းတို့ပင်ဖြစ်သည်။ ပြိုဆင်းလာသော ပစ္စည်းများ၏ ပြုတ်ကျမှု၊ လျှောဆင်းလာမှုနှင့် စီးဆင်းလာမှုတို့၏ ရွေ့လျားလာသောနှုန်းများမှာ နှေးကွေးစွာလျှောဆင်းခြင်းမှသည် လျင်မြန်စွာလျှောဆင်းလာလေ့ရှိသည်။ ပြိုဆင်းလာသော မြေသားနှင့်ကျောက်စကျောက်နများသည် လျှောဆင်းလာရာလမ်းကြောင်းရှိ လူတို့၏အသက်အိုးအိမ်စည်းစိမ်များ၊ မွေးမြူထားသော တိရစ္ဆာန်များကို သေကျေအနာတရဖြစ်စေသည်။

**ကမ္ဘာ့ဆုံးရှုံးမှုအများဆုံးမြေပြိုမှုဖြစ်စဉ်များ**

ကမ္ဘာတစ်ဝန်းတွင် အကြောင်းအမျိုးမျိုးကြောင့် မြေပြိုမှုနှင့်တောင်ပြိုမှုများဖြစ်ပွားခဲ့ရာ လူသေဆုံးမှုအများဆုံးမြေပြိုမှုဖြစ်စဉ် ၁၁ ခုရှိခဲ့သည်။ ၎င်းတို့မှာ-

(၁) ဟိုင်ယွန်မြေပြိုမှု(**Haiyuan Landslides**)။ ၎င်းဖြစ်စဉ်သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၆ ရက် ညနေပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **Gansu** က မြေငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဟိုင်ယွန်စီရင်စု၌ မြေပြိုမှုဖြစ်စဉ်အကြိမ် ၅၀၀၀၀ ထိဖြစ်ပွားခဲ့သည်။ အဆိုပါမြေပြိုမှုဖြစ်စဉ်များတွင် လူဦးရေ ၂၀၀၀၀၀ ခန့် သေဆုံးခဲ့ပြီး ထိခိုက်ဆုံးရှုံးမှုများသည့် အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်များအနက်မှ တစ်ခုပင်ဖြစ်သည်။

(၂) ဗားဂတ်စ်ကြမ္မာဆိုး(**Vargas Tragedy, Venezuela**)။ ၎င်းဖြစ်စဉ်သည် ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ဗင်နီဇွဲလားနိုင်ငံ ဗားဂတ်စ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြေပြိုမှုဖြစ်စဉ်များစွာဖြစ်ပေါ်ခဲ့သည်။ မြေပြိုမှုများကြောင့် ကားမင်းဒီယူရီယာနှင့် ဆာရိုဂရမ်ဒီမြို့တို့သည် မြေအောက်သို့ လုံးလုံးလျားလျားမြုပ်သွားခဲ့သည်။ ၎င်း ဖြစ်စဉ်တွင် အနည်းဆုံး လူဦးရေ ၃၀၀၀၀ ကျော် သေဆုံးခဲ့သည်။

(၃) ခါအစ်မြေပြိုမှု( **Khait Landslides, Tajikistan**)။ ၎င်းဖြစ်စဉ်သည် ၁၉၄၉ ခုနှစ် ဇူလိုင်လတွင် တာဂျစ်ကစ္စတန်နိုင်ငံ ယာချစ်တောင်ကြောရှိ ခါအစ်မြို့တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကြီးမားသောမြေပြိုမှုများကြောင့် ကျေးရွာ ၃၃ ရွာသည် မြေအောက်သို့ရောက်သွားပြီး အနည်းဆုံး လူဦးရေ ၂၈၀၀၀ သေဆုံးခဲ့သည်။

(၄) အာမီရိုကြမ္မာဆိုး(**Armero Tragedy, Colombia**)။ ၎င်းဖြစ်စဉ်သည် ၁၉၈၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ကိုလံဘီယာနိုင်ငံ၊ တိုလီမာရှိနီဗာဒိုမီးတောင်ပေါက်ကွဲရာမှ ချော်ရည်များ၊ ရေခဲများ၊ မြူနှင်းများနှင့်ရွှံ့နွံများ စီးကျလာရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ချော်ရည်များ၏မြန်နှုန်းသည် တစ်စက္ကန့်လျှင် ၂၅ ပေခန့်ရောက်ရှိသဖြင့် မီးတောင်အနီးအနားရှိ ကျေးရွာ ၂၉၀၀၀ မှပြည်သူ ၂၃၀၀၀ ခန့်သည် ရှောင်တိမ်းချိန်မရဘဲ သေဆုံးသွားခဲ့ရသည်။

(၅) ယွန်ဂေးမြေပြိုမှု (**Yungay Landslide, Peru**)။ ၎င်းဖြစ်စဉ်သည် ၁၉၇၀ ပြည့်နှစ် မေ ၃၁ ရက် တွင် ပီရူးနိုင်ငံ ယွန်ဂေးဒေသတွင် မြေငလျင်လှုပ်ခတ်ရာမှဖြစ်ပွားခဲ့ခြင်းသည်။ မြေငလျင်ကြောင့် **Huascaran** တောင်ပေါ်တွင် ရေခဲမြစ်များအရည်ပျော်ပြီး ကုဗမီတာသန်း ၁၀၀ ခန့်ရှိသော ရွှံ့နွံများ၊ ရေခဲများနှင့် ကျောက်တုံးများသည် ယွန်ဂေးရွာကိုဖုံးလွှမ်းသွားခဲ့သဖြင့် လူဦးရေ ၂၂၀၀၀ ခန့်သေဆုံးခဲ့သည်။ ထိုစဉ်ကရွာသားဦးရေ ၃၅၀ ကိုသာ ကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းတို့အနက် ဦးရေ ၃၀၀ သည် ကလေးငယ်များဖြစ်သည်။

(၆) ဒိုင်းဇီမြေပြိုမှု (**Diexi Landslides, China**)။ ၎င်းဖြစ်စဉ်သည် ၁၉၃၃ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ဇီချွမ်းပြည် ဒိုင်းဇီမော်စီရင်စုတွင် အကြီးစားမြေငလျင်လှုပ်ခတ်ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က မြေပြိုမှုများကြောင်း လူဦးရေ ၉၃၀၀ ခန့်သေဆုံးခဲ့သည်။

(၇) အိန္ဒိယနိုင်ငံမြောက်ပိုင်းမြေပြိုမှု။ ၎င်းဖြစ်စဉ်သည် ၂၀၁၃ ခုနှစ် ဇွန် ၁၆ ရက်တွင် အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းရာမှဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က လူဦးရေ၆၀၀၀ ကျော်သေဆုံးခဲ့သည်။

(၈) ဟွာရတ်ဇ် မြေပြိုမှု။ ၎င်းဖြစ်စဉ်သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ပီရူးနိုင်ငံ ဟွာရတ်ဇ်မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က မြို့အထက်ပိုင်းရှိ ရေလှောင်တမံရေလျှံရာမှမြေပြိုမှုဖြစ်ပွားခဲ့ပြီး မြို့ခံပြည်သူဦးရေ ၅၀၀၀ ခန့်သေဆုံးခဲ့သည်။

(၉) နီဗာဒိုဟွာဆာကာရန်မြေပြိုမှု။ ၎င်းဖြစ်စဉ်သည် ၁၉၆၂ ခုနှစ် ဇန်နဝါရီလတွင် ပီရူးနိုင်ငံရှိ ဟွာဆာကာရန်တောင်ထိပ်မှ ရေခဲတုံးများပြိုကျရာမှဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ရေခဲတုံးများ ပြိုကျမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူဦးရေ ၄၅၀၀ သေဆုံးခဲ့သည်။

(၁၀) ဗန်ဂျွန့်ဆည်မြေပြိုမှု။ ၎င်းဖြစ်စဉ်သည် ၁၉၆၃ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ဗန်ဂျွန့်ဆည်အပေါ်ပိုင်းရှိ တောင်ပြိုကျရာမှ ဆည်ရေများပေါက်ကျခဲ့ပြီး ဆည်အောက်ပိုင်းရှိ ရွာသည်ရေမြုပ်သွားခဲ့သည်။ ထိုဖြစ်စဉ်ကြောင့် လူဦးရေ ၂၅၀၀ ခန့်သေဆုံးခဲ့သည်။

(၁၁) ကီလတ် မြေပြိုမှု။ ၎င်းဖြစ်စဉ်သည် ၁၉၁၉ ခုနှစ် မေ ၁၉ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းပေါ်ရှိ ကီလတ်မီးတောင်ပေါက်ကွဲရာမှဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ကျေးရွာပေါင်း ၁၀၀ ကျော်မှ ပြည်သူ ဦးရေ ၅၀၀၀ ကျော်ထိ ဒုက္ခရောက်ခဲ့ပြီး ဦးရေ ၂၀၀ ကျော်သေဆုံးခဲ့သည်။

**မိုးရာသီတွင်မြေပြိုမှုအန္တရာယ်သတိပြုစေလို**

မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်များဖြစ်သည့် ငလျင်လှုပ်ခတ်ခြင်း၊ မြေပြိုခြင်း၊ တောင်ပြိုခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေကျွံခြင်း စသည့်ဖြစ်စဉ်ဖြစ်ရပ်များကို ကြုံတွေ့ရလေ့ရှိသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင်း ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းတို့ဖြစ်ပွားနိုင်သည်။ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ရိုးမနှင့် ရှမ်းပြည်နယ်တို့တွင် မြေပြိုမှုများဖြစ်ပွားလေ့ရှိသည်။ ထို့ကြောင့် ယခုလိုမိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းရာမှ ရေကြီးရေလျှံမှု၊ မြေပြိုမှုနှင့် တောင်ပြိုမှုများဖြစ်ပွားနိုင်သဖြင့် ပြည်သူများအနေဖြင့် အထူးသတိထားနေထိုင်သွားစေလိုပါသည်။

❖ မြေပြိုခြင်းနှင့်တောင်ပြိုခြင်းသည် တောင်စောင်းနှင့် ဆင်ခြေလျှောပေါ်ရှိ မြေဆီလွှာ၊ ကျောက်များနှင့် ပြန့်ကျဲလျက်ရှိသော ကျောက်စကျောက်နအရေအနေနှင့် သစ်ပင်၊ ဝါးပင်အပိုင်းအစများ ကမ္ဘာမြေဆွဲအားကြောင့်ဖြစ်စေ၊ ငလျင်လှုပ်၍ဖြစ်စေ၊ မိုးသည်းထန်စွာရွာသွန်း၍ဖြစ်စေ တောင်ခြေသို့လျှောကျလာခြင်း၊ ပြုတ်ကျလာခြင်းနှင့်စီးလာခြင်းတို့ပင်ဖြစ်သည်။ ပြိုဆင်းလာသောပစ္စည်းများ၏ ပြုတ်ကျမှု၊ လျှောဆင်းလာမှုနှင့် စီးဆင်းလာမှုတို့၏ ရွေ့လျားလာသောနှုန်းများမှာ နှေးကွေးစွာလျှောဆင်းခြင်းမှသည် လျင်မြန်စွာလျှောဆင်းလာလေ့ရှိသည်။ ❖

**ကိုးကား**

- **မြေပြို၊ တောင်ပြိုမှု ဘေးအန္တရာယ်လက်စွဲ အကြောင်းရင်း၊ ဆိုးကျိုးများနှင့် ကြိုတင်ပြင်ဆင်ရေး။ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန။**
- **The Deadliest Landslides in Recorded History - WorldAtlas**

# ဝန်ထမ်းဘဝ ကုသိုလ်လည်းရဝမ်းလည်းဝ

## ကိုယဉ်ချစ်(မန္တလေး)

နိုင်ငံ့ဝန်ထမ်းတွေအတွက် လက်ရှိလစဉ်ထောက်ပံ့လျက်ရှိတဲ့ အပိုထောက်ပံ့ကြေး ငွေကျပ် ၃၀၀၀၀ အပြင် ထပ်မံပြီး ငွေကျပ် ၃၀၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ် ၂၀၂၄ ခုနှစ် ဩဂုတ်လမှစ၍ လစဉ်ခံစားခွင့်ပြုမည်ဖြစ်ကြောင်းနှင့် လက်ရှိ ပင်စင်ခံစားနေကြတဲ့ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားတွေအတွက်လဲ အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးကို တစ်လ ငွေကျပ် ၃၀၀၀၀ လစဉ်ခံစားခွင့်ပြုမည်ဖြစ်ကြောင်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၂၄ ခုနှစ် ဇူလိုင် ၂၆ ရက်မှာ သတင်းထုတ်ပြန်ခဲ့ပါတယ်။

နိုင်ငံတော်အစိုးရဟာ ပြည်သူတွေရဲ့အကျိုးစီးပွားကို အစဉ်အလေးထား စီမံဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံ့ဝန်ထမ်းတွေဟာ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့တာဝန်ထမ်းဆောင်ရာမှာ စားဝတ်နေရေးနဲ့သက်သာချောင်ချိရေးကို အထောက်အကူဖြစ်စေဖို့ အခါအားလျော်စွာ လစာနှုန်းထား တိုးမြှင့်တာနဲ့ အပိုထောက်ပံ့ကြေးခံစားခွင့်ပြုတာတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလကလည်း ဝန်ထမ်းတွေကို လက်ရှိလစာအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးကို တစ်လ ငွေကျပ် ၃၀၀၀၀ လစဉ်ခံစားခွင့်ပြုပေးခဲ့ပါသေးတယ်။

အခုလို အပိုထောက်ပံ့ကြေး တိုးမြှင့်ခံစားခွင့်ရကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေရော၊ အငြိမ်းစားဝန်ထမ်းတွေဟာ ဝမ်းသာပီတိဖြစ်ကြရပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ တိုးမြှင့်ခံစားခွင့်ပြုတဲ့ အပိုထောက်ပံ့ကြေးဟာ ဝန်ထမ်းတွေအတွက် ထိုက်သင့်တဲ့အထောက်အပံ့တစ်ခုပါ။ လူတိုင်း ကိုယ့်ဘဝ ရပ်တည်ရှင်သန်နေထိုင်နိုင်ရေးအတွက် အလုပ်လုပ်ကြရပါတယ်။ အလုပ်လုပ်ကြတာမှန်ပေမဲ့ လုပ်ကိုင်တဲ့အလုပ်တွေ မတူညီကြဘဲ တစ်ဦးချင်းစီရဲ့ အခြေအနေအကြောင်းတရားတွေအပေါ် မူတည်ပြီး အလုပ်အမျိုးအစားတွေကွဲပြားသွားပါတယ်။ အလုပ်လုပ်တာဟာ လူသားတွေရဲ့ တာဝန်ဝတ္တရားဖြစ်လို့ လူသားတိုင်း တာဝန်ဝတ္တရားတွေ ကျေပွန်အောင် အလုပ်တွေကို မဖြစ်မနေလုပ်ကိုင်ကြရပါတယ်။ နိုင်ငံတော်ပိုင်လုပ်ငန်း၊ ပုဂ္ဂလိကပိုင်လုပ်ငန်း၊ အစုအဖွဲ့ပိုင်လုပ်ငန်း စတဲ့အလုပ်အမျိုးမျိုးမှာ ဝင်ရောက် အလုပ်လုပ်ကိုင်ကြသူတွေကို ယေဘုယျအားဖြင့် ဝန်ထမ်းလို့ဆိုကြပါတယ်။

မြန်မာအဘိဓာန်မှာတော့ ဝန်ထမ်းဆိုတာ အစိုးရအမှုထမ်းလို့ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားတာ မှတ်သားရပါတယ်။ ၂၀၁၃ ခုနှစ် မတ် ၈ရက်မှာ ပြဋ္ဌာန်းလိုက်တဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅)၊ အခန်း(၁)အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)မှာ ဝန်ထမ်းအဖွဲ့အစည်းဆိုသည်မှာ ဖွဲ့စည်းပုံဖြင့်ဖွဲ့စည်းထားသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းကိုဆိုသည်။ အပိုဒ်ခွဲ(င)မှာ ဝန်ထမ်းဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းကို ဆိုသည်လို့ဖော်ပြထားပါတယ်။

အစိုးရအမှုထမ်းဆိုတာထက် နိုင်ငံ့ဝန်ထမ်းဆိုတာက ပိုပြီးသဘာဝကျပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာနိုင်ငံတော်ရဲ့ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားရေး၊ ဥပဒေရေးရာနဲ့ လုပ်ငန်းစစ်ဆေးရေး စတဲ့လုပ်ငန်းတွေကို လုပ်ကိုင်ဖို့ တာဝန်ပေးခန့်အပ်ထားသူတွေဖြစ်ကြပါတယ်။ နိုင်ငံ့ဝန်ထမ်းပဲဖြစ်ဖြစ်၊ အခြားအဖွဲ့အစည်း၊ အသင်းအဖွဲ့၊ ကုမ္ပဏီ စတဲ့လုပ်ငန်းတွေမှာ လုပ်ကိုင်နေတဲ့ဝန်ထမ်းဖြစ်ဖြစ် မိမိသဘောဆန္ဒအလျောက် ဝန်ထမ်းတစ်ယောက်ဖြစ်ပြီဆိုရင် ပေးအပ်တဲ့လစာငွေခံစားပြီး ပေးအပ်တဲ့လုပ်ငန်းတာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။ လုပ်ငန်းတာဝန်တွေကျေပွန်ဖို့အတွက် ရှိသင့်တဲ့အရည်အချင်းတွေပြည့်စုံအောင် လိုက်နာကျင့်ကြံကြရမှာဖြစ်ပါတယ်။

**လုပ်ငန်းကျွမ်းကျင်မှု**

လုပ်ငန်းခွင်အတွင်းမှာ မိမိတာဝန်ကျရာလုပ်ငန်းတာဝန်တွေကို ခွန်အား၊ ဝီရိယတွေစိုက်ထုတ်ပြီး ကျေပွန်အောင် ထမ်းဆောင်ကြရပါမယ်။ တာဝန်ဆိုတာ ပေးအပ်ခြင်းခံရတာဖြစ်ပြီး ဝတ္တရားဆိုတာ ပေးဆပ်ရတာဖြစ်ပါတယ်။ ပေးအပ်ခြင်းခံရတဲ့တာဝန်ကို ငြင်းပယ်မရနိုင်ပါ။ မိမိတို့ကျရာ တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ကြရပါမယ်။

လုပ်ငန်းကျွမ်းကျင်မှုဆိုတာ အခုရေတွင်းတူး၊ အခုရေကြည်သောက်ဆိုသလို ခဏတာအချိန်အတွင်းမှာမရနိုင်ပါ။ သင်ယူလေ့လာမှု၊ လုပ်ငန်းအတွေ့အကြုံ၊ ကြိုးစားအားထုတ်မှု၊ စေတနာထက်သန်မှု၊ အပင်ပန်းခံမှုပေးဆပ်လိုမှုတွေ ပေါင်းစပ်လုပ်ကိုင်မှ လုပ်ငန်းကျွမ်းကျင်မှုကိုရနိုင်မှာဖြစ်ပါတယ်။ လုပ်ငန်းတိုးတက်ရာတိုးတက်ကြောင်းကို အမြဲနှလုံးသွင်းလုပ်ကိုင်ကြရပါမယ်။

လုပ်ငန်းကျွမ်းကျင်ဖို့အတွက် မိမိတာဝန်ထမ်းဆောင်နေတဲ့လုပ်ငန်းရဲ့ အခြေခံသဘာဝတွေကို သိရှိဖို့အရေးကြီးပါတယ်။ လုပ်ငန်းရဲ့အခြေခံဖြစ်တဲ့ လုပ်ငန်းကျယ်ပြန့်မှု၊ တာဝန်ကြီးမှု၊ သိမ်မွေ့မှု၊ အချိန်မီပြီးစီးအောင်လုပ်ဆောင်နိုင်မှုတွေကို နားလည်သဘောပေါက်ပြီး ကျေပွန်အောင် ထမ်းဆောင်နိုင်ရင် လုပ်ငန်းကျွမ်းကျင်မှုကို အများကြီး အထောက်အကူတွေရပါလိမ့်မယ်။ လုပ်ငန်းခွင်နဲ့ပတ်သက်တဲ့ အတတ်ပညာတွေကို အမြဲလေ့လာဆည်းပူးနေရပါမယ်။

လုပ်ငန်းကျွမ်းကျင်မှုရှိဖို့ ဌာနအတွင်း၊ အဖွဲ့အစည်းအတွင်းမှာ ဖွင့်လှစ်တဲ့သင်တန်းတွေ၊ အခြားဌာနတွေက ဖွင့်တဲ့သင်တန်းတွေ၊ စာတမ်းဖတ်ပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေ တက်ရောက်လေ့လာရပါမယ်။ မိမိတာဝန်အပေါ် စိတ်ဝင်တစား ခွန်အားစိုက်ထုတ်လုပ်ကိုင်ဖို့လဲလိုအပ်ပါတယ်။ မိမိနဲ့အတူ တာဝန်ထမ်းဆောင်နေသူတွေအချင်းချင်း မှန်ကန်တဲ့စည်းလုံးညီညွတ်မှုကိုလဲ တည်ဆောက်ကြရပါမယ်။

မိမိတာဝန်ယူထားတဲ့လုပ်ငန်းတွေ ကျွမ်းကျင်ဖို့ မိမိဆောင်ရွက်ချက်တွေကို အမြဲပြန်လည်ဆန်းစစ်သုံးသပ်ဆောင်ရွက်ရပါမယ်။ မိမိကိုယ်တိုင် တိုးတက်နေအောင် ခေတ်ကာလနဲ့ လိုက်လျောညီထွေဖြစ်စေမဲ့ လေ့လာသင်ယူမှုတွေလုပ်နေရပါမယ်။ တီထွင်ကြံဆနိုင်မှုစွမ်းရည်ရရှိအောင် ကြိုးပမ်းနေရပါမယ်။ မိမိအလုပ်ရဲ့ ရည်မှန်းချက်တာဝန်တွေ အကောင်အထည်ဖော်နိုင်ဖို့အတွက် ပင်ကိုအရည်အချင်း၊ ကိုယ်ပိုင်ဉာဏ်ရှိဖို့လဲလိုအပ်ပါတယ်။ အလုပ်ကို တန်ဖိုးထားရပါမယ်၊ အလေးထားရပါမယ်။ ဒီအချက်တွေဟာ လုပ်ငန်းကျွမ်းကျင်မှုအတွက် အခြေခံအကျဆုံး လုပ်ငန်းလိုအပ်ချက်တွေ ဖြစ်ပါတယ်။

**တာဝန်ကျေပွန်မှု**

ဝန်ထမ်းတိုင်း တာဝန်ဆိုတာကို လေးလေးနက်နက် သိရှိရပါမယ်။ မြန်မာအဘိဓာန်မှာတော့ တာဝန်ဆိုတာ ဆောင်ရွက်ရန်အမှုကိစ္စ၊ ဝတ္တရားလို့အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ မိမိထမ်းဆောင်ရမဲ့လုပ်ငန်းကိစ္စရဲ့ပမာဏ၊ ကာလသတ်မှတ်ချက်၊ ရရှိလာမဲ့အကြောင်းအကျိုး၊ အကောင်းအဆိုးတွေကို ဆင်ခြင်သုံးသပ်ဆောင်ရွက်နိုင်မှသာ တာဝန်ကျေမှာဖြစ်ပါတယ်။ အထက်အဆင့်ဆင့်က ချမှတ်ပေးလိုက်တဲ့ အလုပ်ကို နားလည်သဘောပေါက်ပြီး အလေးအနက်ထားဆောင်ရွက်ရပါမယ်။

တာဝန်ဆိုတာ ဘယ်လိုလုပ်မယ်၊ ဘာပြီးရင်ဘာလုပ်မယ်၊ တာဝန်လစ်ဟင်းသွားလို့ လုပ်ငန်းမထိခိုက်အောင် ဘယ်လိုလုပ်မယ်ဆိုတာ လုပ်ငန်းအတွေ့အကြုံတွေနဲ့ဆင်ခြင်ပြီး တာဝန်ကျေပွန်အောင်လုပ်ဆောင်မယ်ဆိုတာက အခြေခံအကျဆုံးပါပဲ။ တာဝန်ပမာဏကြီးမားလာတာနဲ့အမျှ တစ်ဦးကောင်း တစ်ယောက်ကောင်း အစွမ်းပြလုပ်တာထက် တာဝန်တွေကိုခွဲဝေဆောင်ရွက်တာက အကောင်းဆုံး ဖြစ်ပါတယ်။

တာဝန်ကျေပွန်အောင် ထမ်းဆောင်ခြင်းဟာ တာဝန်ထမ်းဆောင်သူရဲ့ ဘဝတန်ဖိုးကို မှတ်ကျောက်တင်ခံရတာဖြစ်ပါတယ်။ သူရဲ့အရည်အချင်းနဲ့ဂုဏ်သိက္ခာကို မြင့်မားစေပါတယ်။ အများရဲ့ယုံကြည်လေးစားမှုကိုလဲခံရပါတယ်။ တာဝန်မကျေပွန်သူကတော့ အထင်သေးခံရပြီး သူရဲ့တိုးတက်မှုကို ထိခိုက်နှောင့်နှေးစေပါတယ်။

**စေတနာထားမှု**

ဘယ်လိုအလုပ်မျိုးကို လုပ်ကိုင်သည်ဖြစ်စေ အလုပ်အပေါ်မှာ မှန်ကန်တဲ့စေတနာထပ်ပေါင်းပြီးလုပ်မယ်ဆိုရင် အဲဒီအလုပ်ရဲ့ တန်ဖိုးလဲမြင့်တက်စေပါတယ်။ အလုပ်တစ်မျိုးထဲမှာ အတူတူလုပ်ကြတာတောင် စေတနာပါတာနဲ့ စေတနာနည်းတာယှဉ်ကြည့်ရင် စေတနာပါတဲ့အလုပ်က အရည်အသွေးပိုကောင်းတာကိုတွေ့ကြရပါတယ်။ စေတနာဆိုတာ စေ့ဆော်တိုက်တွန်းတတ်သောတရား၊ သူတစ်ပါးအကျိုးကို လိုလားသောသဘောတရားလို့ မှတ်သားဖူးပါတယ်။ စေတနာကောင်းလျှင် ကံကောင်းမည်ဆိုတဲ့စကားလို ကာယကံ၊ ဝစီကံ၊ မနောကံ အလုပ်သုံးပါးစလုံးမှာ အများကိုကောင်းကျိုးဖြစ်စေမဲ့ မှန်ကန်တဲ့စေတနာကိုထည့်ပေါင်းပြီး လုပ်ကိုင်လိုက်ရင် ကောင်းကျိုးတွေရရှိပါမယ်။ စေတနာနဲ့ပြုသူဟာလဲ စေတနာရဲ့အကျိုးကို ပြန်လည်ခံစားခွင့်ရတတ်ပါတယ်။

အလုပ်ရဲ့သဘောဟာ ကျယ်ပြန့်တယ်၊ တာဝန်ကြီးတယ်၊ သိမ်မွေ့တယ်၊ အချိန်မီပြီးစီးဖို့လိုတယ်၊ အချိန်အတိအကျပြီးစီးဖို့လိုတယ်ဆိုတဲ့ အခြေအနေတွေကြောင့် ဘယ်အလုပ်ကိုပဲလုပ်လုပ် အသေးအဖွဲ့သဘောမထားဘဲ အလေးအနက်ထားပြီး စေတနာတွေဖြည့်စွက်လုပ်ကိုင်ကြဖို့လိုပါတယ်။

> ❖ နိုင်ငံ့ဝန်ထမ်းဆိုတာ နိုင်ငံတော်ရဲ့ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားရေး၊ ဥပဒေရေးရာနဲ့ လုပ်ငန်းစစ်ဆေးရေး စတဲ့လုပ်ငန်းတွေကိုလုပ်ကိုင်ဖို့ တာဝန်ပေး ခန့်အပ်ထားသူတွေဖြစ်ကြပါတယ်။ နိုင်ငံ့ဝန်ထမ်းပဲဖြစ်ဖြစ်၊ အခြားအဖွဲ့အစည်း၊ အသင်းအဖွဲ့၊ ကုမ္ပဏီ စတဲ့လုပ်ငန်းတွေမှာ လုပ်ကိုင်နေတဲ့ဝန်ထမ်းဖြစ်ဖြစ် မိမိသဘောဆန္ဒအလျောက် ဝန်ထမ်းတစ်ယောက်ဖြစ်ပြီဆိုရင် ပေးအပ်တဲ့လစာငွေခံစားပြီး ပေးအပ်တဲ့လုပ်ငန်းတာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။ လုပ်ငန်းတာဝန်တွေကျေပွန်ဖို့အတွက် ရှိသင့်တဲ့အရည်အချင်းတွေပြည့်စုံအောင် လိုက်နာကျင့်ကြံကြရမှာ ဖြစ်ပါတယ်။ ❖

**စည်းကမ်းလိုက်နာမှု**

ဝန်ထမ်းတစ်ဦးဟာ ဝန်ထမ်းစည်းကမ်း၊ လုပ်ငန်းခွင်စည်းကမ်းတွေကို တိတိကျကျလိုက်နာကြရတဲ့အပြင် သာမန်ပြည်သူတွေလိုပဲ နိုင်ငံတော်ကပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ စည်းကမ်းတွေကိုလဲ လိုက်နာကျင့်ကြံကြရပါတယ်။ စည်းကမ်းဆိုတာ မွန်းကျပ်အောင်ထိန်းချုပ်ထားတာမဟုတ်ပါ။ မိမိအပါအဝင် အများပြည်သူလွတ်လပ်ပျော်ရွှင်စွာ သွားလာစားသောက်နေထိုင်နိုင်ဖို့ လိုက်နာရအောင် ချမှတ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် ဝန်ထမ်းတွေအနေနဲ့ စည်းကမ်းလိုက်နာမှုမှာ သာမန်ပြည်သူတွေထက် စံပြနမူနာပြဖြစ်အောင် လိုက်နာနေထိုင်ကြရပါမယ်။

**ဆက်ဆံရေးကောင်းမွန်မှု**

လူ့သဘာဝအရ တစ်ဦးတည်းနေလို့မရပါ။ လူအချင်းချင်း၊ လူနဲ့ပတ်ဝန်းကျင် နေ့စဉ်ထိတွေ့ဆက်ဆံနေကြရပါတယ်။ ဝန်ထမ်းဆိုတာ နိုင်ငံတော်ရဲ့ကိုယ်စား၊ အဖွဲ့အစည်းရဲ့ကိုယ်စား ပြည်သူတွေရဲ့အရေးကိစ္စတွေကို လုပ်ကိုင်ဆောင်ရွက်ပေးကြရသူတွေဖြစ်တာကြောင့် ပြည်သူတွေနဲ့ ဆက်ဆံရေးကောင်းမွန်ဖို့ဟာ အင်မတန်အရေးကြီးပါတယ်။

ပြည်သူနဲ့ဆက်ဆံရေး သဘောသဘာဝတွေကို နားလည်သဘောပေါက်ပြီး အများပြည်သူတွေကို မိမိတို့ရဲ့ကျေးဇူးရှင်တွေအဖြစ်ခံယူပြီး ဝန်ဆောင်မှုတွေပေးကြရမှာဖြစ်ပါတယ်။ ပြည်သူတွေနဲ့ထိတွေ့ဆက်ဆံနေကြရတဲ့ ရုံးဌာနတွေ၊ အဖွဲ့အစည်းတွေက ဝန်ထမ်းတချို့ဟာ ပြည်သူတွေရဲ့ အရေးကိစ္စတွေကိုဆောင်ရွက်ပေးကြရာမှာ ငါလုပ်ပေးမှဖြစ်တာပါဆိုတဲ့အချိုးနဲ့ လိုရင်တစ်မျိုး၊ မလိုရင်တစ်မျိုး ပြုမူတာမျိုးတွေကို ရှောင်ကြဉ်ကြရပါမယ်။ ပြည်သူအပေါ် ဝန်ထမ်းတစ်ဦးရဲ့ဆက်ဆံမှုဟာ မိမိအပါအဝင်၊ မိမိဌာန၊ အဖွဲ့အစည်းနဲ့ နိုင်ငံတော်အဆင့်ထိပါ တန်ပြန်သက်ရောက်မှုရှိတာမို့ ဆက်ဆံရေးကို အလေးထားကြရမှာဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရပါက ဝန်ထမ်းဆိုတာ မိမိတတ်မြောက်ထားတဲ့ အသိပညာ၊ အတတ်ပညာကို စိုက်ထုတ်ပြီး မိမိစားဝတ်နေရေးအတွက် မိမိဆန္ဒနဲ့ လုပ်ငန်းခွင်တစ်ခုခုကို ဝင်ရောက်လုပ်ကိုင်သူတွေဖြစ်ကြပါတယ်။ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံတော်ကိုကိုယ်စားပြုပြီး ပြည်သူတစ်ရပ်လုံးကို ဝန်ဆောင်မှုပေးကြသူတွေဖြစ်ပါတယ်။ အထက်မှာတင်ပြခဲ့တဲ့ ဝန်ထမ်းတွေ လိုက်နာကျင့်ကြံသင့်တဲ့ အချက်အလက်တွေကို အတတ်နိုင်ဆုံး လိုက်နာကျင့်သုံးကြဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒီအချက်တွေဟာ ပြည့်စုံမှုမရှိသေးပါ။ အချက်အလက်များစွာ ကျန်ရှိနေနိုင်ပါသေးတယ်။

နိုင်ငံတော်အနေနဲ့ လက်ရှိကာလမှာ အခက်အခဲတွေကြားက နိုင်ငံ့ဝန်ထမ်းတွေရဲ့အရေးကို အလေးအနက်ထားပြီး ဆောင်ရွက်ပေးသင့်တာတွေကို ဆောင်ရွက်ပေးနေပါတယ်။ ရာထူးကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဝန်ထမ်းကောင်းတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်နိုင်ဖို့နဲ့ အများပြည်သူရဲ့အကျိုးတွေကို သယ်ပိုးဆောင်ရွက်ပေးနိုင်သူတွေအဖြစ်နဲ့ နိုင်ငံတော်အတွက် ထမ်းရွက်ကြရမှာဖြစ်ပါတယ်။ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုစကားလို ဝန်ထမ်းတွေဟာ မိမိစားဝတ်နေရေးအတွက် အလုပ်လုပ်ရင်း အများပြည်သူအကျိုးတွေကို လုပ်ပေးနေကြတဲ့သူတွေဖြစ်ပါတယ်။ ဝန်ထမ်းတွေရဲ့ နိုင်ငံချစ်စိတ်နဲ့ အားထုတ်ကြိုးပမ်းဆောင်ရွက်မှုတွေဟာ နိုင်ငံတော်နဲ့ ပြည်သူတွေအပေါ် အကျိုးသက်ရောက်ပါလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

**ကိုးကား**

– **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊**
**နိုင်ငံ့ဝန်ထမ်းဥပဒေ**
**ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅)၊**
**၂၀၁၃ခုနှစ်၊ မတ်လ ၈ရက်**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်း လျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၈-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၁၆-၃၀၃၃၁၊ ၀၁၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

### COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



### COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

### COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

### COVID-19 ရောဂါသံသယဖြစ်ဖွယ်လက္ခဏာများ

လွန်ခဲ့သည့်(၁၄)ရက်အတွင်း ရောဂါကူးစက်ပြန့်ပွားနေသည့်နိုင်ငံများသို့ ခရီးသွားခဲ့ခြင်း(သို့မဟုတ်) ကိုရိုနာဗိုင်းရပ်ရောဂါ (COVID-19)ဖြစ်ပွားသည်ဟု အတည်ပြုခြင်းခံရသူနှင့် အတူနေထိုင်ခဲ့ခြင်းတို့ရှိခဲ့ပြီး ဖျားခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀ ဒသမ ၄ ဖာရင်ဟိုက်နှင့်အထက်ရှိခြင်း) ချောင်းဆိုးခြင်း။ အသက်ရှူရခက်ခဲခြင်း။ အားအင်ကုန်ခန်းခြင်း။

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့်ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UIDလုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာလူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၈-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၃၀ | ၂၇၁၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | ၂၈၂၀ | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၃၅ | ၂၇၄၅ | ၃၀၅၅ | ၄၀၅၀ |
| 95 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၄၀ | ၂၉၇၀ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၆၅ | ၃၂၇၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၃၆၅ | ၂၄၄၅ | ၂၄၂၀ | ၂၃၇၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၇၀ | ၂၄၂၅ | ၂၅၅၅ | ၂၅၈၅ | ၂၄၃၀ | ၂၄၄၅ | ၂၄၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၈၉၀ | ၄၀၅၀ |
| HSD (50 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |
| HSD (10 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၇ | ၂၅၇၀ |
| 95 Ron | ၂၆၀၃ | ၂၆၈၉ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၆၂၄ | ၂၇၀၆ |
| HSD (10 ppm) | ၂၆၂၄ | ၂၇၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၇၁၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**








**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

COVID-19 ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်ရန်နှင့် ကိုယ်ခံအားကောင်းမွန်နေစေရန် ဗီတာမင်စီ ပြည့်ဝစွာပါဝင်သည့် အသီးအနှံများကို စားသုံးသင့်သည်။ (လိမ္မော်၊ စတော်ဘယ်ရီ၊ ကီဝီ··· စသည်)



**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီး တိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်းကြေညက်စေသည်။



**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နံနက်စာစားပြီး နောက်ပိုင်းနှင့် နေ့လယ်စာမတိုင်မီကြားကာလတွင် မုန်လာဥနီဖျော်ရည် ၃၀၀ မီလီလီတာခန့် သောက်ပေးပါက အဆုတ်သွေးကြောထဲရှိသွေးများကို အယ်ကာလီဓာတ်ပြုစေပြီး အဆုတ်သန့်စင်စေသည်။



## ကန့်ကွက်လွှာခေါ် ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့၊ ကွင်း/အကွက်အမှတ် E-၃၆မြေပေါ်တွင် ဒေါ်အေးသီရိအောင်(၁၂/ထတပ(နိုင်)၀၇၆၅၂၉) ကိုင်ဆောင်သူမှ (အလျား ၁၄၀'-၀"၊ အနံ ၅'-၆")ရှိ အုတ်ဝန်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံကာရံခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ် ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့ရပ်ကွက်။ ကွင်း/အကွက်အမှတ် E-18 မြေကွက်ပေါ်တွင် ဒေါ်အိမြကျော် (အမ) ဒေါ်ခိုင်ဝါဝါထွန်း(၉/မခန(နိုင်)၂၀၅၉၂၈)ကိုင်ဆောင်သူမှ (အလျား ၂၄'-၀"၊ အနံ ၃၀'-၀")၊ RC (၂)ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အမည်ပြောင်း

စစ်ကိုင်းမြို့၊ အ. ထ. က (၃)၊ Grade-3(B)ခန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးသန်းဇော်အောင် (၅/ကလတ(နိုင်)၀၀၁၇၂၇)၏သား မောင်မြတ်မင်းခန့် အား မောင်သော်ဇင်ခန့် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သော်ဇင်ခန့်**

## ကန့်ကွက်လွှာခေါ် ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၃၃)၊ ဦးပိုင်အမှတ်(၁၃၇)၊ ဧရိယာ(၀. ၀၆၅)ဧကရှိ မြေကွက်ပေါ်တွင် ဒေါ်ခင်သန္တာ (၉/မခန(နိုင်)၃၄၂၇၅၃) ကိုင်ဆောင်သူမှ (အလျား ၂၅'-၀"၊ အနံ ၂၀'-၀")၊ Steel Structure (၁)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုမိန့် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အ. ထ. က(ရွှေတုတ်ကုန်း)၊ Grade-11 တွင် ပညာသင်ကြားနေသော မလှဲ့ရည်ဖူး၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဇင်မျိုးထွန်း ဖြစ်ပါကြောင်း။

**ဦးဇင်မျိုးထွန်း (၉/သစန(နိုင်)၁၉၄၇၃၆**

## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အ. ထ. က(ရွှေတုတ်ကုန်း)၊ Grade-11 တွင် ပညာသင်ကြားနေသော မစန္ဒာလင်း၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကျော်ရွှေ ဖြစ်ပါကြောင်း။

**ဦးကျော်ရွှေ(၉/သစန(နိုင်)၀၂၀၉၄၆)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဧည့်ပြ အ. ထ. က(ခွဲ)ကျောင်းတွင် ပညာသင်ကြားနေသော Grade-12 မှ မပိုပိုဇင် ၏ဖခင်အမည်မှန်မှာ ဦးတင်ဆန်း (၉/စကတ(နိုင်)၀၉၉၅၂၀) ဖြစ်ပါကြောင်း။

**ဦးတင်ဆန်း(၉/စကတ(နိုင်)၀၉၉၅၂၀)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မြန်မာပညာအကယ်ဒမီကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မအိမ့်လေပြေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်မျိုးဟိန်း ဖြစ်ပါကြောင်း။ **ဦးအောင်မျိုးဟိန်း(၅/ယမပ(နိုင်)၀၃၄၀၁၄)**

## စာအုပ်စာပေ လှူမိတ်ဆွေ

❖ “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဆိုသည့်အတိုင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားအားလုံး၏ အားပေးထောက်ခံမှုနှင့် တပ်မတော်နှင့်ပြည်သူ တစ်သားတည်းရပ်တည်မှုတို့သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှုတစ်ရပ်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာလက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award) မြန်မာနိုင်ငံက လက်ခံရရှိ

**နေပြည်တော် ဇူလိုင် ၃၁**

အာဆီယံဒေသတွင်း ဆေးလိပ်ငွေ့ကင်းစင်စေရန်ရည်ရွယ်၍ အရှေ့တောင်အာရှ ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေးမိတ်ဖက်အဖွဲ့ (South East Asia Tobacco Control Alliance)နှင့် အာဆီယံအတွင်းရေးမှူးအဖွဲ့ရုံးတို့ပူးပေါင်းဆောင်ရွက်သည့် အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award)အစီအစဉ်ကို ၂၀၂၂ ခုနှစ် မေ ၁၃ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပဆောင်ရွက်ခဲ့သော (၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် စတင်မိတ်ဆက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့သည်။

**စာမျက်နှာ ၂၀ ကော်လံ ၁**

## ပြည်ပမှ စက်သုံးဆီများ ပုံမှန်တင်သွင်းသိုလှောင်ဖြန့်ဖြူးလျက်ရှိသဖြင့် ပြတ်လပ်မှုမရှိနိုင်




**နေပြည်တော် ဇူလိုင် ၃၁**

ဇူလိုင်လလယ်ခန့်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းပြီး ဒေသအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေခြင်းကြောင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် သီလဝါဆိပ်ကမ်းဒေသရှိ Terminal များ၏ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများ အနည်းငယ် နှောင့်နှေးကြန့်ကြာခြင်း၊ သယ်ယူပို့ဆောင်ရာတွင်လည်း လမ်းခရီးအခြေအနေများအရ အချို့ဒေသများသို့ ဆီတင်ယာဉ်ရောက်ရှိရန် အချိန်အနည်းငယ်ကြန့်ကြာခြင်းတို့ကြောင့် အရောင်းဆိုင်အချို့တွင် ဆီတင်ယာဉ်မရောက်မီ စက်သုံးဆီအမည်အချို့ ယာယီပြတ်လပ်မှု မဖြစ်ပေါ်စေရေး စနစ်တကျစိစစ်ထိန်းသိမ်း ရောင်းချစေလျက်ရှိသည့်အပြင် လိုအပ်ပါက Urgent အစီအစဉ်ဖြင့် ဖြည့်တင်းပေးခြင်း၊

**စာမျက်နှာ ၂၂ ကော်လံ ၁** ☆

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊NUG၊PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


**MYAWADDY TRADING LIMITED**





ပို့ကုန် — လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် — စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257